
www.burmeseclassic.com



# အာသောက မင်းတရားကြီး အတ္ထုပ္ပတ္တိ

သံတွဲမောင်




# Ashoka the Great

တတိယအကြိမ်

MYAT THINN

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၅၀၃၀၅၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၆၃၅၀၆၁၀
ထုတ်ဝေသည့်ကာလ - ၂၀၁၀ ခုနှစ်၊ အောက်တိုဘာ
ပုံနှိပ်ခြင်း - ပထမအကြိမ်
မျက်နှာဖုံးရိုက် - မိုးကျော်ပုံနှိပ်တိုက်
ပုံနှိပ်သူ - ဒေါ်မိမိလှိုင်
(မိုးကျော်) ပုံနှိပ်တိုက်
ထုတ်ဝေသူ - ဒေါ်မိမိလှိုင်
အမှတ် ၁၂၉/၂
မီးဒုန်းလမ်းသွယ် (၄)
သုဝဏ္ဏ၊ ရန်ကုန်မြို့။
ဖုန်း - ၇၀၄၂၉၇
၃၈၉၅၅၈
တန်ဖိုး - (၅၀၀) ကျပ်

သံတွဲမောင်
၆၂၃.၁
အာသောကမင်းတရားကြီး အတ္ထုပ္ပတ္တိ/သံတွဲမောင်။ -ရန်ကုန်၊
မိုးကျော်စာပေ၊ ၂၀၁၀။
၂၀၇ - စာ၊ ၁၅ x ၈.၈ စင်တီ။
(၁) အာသောကမင်းတရားကြီး အတ္ထုပ္ပတ္တိ။

www.burmeseclassic.com

www.burmeseclassic.com

သံတွဲမောင်

# အသောကမင်းတရားကြီး
# အတ္ထုပ္ပတ္တိ

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

BURMESE CLASSIC

အသောက မင်းတရားကြီး အဋ္ဌုပ္ပတ္တိနှင့် ကမ္ပည်းကျောက်စာတော်စာအုပ်ကို မြန်မာနိုင်ငံအစိုးရတို့၏ ပညာရေးဌာနမှ ကျောင်းအသုံးအဖြစ် ဆက်လက်ပြဋ္ဌာန်းလိုက်သည့်အတိုင်း ထပ်မံပြင်ဆင်ပြီးလျှင် အသစ်ရိုက်နှိပ်ထုတ်ဝေရသည်ဖြစ်ရာ ဤစာအုပ်ကို ဖတ်ရှုခြင်း အားဖြင့် ကျောင်းသားသူငယ်များမှာ ပညာဗဟုသုတတို့နှင့် ပြည့်စုံရုံသာမက ရှေးဟောင်းစာပေနှင့် ကမ္ပည်းကျောက်စာများတွင်လည်း အာရုံဝင်စားကာ စူးစမ်းရှာဖွေလိုသောစိတ်ပေါ်ပေါက်လာကြစေရန် စိမ်းလမ်းခင်းပေးခြင်းဖြစ်၏။ သို့ဖြစ်သည့်အတိုင်း ဤစာအုပ်ကို ရေးသားသူမှာ မိမိ၏ ရည်ရွယ်ရင်းသို့ရောက်သည်ဆိုလျှင် ရေးရကျိုးနပ်ပြီဟူ၍ မှတ်ယူမည်ဖြစ်ပေသတည်း။

သံတွဲဆေးဆိုင်
ရန်ကုန်မြို့

၁၉၄၈ ခု မတ်လ ၁၅ ရက်။

www.burmeseclassic.com

www.burmeseclassic.com



## ဝိုင်-အမ်-ဘီ-အေ မြန်မာစာပေတိုးတက်ရေးအဖွဲ့မှ ရွေးချယ်သော စာအုပ်၊ အမှတ် -၁။

## မြန်မာစာပေတိုးတက်ရေး

ကွင်းပြင်ကြီးတစ်ခုတွင် တွေ့ရသော ကြေးနီပြားလောက်သာ ရှိသည့် အိုးခြမ်းပဲ့တစ်ခုသည် စဉ်းစားဉာဏ်၊ စူးစမ်းဉာဏ်-ဝေဖန်ဉာဏ်ရှိသူတစ်ယောက်အတွက် ရာဇဝင်တစ်စောင်ဖြစ်နိုင်လေသည်။ ဟင်းအိုး၏ အပဲ့လော၊ ဘယ်တုံးကပေါ်သော ဟင်းအိုးနည်း၊ ထိုစဉ် အခါက ဘယ်လိုဟင်းချက်ကြသနည်း၊ အ . . . ဟာ . . . ဟင်းအိုးမှာ ပန်းရစ်ကလေးပါသေးသည်၊ ရှေးက -အိုးဖုတ်သမားတွေ၊ လက်ရာ ပြောင်လှချေကလား၊ အိုးကွဲကား၊ ကျောက်လိုပင် မာကျောပါကလား၊ အိုးလုပ်သည့်မြေကောင်းလှ၏။ သည်အိုးလုပ်သောမြေကို ဘယ်ကရသနည်း၊ တရုပ်ပြည်ကများ ဝယ်ယူရသလော၊ တစ်ပြည်နှင့် တစ်ပြည် ကုန်သွယ်ခဲ့ကြသလား စသည်ဖြင့် တွေးမိတိုင်း မေး၊ မေးမိတိုင်း အဖြေရ၏။ ပေါ်သောအဖြေကို ဝေဖန်စိစစ်၍ ယုတ္တိယုတ္တာနှင့် ရှာသောအခါ အိုးခြမ်းပဲ့မှ ရှေးဟောင်းရာဇဝင် ထွက်လေသည်။

အိုးခြမ်းပဲ့သည် ဤမျှသော ရာဇဝင်ကို ပြောပြနိုင်လျှင် အသောကမင်းတရားကြီး၏ ပြိုပျက်နေသော အဆောက်အဦများ နန်းတော်ရာများ၊ ကောင်းမှုကုသိုလ်တော်များ၊ စေတီပုထိုးများ၊ ကျောက်စာများသည် ၎င်းအသောကမင်းတရားကြီး၏ ရာဇဝင်ကို

www.burmeseclassic.com



အာဘွာယ်မှု စုံလင်စွာ ပြောနိုင်မည်နည်း။ သို့သော် ၎င်းတို့ပြောပြသည်ကို စဉ်းစားဉာဏ်၊ စူးစမ်းဉာဏ်၊ ဝေဖန်ဉာဏ်ရှိသူတို့သာလျှင် နားလည်နိုင်ကြပေမည်။ ကျွန်ုပ်တို့မြန်မာပြည်၌ ထိုသို့ ဉာဏ်အရည်ပြောင်သူ နည်းပါး၏။ အရည်သွေးနိုင်အောင် လေ့ကျင့်ရာနေရာပေးသော စာပေလည်း နည်းပါးလှပေ၏။ ကျွန်ုပ်တို့သည် ဤ "အသောကမင်းတရားကြီး အတ္ထုပ္ပတ္တိနှင့် ရာမ္မည်းကျောင်းစာတော်များ" စာအုပ်ကို ရွေးချယ်ခြင်းဖြင့် မြန်မာစာပေ၌ အရည်သွေးနိုင်အောင် လေ့ကျင့်ရာနေရာ တည်ထွင်ပေးခြင်းပင်ဖြစ်ပေသည်။

+++

ယခုအခါ ကျွန်ုပ်တို့သည် မြန်မာစာပေတိုးတက်ရေးအတွက် စီမံကိန်းအမျိုးမျိုး ထုတ်လျက်ရှိ၏။ အလုပ်လုပ်ရန်လည်း စိုင်းပြင်းနေကြပေသည်။ ဤအသောကမင်းတရားကြီး အတ္ထုပ္ပတ္တိကား ကျွန်ုပ်တို့ စိုင်းပြင်းမှု၏ လက်ဦးဆုံးသော အသီးအနှံပင်ဖြစ်ပါသတည်း။

သိန်းဖေ (တက်ဘုန်းကြီး)

စေတ်ပြောသူ

ရန်ကုန်မြို့ မြန်မာစာပေတိုးတက်ရေးအဖွဲ့

၁၈-၇-၁၉၃၉။ ဝိုင်-အမ်-ဘီ-အေအသင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



## အချီးစကား

ရှေးဟောင်းကမ္ပည်းကျောက်စာများ၏ အဘိုးတန်ပုံ၊ ရာဇဝင် ဗဟုသုတစသည်တို့နှင့် ပြွမ်းပုံတို့ကို မရိပ်မိ မသိရှိကြမီ ရှေးကာလ၌ ပါဠိစာပေ လိုက်စားသူတို့သည် ပိဋကတ်မှပြင်ပဖြစ်သော ခရစ် သက္ကရာဇ်လေးရာတွင် သာသနာနှစ် နှစ်ရာလောက်က ပါဠိဘာသာဖြင့် ရေးအပ်သော သီဟိုဠ်ကျွန်းရာဇဝင်ဟု ဆိုအပ်သော ဒီပဝံ၊ သို့မဟုတ်၊ ဒီပဝံသာ စာတမ်း၌၎င်း၊ ခရစ်သက္ကရာဇ် ခြောက်ရာတွင် သာသနာနှစ် တစ်ထောင်ကျော်မှလောက်က ပါဠိဘာသာ ဖြင့်ပင် ရေးသားစီကုံးအပ်သော မဟာဝံသ မဟာဝင်ကျမ်း၌၎င်း၊ လာရှိသည့် သိရိဓမ္မာသောက အတ္ထုပ္ပတ္တိ အကျဉ်းမျှလောက်ကိုသာလျှင် ဖတ်ရှုကြရပြီးသော် ဓမ္မာသောကမင်းကြီးနှင့်ဆိုင်ရာ ထိုဝင်နှစ်ဝင်စာစောင်၌ လာသော ဗဟုသုတတို့ဖြင့်သာ တင်းတိမ်ရောင့်ရဲကြရလေသည်။

မြန်မာပြည်၌ကား မြန်မာစာပေကိုသာလျှင် တတ်မြောက် လိုက်စားသူတို့အဖို့ အင်းဝခေတ် ရွှေနန်းကြော့ရှင်လက်ထက်၊ ပေလေးပင် ရှင်လေးပါး၊သိုက်ဝင် ရှင်သီလဝံသပုဂ္ဂိုလ်သည် ရာဇဝင်ကျော်ကို ရေးဆိုခဲ့ရာ ၎င်းမဟာသမ္မတဝံသကျမ်းလည်းခေါ် ရာဇဝင်ကျော်ကျမ်း၌ အိန္ဒိယရာဇဝင်နှင့်၊ သီဟိုဠ်ကျွန်းရာဇဝင်တို့အတွက် ဒီပဝင်မဟာဝင်ကျမ်းများမှ ဘာသာပြန်ပြီး ထည့်သွင်းထားရကား ထိုအင်းဝခေတ် အခါကပင် မြန်မာစာသက်သက်တတ်သူ မြန်မာများသည် ဓမ္မာ သောကမင်းကြီး၏ အတ္ထုပ္ပတ္တိကို သိတန်သလောက် သိရှိကြပြီး ဖြစ်ချေသည်။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော အနှစ်၁၈၀ဆယ်ကျော်လောက်က ဗိုလ်တွဲပတာ သနီ စွယ်စုံကျော်ထင် အဖြေအံ့ဖွယ်ရှိသော ကျမ်းပေါင်းများစွာတို့ကို ရေးသားခဲ့သော ရွှေတောင်ကျီးသဲလေးထပ် ဆရာတော်ဘုရားသည် သာယာနာပျော်ဖွယ်သော မြန်မာစကားပြေဖြင့် မဟာဝင်ဝတ္ထုဟူသော အမည် တပ်ကာ မဟာဝင်ပါဠိကျမ်းကြီးကို ဘာသာပြန်ဆိုခဲ့လေသဖြင့် သီဟိုဠ် ကျွန်းသားများနှင့် အခြားပါဠိတတ် လူမျိုးများကဲ့သို့ပင် မြန်မာလူမျိုး များလည်း အိန္ဒိယရာဇဝင်၊ သီဟိုဠ်ရာဇဝင်တို့၌ ကျမ်း ကျင်လာကြပြီးသော် ဓမ္မာသောကမင်းကြီး အကြောင်းကို သိတန်သမျှ သိကြရလေကုန်၏။

အိန္ဒိယပြည်တွင် ရှေးဟောင်းပစ္စည်း ကမ္ပည်းကျောက်စာ စသည်တို့ကို ရှာဖွေစုဆောင်းခြင်း၊ စောင့်ရှောက်လိုက်စားခြင်းတို့ကို အင်္ဂလိပ်အစိုးရတို့ အားပေးသမှု ပြုစုပျိုးထောင်ခဲ့သည်မှာ နှစ်ပေါင်း တစ်ရာကျော်လွန်ခဲ့ချေပြီ။ ခရစ်နှင် ၁၉၀၂ ခုနှစ်မှ စ၍ လော့ဒ်ကာဇင်လျှင်ဘွဲ့မည်တွင်သော အိန္ဒိယဘုရင်ခံချုပ်၏ အထူး စိတ်ရောကိုယ်ပါ ချီးမြှင့်ခြင်းကြောင့် ဆာဂျွန်မာရှယ်အမှူးရှိသော ကျောက်စာဝန်အရာရှိကြီးငယ်တို့သည် တစ်နှစ်ထက်တစ်နှစ် အားကြိုးမာန်တက် မိမိတို့ဆိုင်ရာ အသီးသီးသော တာဝန်များစွာတို့ကို ဆောင်ရွက်ကြခြင်းဖြင့် ဓမ္မာသောကမင်းကြီး ကမ္ပည်းထိုးခဲ့သော ကျောက်ဆောင်၊ ကျောက်ချပ်၊ ကျောက်တိုင်ကြီးများအပြင် အခြားသော မင်းတို့၏ကျောက်ပြားထက် ကမ္ပည်းစာ ကြေးပြားထက် ကမ္ပည်းစာ များစွာတို့ကို ရှာဖွေတူးဖော်၍ တွေ့ရှိလာခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုံဘိုင်နယ် တစ်နည်တည်းနှင့်ပင် ရွာပေါင်း ၁၅၄၀ ကို မွှေနှောက်ရှာဖွေသည့်တွင် ကျောက်စာပေါင်း ၁၆၀၀ ကို တွေ့ရှိစုဆောင်းမိလေသည်။ အိန္ဒိယတောင်ပိုင်း မဒရပ်နယ် တစ်နယ်တည်းတွင် လွန်ခဲ့သည့် ၁၈ နှစ်အတွင်း ကျောက်စာပေါင်း ၅၄၀၀ တို့ကို ရှာဖွေစုဆောင်းပြီးသော် အက္ခရာပြန်ခြင်း၊ ဘာသာပြန်ခြင်း ပြုလုပ်၍ ပုံနှိပ်ပြီးဖြစ်လေပြီ။

ထိုသို့ ကျောက်စာဝန်တို့ရှာဖွေတွေ့ရှိသော ကမ္ပည်းကျောက်စာများစွာတို့အနက် အိန္ဒိယပြည် မောရိယခေတ် ရာဇဝင်အတွက် လွန်စွာအဖိုးတန်ပြီးလျှင် အရေးပါအရာရောက်သော ကျောက်စာမူကား၊ ခရစ်သက္ကရာဇ် ၁၉၁၄-၁၅ ခုနှစ်တွင် နိဇာမ်ပိုင် ဟိုက်ဒရဗတ် နယ်ရှိ မတ်စကိုတောင်ကုန်းပေါ်မှ ရှာဖွေ ရရှိသော ကျောက်စာပေတည်း။ အသောကရာဇာ၏ များလှစွာသော ကျောက်စာတို့၌ ဒေဝါနံ ပိယောပိယဒဿီရာဇာဖြင့်သာလျှင် မိမိ၏ ဘွဲ့နာမံကို ဖော်ပြရာ ဤကျောက်စာငယ်တစ်ချပ်၌ကား ဘုရင်မင်းမြတ်၏ "အသောက" ဟူသော အမည်ကိုရင်း၊ "ပိယဒဿီ" ဟူသောအမည်ကိုရင်း နှစ်မည်စလုံးကို ဖော်ပြထား၏။ ထို့ကြောင့်လည်း ဒေဝါနံပိယ ပိယဒဿီဘွဲ့မည်နှင့် ထိုးထားသမျှ ကမ္ပည်းစာတို့ကို အသောက ကျောက်စာဟု တစ်ထစ်ချ မှတ်ယူနိုင်တော့လေသည်။

အသောကမင်းကြီး၏ ကမ္ပည်းတို့တွင် ဘုရင်မင်းမြတ်ကိုယ်တိုင် ထုတ်ဆင့်သော အမိန့်တော်များလာရှိသည်မှတပါး မိမိ၏ နယ်

www.burmeseclassic.com

www.burmeseclassic.com



စပ်ရှိ ကျောက်ဆောင်ကြီးများပေါ်၌ ထိုးထားသည့်အပြင် သာသနာနှင့် ဆိုင်ရာ များစွာမွန်မြတ်သော ဌာနတုဆိုအပ်သော အရပ်ကြီးရှစ်ပါး ဖြစ်သည့် ဘုရားမြတ်စွာဖွားမြင်ရာ လုမ္ဗိနီသာမောအင်ကြင်းတော၌၎င်း၊ တရားဦးဟောရာ ဣသိပတနမိဂဒါဝုန်တော၌၎င်း၊ မြတ်စွာဘုရား တာဝတိံသာ နတ်ပြည်မှ ဆင်းသက်ရာ သ ... ... ယနဂိုရ်ပြည်၌၎င်း၊ ဤသို့အစရှိသော လွန်စွာသာသနာအတွက် အရေးကြီးသော ဌာနတို့၌ ကျောက်တိုင်စိုက်ကာ၊ ကမ္ပည်းစာများ ထိုးထားသောကြောင့် အိန္ဒိယ ရာဇဝင်ကို အမှန်အကန်သိအောင် လိုက်စားသူတို့အဖို့၎င်း၊ သာသနာမှု၌ ဂရုပြုသူတို့အဖို့၎င်း၊ အသောကကျောက်စာတို့သည် များစွာပင် အဖိုး မဖြတ်နိုင်သော ရတနာသဖွယ်ဖြစ်ကြလေသည်။

ထိုကျောက်စာများကို အခြေထားကာ အိန္ဒိယတိုင်းသား ပညာရှိများသည်၎င်း၊ အနောက်နိုင်ငံသားဖြစ်သော သုတရှင်တို့သည် ၎င်း၊ အိန္ဒိယရာဇဝင်ကျမ်းများကို ရေးသားသည့်အပြင် ဓမ္မာသောက မင်းကြီး၏ အတ္ထုပ္ပတ္တိကိုလည်း ကျမ်းကြီးကျမ်းငယ် အသွယ်သွယ် ဖြစ်အောင် ကြံဆောင်ရေးသားကြလေသည်။ ထိုကျမ်းတို့ကား အင်္ဂလိပ် ဘာသာစာဖြင့်၎င်း၊ အခြားအနောက်နိုင်ငံသားတို့၏ ဘာသာ စာဖြင့်၎င်း ရေးသားထားရကား၊ မြန်မာစာမျှတတ်ကြရှာသော မြန်မာ လူမျိုးတို့အတွက် အကျိုးမများကုန်၊ လွန်ခဲ့သည့် ၆၀းနှစ်လောက်တွင် ရှင်အာဒိစ္စဝံသဆရာတော်သည် ဓမ္မာသောက ကမ္ပည်းကျောက်စာများ တို့ မြန်မာလိုနိဿယပြန်ဆိုခဲ့သည်။

ယခုတစ်ဖန် သံတွဲမောင်ဟုသော ဘွဲ့အမည်ကို ဆောင်သော

www.burmeseclassic.com



ဦးထွန်းကြိုင်သည် အင်္ဂလိပ်ဘာသာဖြင့်ရေးသားအပ်သော အဆိုပါ ပညာရှိတို့၏ မူပိုင်ဖြစ်သော အသောက ထေရုပ္ပတ္တိ ကျမ်းများစွာတို့ မှလိုရာလိုရာ ကောက်နုတ်ကာယူငင်စုဆောင်းပြီးသော် လွယ်ကူ သော မြန်မာစကားပြေဖြင့် ဘာသာပြန်ဆိုရေးသားလိုက်လေသည်။ ဓမ္မာသောကကျောက်စာကမ္ပည်းများကိုလည်း အင်္ဂလိပ်ဘာသာဖြင့် အထက်ပါ ပညာရှိတို့ ဘာသာပြန်ထားရာမှ မြန်မာလိုဘာသာပြန်ပြီး သော် နောက်ဆက်တွဲသဘောဖြင့် ကျမ်း၏အဆုံး၌ထည့်သွင်းထား လေသည်။

မြန်မာစာသက်သက်ကိုသာလျှင် လိုက်စားနိုင်သော မြန်မာ အပေါင်းတို့အဖို့ကား ဤအသံတွဲမောင်ရေးသားအပ်သော အသောက မင်းတရားကြီး အတ္ထုပ္ပတ္တိသည် များစွာလိုလားအပ်သော စာတစ် စောင်ဖြစ်ပေသည်။ ဤကျမ်းကို ဖတ်ရှုမှတ်သားရသော ပုဂ္ဂိုလ်မှန် သမျှသည် ဓမ္မာသောကမင်းကြီးအုပ်စိုးပုံ၊ သာသနာပြုပုံ စသည်တို့ကို စုံလင်စွာ သိရှိရမည်ကား အမှန်ပင်တည်း။

ဤမျှဖြင့် အကျွန်ုပ်အား မန္တလေးမြို့နေ စတီးဘရားသား ကုမ္ပဏီတွင် အရေးပါအရာရောက်သူ အမှုတော်ထမ်းတစ်ဦးဖြစ်သော ဦးကျော်လှသည် ဤအတ္ထုပ္ပတ္တိအတွက် အချီးစကားရေးသားပါဟု အခါခါတိုက်တွန်းခဲ့သည့်အတိုင်း မဆိုင်းမတွ ရေးသားအပ်သော အချီး စကားကို အကျွန်ုပ်ရေးသားပြီးလျှင် ဤတွင် အဆုံးသတ်လိုက်ပါ သတည်း။

လူဖေဝင်း M.A.;

မြန်မာနိုင်ငံကမ္ပည်းကျောက်စာဝန်မင်း၊ မေမြို့။

www.burmeseclassic.com

## ကျမ်းပြုဆရာ၏ မှာတမ်း

ဤ "အသောကမင်းတရားကြီး အတ္ထုပ္ပတ္တိနှင့် ကမ္ဘည်း ကျောက်စာတော်" မှာ အိန္ဒိယနိုင်ငံအစိုးရတို့ ပုံနှိပ်ထုတ်ဝေသော ဒေါက်တာဟားနဲက်ရေးသားသည့် အသောကမင်းတရားကြီး၏ ကမ္ဘည်းကျောက်စာနှင့်တကွ ဒေါက်တာဗင်ဆင့်သမစ်၊ ဒေါက်တာမက္ကဖီး၊ ပရော်ဖက်ဆာဘန်ဒကား၊ ပရော်ဖက်ဆာမူကာဂျီတို့ ရေးသားသည့် အသောကမင်းတရားကြီးအကြောင်း စာအုပ်ပေါင်းများ စွာတို့မှ ကောက်နုတ်ရေးသားပြီးလျှင် စုပေါင်းစီရင်ထားသော စာအုပ်ဖြစ်၏။ မြန်မာနိုင်ငံတွင် အသောကမင်းတရားကြီး၏ အတ္ထုပ္ပတ္တိဟူ၍ မြန်မာ ဘာသာဖြင့် စုံစုံလင်လင်ရေးသားထားသော စာအုပ်တစ်အုပ်မျှ မရှိသေး ချေ။

သို့သော် မဟာဝင်ကျမ်းမှာမူ မြန်မာဘာသာဖြင့် ရှိသော်ငြား လည်း အသောကမင်းတရားကြီးအကြောင်းနှင့် စပ်လျဉ်း၍ အနည်း အကျဉ်း ထည့်သွင်းပါရှိပြီးလျှင် သားတော် ရှင်မဟိန္ဒ၊ သမီးတော် သင်္ဃမိတ္တာထေရီမတို့၊ လင်္ကာဒီပကျွန်းတွင် သာသနာပြုသည့် အကြောင်း၊ သီဟိုဠ်ကျွန်း ဒေဝါနံပိယတိဿ မင်းကြီးအကြောင်းတို့ ကိုသာ အကျယ်တဝင့်ချီးကျူးဖော်ပြထား၏။ ၎င်းပြင် ထိုမဟာဝင် ကျမ်းတွင်ပါရှိသောအကြောင်းအရာတို့မှာလည်း ဆိုခဲ့သော အနောက် နိုင်ငံ ပညာရှိတို့ ရေးသားသည့် စာအုပ်များပါ အကြောင်းအရာတို့နှင့် ကွဲလွဲ လျက်ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုရေးသားအပ်သောစာအုပ်မှာကား အသောက မင်းတရားကြီး၏ အတ္ထုပ္ပတ္တိနှင့် ကမ္ပည်းကျောက်စာပါ စုံလင်စွာ ဖော်ပြပါရှိသည့်အပြင် ကာလကတ္တား၊ လက္ကာ၊ နောင်လာဟိုးစသော အိန္ဒိယနိုင်ငံ တက္ကသိုလ်ကျောင်းကြီးတို့၌ သင်ခန်းစာအဖြစ် ပြဋ္ဌာန်းသော စာအုပ်တို့နှင့် အိန္ဒိယနိုင်ငံအစိုးရတို့၏ ကမ္ပည်း ကျောက်စာဌာနက အသိအမှတ်ပြုလုပ်ထုတ်ဝေသော စာအုပ်တို့မှ ကောက်နုတ်ရေးသားထားသည့်အတိုင်း အလွန်ကောင်းမွန်ခိုင်လုံ၍ အားကိုးအားထားလောက်သော စာအုပ်ဖြစ်၏။

ဤအချက်နှင့် ဆက်လက်၍ အသောကမင်းတရားကြီး ရေးထိုးတော်မူသော ကမ္ပည်းကျောက်စာတို့ကို လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာအတွက်း အိန္ဒိယနိုင်ငံ၌ အနှံ့အပြား လိုက်လံရှာဖွေ၍ တူးဖော်ခဲ့သည်တွင် ကျောက်စာအများတွေ့ရှိ၏။ ၎င်းတို့အနက် ထိုးထားသောကမ္ပည်း ကျောက်စာတစ်ခုနှင့်တစ်ခု မတူသော မျိုးကွဲကျောက်စာတို့မှာကား ကျောက်တုံးကျောက်ပြားပေါ်၌ ရေးထိုးထားသော ကျောက်စာ ၁၉၊ ကျောက်တိုင်ပြုလုပ်ရေးထိုးထားသော ကျောက်စာ ၁၃၊ ကျောက်ဂူ လိုဏ်ခေါင်းတို့၌ ရေးထားထားသော ကျောက်စာ ၃ ဖြစ်လေသည်။

သို့ရာတွင် ထိုကျောက်စာတို့တွင် ရှေးနှစ်ပေါင်းနှစ်ထောင်ကျော်က ရေးထိုးခဲ့သည်ဖြစ်သောကြောင့် ရေးထိုးထားသော ဗျည်းအက္ခရာ ဘာသာစကားတို့မှာ ကာလရှည်လျား ကြာမြင့်ပြီဖြစ်၍ အသုံးအစွဲမရှိ တိမ်မြုပ်ပျောက်ကွယ်နေရကား ဖတ်ရှုရန်၎င်း၊

www.burmeseclassic.com

www.burmeseclassic.com



အနက် အဓိပ္ပာယ်ရှင်းလင်းရန်ဂုင်း များစွာခဲယဉ်းနေခဲ့ရာ ကျောက်စာဘက်တွင် အထူးကျွမ်းကျင်သူ၊ အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန်၊ ဂျာမန်၊ အိန္ဒိယ စသော ပညာရှိတို့သည် နှစ်ပေါင်းတစ်ရာကျော်ခန့်တိုင်တိုင် ခေါင်းချင်းရိုက်လျက် အလွန့်အလွန် ကြိုးဆနိုင်သောအခါမှ တစ်စတစ်စ ဖတ်၍ အဓိပ္ပာယ်ရလာကြ၏။ ယင်းသို့ဖတ်၍အဓိပ္ပာယ်ရလာသည့် နောက်မှလည်း အသောကမင်းတရားကြီး၏ အတ္ထုပ္ပတ္တိ အကြောင်းအရာတို့မှာ ပေါ်ပေါက်သိသာလာသည့်အတိုင်း စာအုပ်ပေါင်းများစွာတို့ ကို ရေးသားထုတ်ဝေလာခြင်းဖြစ်လေသည်။

သို့ဖြစ်၍ ယခုစာအုပ်မှာ ထိုထိုအင်္ဂလိပ်စာအုပ်တို့မှ ကောက်နုတ်ရေးသားထားသောကြောင့် အသောကမင်းတရားကြီးအကြောင်း မောရိယ "အင်ပါယာ" နိုင်ငံကြီး၏ အကျယ်အဝန်း၊ တိုင်းနိုင်ငံ စီရင်အုပ်ချုပ်ရေး၊ ပြည်နီးချင်းမင်းများ၊ ဂရိတ်လူမျိုးတို့နှင့် ဆက်ဆက်ပုံ၊ ဗုဒ္ဓဘာသာဖြစ်လာခြင်း၊ ဓမ္မတရားတော် သာသနာပြုပုံ စသည်တို့မှာ ကမ္ပည်းကျောက်စာပါအတိုင်း ဖြစ်ပေရကား ဤစာအုပ်မှာ မြန်မာနိုင်ငံ တွင် ယခုအကြိမ် လက်ဦး ပထမထွက်ပေါ်လာခြင်းပင်ဖြစ်၏။ ထိုမှ တစ်ပါး အသောကမင်းတရားကြီး၏ ကမ္ပည်းကျောက်စာတို့ကို နောက်ဆက်တွဲအဖြစ် မြန်မာဘာသာပြန်ဆို ၍ ထည့်သွင်းဖော်ပြထားရာ ဤကဲ့သို့ ဘာသာပြန်ဆိုရာ၌လည်း ဒေါက်တာဟားဇက်၏ ကျောက်စာကိုမူတည်၍ ဝရော်ဖက်ဆာဘန်ဒါကား ပရိုဖက်ဆာမူကာဂျီ၊ ဒေါက်တာဗင်ဆင့်စမစ်တို့၏ စာအုပ်များနှင့် သို့ချိန်းတိုက်ဆိုင်ပြီးမှ သေသေချာချာကျကျနန ပြန်ဆိုထားသည့်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း အချို့သော ဘာသာပြန်စာအုပ်တို့နှင့် မတူဘဲ ထူးကဲသာလွန်ကောင်းမွန်နိုင်လုံ၍ မှန်ကန်သည်ဟု ဆိုနိုင်ပေသည်။

ဗုဒ္ဓဘာသာ သာသနာ့ရာဇဝင်တွင် ဂေါတမ မြတ်စွာဘုရား၏နောက် ဒုတိယအကြီးကျယ်ဆုံး ပုဂ္ဂိုလ်ဖြစ်သည်ဟု အနောက်နိုင်ငံပညာရှိတို့ ထင်မြင်ဆုံးဖြတ်ကြကုန်သော အသောက မင်းတရားကြီးသည် ကား စစ်စစ်အားဖြင့် ကမ္ဘာနှင့်အဝှမ်း ရှိရှိသမျှ ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ ကျေးဇူးရှင်ကြီးဖြစ်၏။ ထိုမင်းတရားကြီး၏ ဆောင်ရွက်တော်မူခြင်းကြောင့်လည်း ကမ္ဘာပေါ်တွင် သာသနာ့ရောင်ဝါ သည် နေလပမာ ထွန်းလင်းတောက်ပြောင်လာခဲ့ရာ ဤမျှလောက်ဂုဏ်ကျေးဇူးကြီးမားလှပေသော "အသောကမင်းတရားကြီး၏ အတ္ထုပ္ပတ္တိနှင့် ကမ္ဘည်း ကျောက်စာတော်ဘာသာပြန်" စာအုပ်ကို ရဟန်းရှင်လူ ပြည်သူအပေါင်း တို့သည် နှစ်ထောင်းအားရ ဖတ်ရှုကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပေကြောင်း၊ ၎င်းပြင် ဤစာအုပ်ကို စီရင်ရေးသားရန် မူလအစ တိုက်တွန်း နှိုးဆော်ခဲ့သော မန္တလေးမြို့ စတီးအရောင်းသားကိုယ်စားလှယ် ဦးကျော်လှကိုလည်း တစ်နည်းအားဖြင့် ကျေးဇူးတင်ဖွယ်ရာဖြစ်ပါပေသတည်း။

သံတွဲမောင်

မန္တလေးမြို့ ၁၃၁၀-ပြည့်နှစ် သီတင်းကျွတ်လပြည့်နေ့

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


အခန်း–၁

ဘိုးတော်စန္ဒဂုတ်မင်း၊ မောရိယအင်ပါယာ
နိုင်ငံတော်ကြီးကို တည်ထောင်ခြင်းအကြောင်း – ၁၈

ခမည်းတော်ဗိန္ဒုသာရမင်း – ၂၆

အခန်း–၂

အသောကမင်းတရားကြီးအကြောင်း – ၂၉

တိုင်းနိုင်ငံ စီရင်အုပ်ချုပ်ပုံ – ၃၇

အခန်း–၃

ဗုဒ္ဓဘာသာဖြစ်လာခြင်းအကြောင်း – ၅၁

ဓမ္မတရားတော် – ၆၄

အခန်း–၄

သာသနာပြုတော်မူခြင်းအကြောင်း – ၆၈

အခန်း–၅

ကောင်းမှုကုသိုလ်တော်တို့အကြောင်း – ၈၃

အဿုရာ – ၁၁၅

အခန်း–၆

အသောကမင်းတရားကြီးနှင့် ကမ္ဘာ့ရာဇဝင် – ၁၁[illegible]

အခန်း–၇

ကမ္ဗည်းကျောက်စာတော်များ – ၁၃၇

မြန်မာဘာသာပြန်ဆိုချက်


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## အဘိဓာကမ်းတရားကြီး အတ္ထုပ္ပတ္တိနှင့် ကမ္ဘည်းကျောက်စာတော်များ

### နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### အခန်း(၁)

### ဘိုးတော်စန္ဒဂုတ်မင်း မောရိယအင်ပါယာနိုင်ငံကြီးကို တည်ထောင်ခြင်းအကြောင်း

သက္ကရာဇ် ၃၂၇ ခု၊ ကဆုန်လတွင် အနောက်သိုးဆောင်း နိုင်ငံ ခေါ်မတိုင်း၊ ဂရိတ်ပြည် အလက်ဇန္ဒာဘုရင်သည် ဂရိတ်စစ်သည် ဗိုလ်ပါ အလုံးအရင်းနှင့်တကွ အိန္ဒိယနိုင်ငံအနောက်မြောက်ဘက်ရှိ ဟိန္ဒူကုသျှတောင်ကို ကျော်နင်းချီတက်လာပြီးသော် ပန်ဂျပ်ပြည်နယ် သို့တိုင် ဝင်ရောက်တိုက်ခိုက်ခြင်းပြုလေ၏။ ထိုအခါ အိန္ဒိယနိုင်ငံမှာ လည်း ဝါးအစည်းပြေသကဲ့သို့ တကွဲတပြား တိုင်းသေးပြည်ငယ် အများ ဖြစ်ပွားပေါပေါက်လျက်ရှိလေရကား ရန်သူတို့အား တစ်လုံး တစ်စည်းတည်း တိုက်ခိုက်ဖြိုဖျက်နိုင်ခြင်းမရှိ ဖြစ်နေလေသည်။ သို့ရာတွင် ပန်ဂျပ်ပြည်၌ ခြင်္သေ့ကဲ့သို့ ရဲရင့်သည်ဟု ကျော်စောကိတ္တိရှိ သော ပေါရုသမည်သော မင်းတစ်ပါးကမူ မိမိ၏ ပြည်နယ်တွင်းသို့ ချင်းနင်းဝင်ရောက်လာသူ ဂရိတ်စစ်သည်တို့အား စွမ်းပကားရှိသမျှ ခုခံတိုက်ခိုက်ခြင်းပြုလေရာ ထိုဂရိတ်စစ်သည်တို့မှာ ခံယဉ်းပင်ပန်း

www.burmeseclassic.com

www.burmeseclassic.com



လှစွာ တိုက်ခိုက်ပြီးသည့် နောက်မှ အောင်မြင်ခြင်းသို့ ရောက်လေ၏။

ထိုသို့ တိုက်ခိုက်အောင်မြင်ပြီးသည့်နောက် ဂရိတ်စစ်သည်တို့သည် ရှေ့သို့ တိုးတက်ချီတက်ကြသည့်အတိုင်း ပန်ဂျပ်ပြည် ဗျာနှ မြစ်၏ အရှေ့ဘက် မြစ်လက်တက်တစ်ခုဖြစ်သော ဗီအပ် (သို့မဟုတ်) ဂရိတ်လူမျိုးတို့အခေါ် ဟိုင်ဖစစ်မြစ်သို့ ဆိုက်ရောက်လေ၏။ ထိုမြစ်မှာလည်း ၎င်းတို့ အစွမ်းကုန် ချီတက်ရောက်ရှိခဲ့သော နေရာနယ်နိမိတ်ဖြစ်လေသည်။ အကြောင်းကိုဆိုတော် ထိုမြစ်သို့ ဆိုက်ရောက်သောအခါ ဂရိတ်စစ်သည်တို့မှာ ခြေကုန်လက်ပမ်း ဖြစ်လာကြခြင်းကြောင့် အလက်ဇန္ဒာဘုရင်က အိန္ဒိယနိုင်ငံ၏ ကြွယ်ဝချမ်းသာသော ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြားတို့ကို ရရှိစေမည်ဟု အားပေးစကားမြွက်ကြားသော်ငြားလည်း ၎င်းတို့မှာ ရှေ့သို့ ဆက်လက်ချီတက်ခြင်းငှာ မစွမ်းနိုင်ဖြစ် ကုန်ရကား ထိုနေရာမှ စစ်ကို ဆုတ်ခွာသွားရလေသည်။

စစ်ကို ဆုတ်ခွာ၍မသွားမီ အလက်ဇန္ဒာဘုရင်သည်လည်း အိန္ဒိယနိုင်ငံ အနောက်မြောက်ဘက် ပြည်နယ်များအတွင်း မိမိတိုက်ခိုက် အောင်မြင်ပြီးသော တိုင်းသေးပြည်ငယ်ခုနစ်နယ်ကို မိမိရှိသည့်နောက် အရပ်ရပ် စီမံခန့်ခွဲအုပ်ချုပ်ရန် အလို့ငှာ မြို့စားနယ်စားမှူး၊ ခန့်ထားလွှဲ အပ်ခဲ့လေ၏။ အိန္ဒိယနိုင်ငံမှ ထွက်သွားသည့်နောက် တစ်နှစ်ခန့်အကြာတွင် အလက်ဇန္ဒာဘုရင်သည် ဗာဗုလုံမြို့၌ သေရည် သေရက်သောက်စား ပျော်ပါးရာမှ အဖျားရောဂါ စွဲကပ်လာပြီးလျှင် ကွယ်လွန်၊ အနိစ္စရောက်ပြန်လေသည်။ ကွယ်လွန်သည့်နောက်၌လည်း ၎င်းတည်ထောင်သော ဂရိတ် အင်ပါယာ

www.burmeseclassic.com



နိုင်ငံကြီးမှာ မတည်တန့်မခိုင်မြဲတော့ဘဲ ယိမ်းယိုင်ပြိုလဲ၍ ပျက်စီးလာခဲ့လေသတည်း။

အထက်က ဖော်ပြခဲ့သည့်အတိုင်း အလ္လက်ဇန္ဒာဘုရင်နှင့် ဂရိတ်စစ်သည်တို့ အိန္ဒိယနိုင်ငံ အနောက်မြောက်ဘက်ပြည်နယ်များ အတွင်း ချင်းနင်းဝင်ရောက်တိုက်ခိုက်ခဲ့စဉ်က အိန္ဒိယနိုင်ငံ၏ အတွင်းကျသော တိုင်းပြည်များအနက် အကြီးဆုံးဖြစ်သော မဂဓတိုင်းတွင် ဆေတ္တာသည်၏သားသည်-မဟာပဒမဟူသော ဘွဲ့နာမည်ကိုခံယူ၍ မင်းလုပ်အုပ်ချုပ်လျက်ရှိလေသည်။ ထိုမင်း၏ အကြောင်းကား မဂဓတိုင်းတွင် ထီးနန်းစဉ်လာ ဆက်ခံစိုးစံလာသော နန္ဒမင်း၏ မိဖုရားကြီးသည် ဆေတ္တာသည်နှင့် အကျင့်ဖောက်ပြား သဖောက်မျောက်မထားလျက် နန္ဒမင်းအား တိတ်တဆိတ်လုပ်ကြံစေပြီးနောက် ဆေတ္တာသည်ကို မင်းမြှောက်၍ ၎င်းဆတ္တာသည် မင်းနှင့် ရရှိသောသားဖြစ်၏။ ဤကဲ့သို့ ဆေတ္တာသည်၏သား မင်းလုပ်အုပ်ချုပ်နေစဉ် နန္ဒမင်းမျိုးမှ အဆက်အနွယ်ဖြစ်သောစန္ဒဂုတ်မည်သော မင်းသားတစ်ပါးရှိလေရာ ထိုမင်းသားမှာ ဆေတ္တာသည်သား ဘေးရန်ကို စိုးရိမ်သဖြင့် တိမ်းရှောင် ၍နေလေ၏။

တစ်နေ့သ၌ စန္ဒဂုတ်မင်းသားမှာ တောတောင်ထဲတွင် တိမ်းရှောင်သွားလာရင်း မောပန်းသည်နှင့် အိပ်ပျော်နေစဉ် ခြင်္သေ့တစ်ကောင်သည် အနီးသို့ ချဉ်းကပ်လာပြီးသော် မင်းသား၏ကိုယ်မှ ထွက်သော ချွေးတို့ကို လျှာဖြင့်ရက်လေရကား မင်းသားနိုးလေလျှင် တောထဲသို့ ဝင်သွားလေ၏။ ဤသို့ ထူးဆန်းသောအချင်းအရာကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြုံရသည့်အတိုင်း စန္ဒဂုတ်မင်းသားလည်း ငါသည် ကေန်စင်စစ် မင်းဖြစ်တော့အံ့ဟု ဆင်ခြင်းအောက်မေ့မိလေ၏။ ပလူတာ့ခ်ဆိုသော ဂရိက်ဂရိတ် ရာဇဝင်ဆရာကြီးတစ်ဦး၏ အဆိုမှာ စန္ဒဂုတ်မင်းသားသည် ဆေတ္တာသည်၏သား ဘေးရန်ကို တိမ်းရှောင်ထွက်သွားရာ၌ အိန္ဒိယ နိုင်ငံ အနောက်မြောက်ဘက်သို့တိုင် ရောက်ရှိသည့်အတိုင်း ထိုစဉ်အခါက ချီတက်လာသော ဂရိတ်ပြည် အလ္လက်ဇန္ဒာဘုရင်နှင့်ပင် ကိုယ်တိုင် တွေ့ဆုံခဲ့သည်ဟု အဆိုရှိလေသည်။

ဆေတ္တာသည်၏ သားမှာလည်း မဂဓတိုင်း၌ မင်းလုပ် အုပ်ချုပ် နေစေကာမူ တိုင်းသားပြည်သူတို့၏ ကြည်ညိုလေးမြတ်ခြင်း ကို မခံရဖြစ်လေသောကြောင့် ဂရိတ်ပြည်အလ္လက်ဇန္ဒာဘုရင်က အလွယ်နှင့် တိုက်ခိုက်အောင်မြင်မည်ကို သိရှိသည့်အတိုင်း ထိုမဂ ဓတိုင်းသို့ အရောက် ချီတက်ရန် အကြံရှိခဲ့လေသည်။ သို့သော်လည်း ထိုအကြံမှာ မအောင် ခဲ့ဘဲ စန္ဒဂုတ်မင်းသားအတွက် ချန်ထားသကဲ့သို့ ဖြစ်လေ၏။ စန္ဒဂုတ် မင်းသားလည်း မဂဓတိုင်းကို ကယ်ဆယ်မှ သင့်တော့မည်ဟု နှလုံးပိုက်လာသည်တွင် စာဏကျမည်သော ဗြာဟ္မဏ ပညာရှိကြီးတစ်ဦးနှင့် တွေ့ဆုံလေရာ ၎င်း၏ အကူအညီ တို့ဖြင့် လူသူလက်နက် စုရုံးကာ ဆေတ္တာသည်၏ သားအား စစ်ပြု လေ၏။ စစ်ပြုသည့်အတိုင်း ဆေတ္တာသည်၏သား အရေးနိမ့်ပါး လေရကား ၎င်းနှင့်တကွ မိဖုရား၊ သားတော်၊ သမီးတော်၊ ဆွေတော် မျိုးတော်တို့ကိုပါ တစ်ယောက်မကျန် ဖမ်းဆီးစီရင်စေပြီးသော စန္ဒ ဂုတ်မင်းသားသည် မဂဓတိုင်းပြည်အလုံးကို သိမ်းကြုံးအုပ်ချုပ်၍

www.burmeseclassic.com

www.burmeseclassic.com



မင်းလုပ် လေသတည်း။ စန္ဒဂုတ်မင်း၊ မဂဓတိုင်းကို သိမ်းပိုက်စိုးစံသည်မှာ ဂရိတ်ပြည်၊ အလက်ဇန္ဒာဘုရင် ကွယ်လွန်သည့်နောက် သက္ကရာဇ် ၃၂၃ ခုဖြစ်၏။

စန္ဒဂုတ်မင်းလည်း မဂဓတိုင်းကို သိမ်းပိုက်အုပ်ချုပ်ပြီးသည့်နောက် အိန္ဒိယနိုင်ငံ အနောက်မြောက်ဘက်ပြည်နယ်များတွင် ဝင်ရောက် အုပ်စိုးနေသော ဂရိတ်လူမျိုးတို့ကို တစ်ဖန် တိုက်ခိုက်၍ နှင်ထုတ်လိုက် ပြန်လေရာ၊ ထိုပြည်နယ်များပါ သိမ်းပိုက်ရရှိလာသည့်အတိုင်း စိုးပိုင်သော နယ်မြေမှာ အရှေ့ဘက် ဘင်္ဂလားပင်လယ်မှ သည် အနောက်ဘက် အာရေဗျပင်လယ်သို့လည်းကောင်း၊ မြောက်ဘက် ဟိမဝန္တာတောင်မှသည် တောင်ဘက်နာဘဒ္ဒမြစ်သို့ လည်းကောင်း၊ ကျယ်ဝန်းကြီးမား၍ ဤမျှလောက်ကျယ်ဝန်းကြီးမားသော မောရိယ "အင်ပါယာ" နိုင်ငံကြီးကို လက်မွန်အစ ပထမတည်ထောင်ကာ အုပ်စိုးလာသော ကျေးဇူး ဘုရင်ကြီးဖြစ်လေသည်။

သို့ရာတွင် ဂရိတ်ပြည်အလက်ဇန္ဒာဘုရင် ကွယ်လွန်သည့်နောက်၊ ၎င်းစိုးပိုင်ခဲ့သော နယ်မြေတို့ကို ခွဲဝေရာ၌ ဗာဗုလုံပြည်နှင့်တကွ အခြားနယ်ပယ်ဒေသတို့ကို ရရှိ၍ မင်းလုပ်အုပ်စိုးနေသော ရှုရိပြည်ဘုရင်ဟု ခေါ်တွင်သော သိလုက အမည်ရှိ ဂရိတ်ဘုရင်သည် သက္ကရာဇ် ၃၀၅ ခုသို့ ရောက်သကာလ မိမိ၏ အရှင် အလက်ဇန္ဒာဘုရင်ကြီး စိုးပိုင်ခဲ့ဘူးသော အိန္ဒိယနိုင်ငံ အနောက်မြောက်ဘက်ပြည်နယ်တို့ကို ပြန်လည်ရရှိစိမ့်သောငှာ ဂရိတ်စစ်သည် ရဲမက်များစွာနှင့်တကွ ပန်ဂျပ်ပြည်၊ ကုန္နမြစ်သို့ ကူးကျော်၍ ချီတက်လာပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စန္ဒဂုတ်မင်းလည်း ကြီးစွာသော စစ်မက်အင်္ဂါကို စီရင်ခင်းကျင်းလျက် ခုခံတိုက်ခိုက်ခြင်းပြုလေရာ ကြောက်မက်ဖွယ်ရာကမ္ဘာစစ်ကြီးသဖွယ် ဖြစ်ပြီးလျှင် ထိုစစ်ပွဲမှစ၍လည်း ဂရိတ်လူမျိုးတို့၏ ရန်မှ နောက်ထပ် မပေါက်ဝံ့လောက်အောင် အပြီးသတ်နှိမ်နင်းအောင်မြင်ခြင်းသို့ ရောက်ခဲ့ လေ၏။ ရှုရိပြည်သိလုကမည်သော ဂရိတ်ဘုရင်မင်းမှာလည်း မရှုမလှ စစ်ရေးရှုံးနိမ့်လေရကား စန္ဒဂုတ်မင်းထံ သမီးကညာ ဆက်သဖြီးလျှင် ၎င်းပိုင် ဧရိယ၊ ရောခေါသ၊ ဂိဒရောသ၊ ပရောနိသစသော နယ်လေးရပ်ကိုပါ ပေးအပ်၍ စစ်ပြေငြိမ်းရန် တောင်းဆိုရလေ၏။ ထိုနယ်လေးရပ်တို့သည်ကား ယခုကာလ ခေါ်ဝေါ်သော အိန္ဒိယ အနောက်မြောက်တိုင်းနယ်နှင့် ဘလူးချိစတန်ပြည် အာဖကန်နိစတန် ပြည်တို့ဖြစ်၏။ စစ်ပြေငြိမ်းရန် တောင်းဆိုသည့်အတိုင်းလည်း စန္ဒဂုတ် မင်းက ခွင့်ပြုလိုက်ပြီးသော်၊ သိလုကဘုရင်ဆက်သသော လက်ဆောင်ပဏ္ဏာများအတွက် ဆင်အစီးငါးရာကို ဆုတော်အဖြစ် ပေးပို့စေလေ၏။

ယင်းသို့ စစ်ပြေငြိမ်းပြီးသည့်နောက် တစ်ပြည်နှင့်တစ်ပြည် မဟာမိတ်ဖြစ်လာကြသည့်အတိုင်း သိလုကဘုရင်သည် သက္ကရာဇ် ၃၀၅ ခုအတွင်း၌ပင် မိဂသေနအမည်ရှိ ဂရိတ်အရာရှိတစ်ဦးအား ပါဋလိပုတ် နေပြည်တော်သို့ သံတမန်အဖြစ် ခန့်ထား၍ စေလွှတ်ခြင်းပြုလေရာ ထိုဂရိတ်သံတမန်မှာ များစွာလိမ္မာရေးခြားရှိသည့်အလျောက် စန္ဒဂုတ် မင်းရှေ့မှောက်သို့ ဝင်ရောက်ခစားရသည့်အခြင်းအရာတွေမြင် ကြားသိ သမျှ အကြောင်းအရာတို့ကိုလည်း အထူးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရေးတင်မှတ်သားထားခဲ့လေရကား နောင်လာနောင်သားများအတွက် အကျိုး ကျေးဇူးခံစားရန် ဖြစ်လာလေသည်။

မောရိယ "အင်ပါယာ" နိုင်ငံကြီးနှင့် စပ်၍ ဂရိတ်သံတမန်ကြီး မိဂသေန ရေးသားထားသည်မှာ အလွန်တရာ ကြီးကျယ်ခမ်းနားလှသဖြင့် ယုံကြည်ရန် ခဲယဉ်းသလောက်ဖြစ်၏။ သို့သော် ထို "အင်ပါယာ" နိုင်ငံကြီး၏ နေရာဟောင်းတို့ကို ရှာဖွေတူးဖော်၍ ကြည့်သောအခါ မှန်ကန်ကြောင်း တွေ့လာကြလေသည်။ ရှေးပညာရှိ အမတ်ကြီး စာဏကျစီရင်ရေးသားခဲ့၍ အလွန်ထင်ရှားကျော်ကြား သော အတ္ထသျှတ္တရခေါ် နိုင်ငံရေးပညာကျမ်းမှာလည်း တိမ်မြုပ်ပျောက်ကွယ်နေရာမှ မကြာမီက ရှာဖွေတွေ့ရှိလာ၏။ သို့ရာတွင် ထိုကျမ်းကို စီရင်ရေးသားခဲ့သော ခုနှစ်သက္ကရာဇ်မှာ အသေအချာမသိရသောကြောင့် စန္ဒဂုတ်မင်းလက်ထက်က တိုင်းနိုင်ငံ စီရင်အုပ်ချုပ်မှု အုပ်ချုပ်ရေးဖြစ်သည်ဟူ၍ တပ်အပ်သေချာ ပြောဆိုနိုင်ရန် မဖြစ်ချေ။

ဂရိတ်သံတမန်ကြီး မိဂသေန၏ မှတ်တမ်းအရ ပါဋလိပုတ်နေပြည်တော်မှာ စုန်မြစ်နှင့် ဂင်မြစ်ဆက်စပ်ပေါင်းဆုံရာအနီး တည်ရှိသဖြင့် ယခုကာလ ပတ္တနားဟုခေါ်သော မြို့၏ မြူနီစပါယ် နယ်နိမိတ်တောင်ဘက်အပသို့ ကျရောက်သည့်အတိုင်း ရှာဖွေတူးဖော်၍ တွေ့လာကြ၏။ တန်ဆောင်း၊ ပြအိုး၊ မြို့ရိုး၊ မြို့တာနှင့်တကွ ကျုံးပတ်လည်ဝိုင်းရံလျက် အလွန်လှပတင့်တယ်စွာ ဆောက်လုပ်ထားသောကြောင့် ရှေးကြီးသံတမ်တော်သော နေပြည်တော်နယ်နိမိတ်အတွင်း လူနေအိမ်ခြေ လေးသိန်းကျော်ခန့် နေထိုင်ခဲ့ကြ၍ စည်သည်ရဲမက်တို့

www.burmeseclassic.com



မှာလည်း ခြေလျင်ခြောက်သိန်း၊ မြင်းစီးသုံးသောင်းအပြင် စစ်ဆင်ကိုးထောင်နှင့် စစ်ရထား ပေါင်း အမြောက်အမြားရှိလေသည် ဆိုခဲ့သည့်အတိုင်း စန္ဒဂုတ်မင်းကြီး သည် ဤမျှလောက်ကြီးကျယ် ခမ်းနားသော မောရိယ "အင်ဒိယာ" နိုင်ငံကြီးကို တည်ထောင်လျက် ၂၄ နှစ်တိုင် စိုးစံတော်မူပြီးလျှင် သက္ကရာဇ် ၂၉၉ ခုတွင် ကွယ်လွန် အနိစ္စရောက်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ဗိန္ဒုသာရမင်း

စန္ဒဂုတ်မင်း ကွယ်လွန်သည့်နောက် ဗိန္ဒုသာရမင်း ဆက်ခံစိုးစံလာသောအခါ ရာဇဝင်မှာ များစွာထင်ရှားကျော်ကြားခြင်း မရှိခဲ့ဖြစ်ဧလသည်။ အကြောင်းကား ဗိန္ဒုသာရမင်းမှာ ဘုန်းတန်ခိုးကြီးသော ခမည်းတော် စန္ဒဂုတ်မင်းနှင့် ထို့ထက်တိုး၍ ဘုန်းတန်ခိုးကြီးလာသော သားတော်အသောကမင်းနှစ်ပါးတို့၏ အလယ်၌ ကြားညှပ်၍နေသောကြောင့်ဖြစ်၏။ သို့သော် ဗိန္ဒုသာရမင်းသည် ခမည်းတော် စန္ဒဂုတ်မင်း ကြီးလက်ထက်က ထူထောင်ခဲ့သော မောရိယ "အင်ပါယာ" နိုင်ငံ ကြီးကို မြဲမြံခိုင်မာစွာ စိုးမိုးအုပ်ချုပ်နိုင်ရုံမျှသာမက ထို "အင်ပါယာ" နိုင်ငံကြီး၏ တောင်ဘက်သို့လည်း နယ်ချဲ့ထွင်စီမံခဲ့လေ သည်။ ဗိန္ဒုသာရမင်းလက်ထက် သက္ကရာဇ် ၂၈၀

www.burmeseclassic.com



ပြည့်တွင် ရှိပြီ သိလုကာဘုရင်သည် သက်တော် ၇၈ နှစ်၌ သူတစ်ပါးလက်ချက်ဖြင့် အသက်သေဆုံးသောအခါ အန္တိကမည်သော ၎င်း၏ သားတော်က ဆက်ခံအုပ်စိုးလာခဲ့၏။ ထိုအခါ ဒိမာက အမည်ရှိ ဂရိတ်သံတမန်သစ် တစ်ဦးအား ပါဋလိပုတ် နေပြည်တော်သို့ နောက်ထပ် ခန့်ထားစေလွှတ် ခြင်းပြုလေသည်။

ရှေးဂရိတ်ရာဇဝင်ဆရာကြီးတို့သည် သိလုကာဘုရင်နှင့် စန္ဒဂုတ်မင်း၊ အန္တိကဘုရင်နှင့် ဗိန္ဒုသာရမင်း၊ အချင်းချင်း မိတ်ဖြစ်ရေး သားကြသော စာများကို သိမ်းဆည်းထားခဲ့ကြရာ ထိုစာများမှာ အရေးကြီးသော အကြောင်းအရာတို့ မပါသော်လည်း အိန္ဒိယနိုင်ငံ ဘုရင်တို့က ဥရောပတိုက် မဟာမိတ်နိုင်ငံ ဘုရင်တို့နှင့် တထပ်တည်း ဂုဏ်ရေတူရေးသားသော စာများဖြစ်ကြောင်းကို ဖော်ပြ၏။

ထို့ပြင် ထိုစဉ်အခါက ဂျစ်ပြည်တွင် အုပ်စိုးလျက်ရှိသော တုလမယ်ဖိလာဒိပ ဘုရင်ကလည်း ဒီအိုနီသိအမည်ရှိ သံတမန်တစ်ဦး အား ပါဋလိပုတ်နေပြည်တော်သို့ ခန့်ထား စေလွှတ်ခဲ့လေရာ ထိုဂျစ် သံတမန်မှာ ဗိန္ဒုသာရမင်းလက်ထက်၌သော်၎င်း၊ သို့တည်းမဟုတ် အသောကမင်းလက်ထက်၌သော်၎င်း ရောက်ရှိခဲ့၏။ ထိုဂျစ်သံတမန် သည်လည်း ဂရိတ်သံတမန်ကြီး မိဂသေနကဲ့သို့ပင် မောရိယ "အင်ပါ ယာ" နိုင်ငံကြီး၏အကြောင်းအရာတို့ကို ရေးတင်မှတ်သားခဲ့သည့် အတိုင်း ယခုထက်တိုင် အသုံးဝင်လျက်ရှိပေသည်။

ဗိန္ဒုသာရမင်းမှာ မိဖုရား ၁၆ပါးရှိ၍ သားတော်ပေါင်း ၁၀၁ ပါး ထွန်းကားလေသည်။ ထိုသားတော်များအနက် အကြီးဆုံးမှာ

www.burmeseclassic.com


www.burmeseclassic.com



သုမဏာမင်းသားဖြစ်၍ အသောကမင်းသားနှင့် အငယ်ဆုံး တိဿမင်းသားတို့မှာကား တစ်မိတည်းမှ ဖွားမြင်ကြ၏။ ကျန်သားတော်တို့၏ အမည်မှာမူ ထင်ရှားခြင်းမရှိခဲ့ချေ။ အသောကနှင့် တိဿညီနောင်နှစ်ပါးတို့၏ မယ်တော်သည် စမ္ပာပြည်မှ ဗြာဟ္မဏပုဏ္ဏားတစ်ဦး၏ သမီး၊ သုဘဒ္ဒနဂီအမည်ရှိ၍ အဆင်းအင်္ဂါပြားနှင့် ညီညွတ်သည့်အတိုင်း ဗိန္ဒုသာရမင်းက အဂ္ဂမဟေသီမိဖုရားကြီးအရာဖြင့် မြှောက်စားတော်မူလေသည်။ ထိုမိဖုရားကြီးမှာ ဓမ္မာမိဖုရားကြီးဟူ၍လည်း ခေါ်တွင်၍ မောရိယခတ္တိယမင်းမျိုးထဲမှဖြစ်၏။ ဗိန္ဒုသာရမင်းသည် မင်းအဖြစ်သို့ ရောက်သည့်နောက် ၂၅နှစ်တိုင် ထီးနန်းစိုးစံတော်မူပြီးလျှင် သက္ကရာဇ် ၂၇၄ ခုတွင် နတ်ရွာစံကံကုန်တော်မူလေရာ မောရိယမင်းဆက်၏ တတိယမြောက် အကြီးဆုံးမင်းဖြစ်သော သားတော် အသောကမင်း ဆက်ခံစိုးစံတော်မူလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဘသီရာ ကျောက်တိုင်
ဘသီရာ ခေါ် -ဝေသာလီ အရပ်၌ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)
## အသောကမင်းတရားကြီးအကြောင်း

အသောကမင်းသည် ထီးနန်းဆက်ခံ မစိုးစံမီ မင်းသားဘဝက ခမည်းတော်ဗိန္ဒုသာရမင်းကြီး လက်ထက် ဥဇ္ဇေနီပြည်ကို အပိုင်စားပေးသနားတော်မူသည့်အတိုင်း ဥဇ္ဇေနီပြည်သို့ သွားရောက်စံနေခဲ့၏။ သို့သော် နောင်တော် သုမနမင်းသား အပိုင်စားသော တက္ကသိုလ်ပြည်၌ ပုန်စားပုန်ကန်မှု ပေါ်ပေါက်လာလေရကား၊ ခမည်းတော် ဗိန္ဒုသာရမင်းကြီး၏ အမိန့်တော်မြတ်နှင့် ထိုတက္ကသိုလ်ပြည်သို့လည်း သွားရောက်ကာ၊ သူပုန်ရန်ကို၊ တွန်းလှန်ဖြိုဖျက်ခဲ့ရလေသည်။ တက္ကသိုလ်ပြည်နှင့် ဥဇ္ဇေနီပြည်တို့မှာ အထက်တန်းမင်းညီမင်းသားတို့သာလျှင်၊ အပိုင်စားပေးသနားခြင်းခံရသော၊ တိုင်းပြည်များဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဂရိတ်ရာဇဝင်တွင်၊ တက္ကသိုလ်ပြည်မှာ အလွန်တရာစည်ပင်သာယာဝပြောစွာရှိ၍၊ ဂရိတ်ပြည်အလ္လက်ဇန္ဒာဘုရင် ချီတက်တိုက်ခိုက်စဉ်အခါက၊ သိမ်းပိုက်ရရှိခဲ့သည်ဟုဆို၏။ ထို့ပြင်၊ တက္ကသိုလ်ပြည်တွင် အလ္လက်ဇန္ဒာဘုရင် ချီတက်တိုက်ခိုက်ခြင်းမပြုမီ၊ ရှေးယခင်နှစ်ပေါင်း ၆၀၀ ဆယ်ကျော်က၊ ပါနိနိအမည်ရှိအလွန်ကျော်စောသော၊ သဒ္ဒါပါမောက္ခဆရာကြီးတစ်ဦးနေထိုင်ခဲ့ဖူးသည်ဟုလည်း ဆိုလေသည်။ ဥဇ္ဇေနီပြည်မှာကား မောရိယ 'အင်ပါယာ' နိုင်ငံကြီး၏ အနောက်ဘက်ရှိ အရောင်းအဝယ် ကြီးကျယ်စည်ကားသော ပြည်နယ်တစ်ရပ်ဖြစ်၍၊ ရှေးအခါက အဝန္တိတိုင်းဟုခေါ်တွင်ခဲ့၏။ ၎င်းပြင် ထိုဥဇ္ဇေနီပြည်သည် ရှေးပဝေဏီကပင် တည်ရှိခဲ့သည်ဟု ဟိန္ဒူဘာသာဝင်တို့ အယူရှိပြီးလျှင်၊ အထွဋ်အမြတ်ပြုလုပ်ကြသည့်အတိုင်း ယခုအခါသို့တိုင် ထင်ပေါ်ကျော်စောလျက်ရှိ၏။

အသောကမင်းသားသည် ဥဇ္ဇေနီပြည်သို့ အပိုင်စားပေးသနားသည့်အတိုင်း သွားရောက်စံနေစဉ်အခါ ဝေဒိသဂိရိမြို့မှ ဝါဏိဇ္ဇ ကုန်သည်ကြီးတစ်ဦး၏ သမီးဖြစ်သော ဒေဝီအမည်ရှိသတို့သမီးကို ကောက်ယူသိမ်းပိုက်ခဲ့၏။ ထိုဒေဝီမင်းသမီး၏အကြောင်းကား ဝိဋူဍဘ၏ ဘေးကြောင့် ပြေးဖုန်း၍နေရသော သကျသာကီဝင်မင်းမျိုးဖြစ်၍ သကျကုမာရီဟူ၍၎င်း၊ ဝေဒိသမဟာဒေဝီဟူ၍၎င်း၊ မဟာဗောဓိဝံသ ကျမ်းတွင် ခေါ်လေသည်။ အသောကမင်းသားမှာ ဒေဝီမင်းသမီးနှင့် သားတော် မဟိန္ဒတစ်ပါး၊ သမီးတော်သင်္ဃမိတ္တာတစ်ပါးရရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



အခါတစ်ပါး၌ ခမည်းတော် ဗိန္ဒုသာရမင်းကြီး နတ်ရွာလားတော်မူကြောင်းကို ကြားသိသောအခါ အသောကမင်းသားသည် ဒေဝီမင်းသမီးနှင့်တကွ သားတော်သမီးတော်တို့အား ဝေဒိသဂိရိမြို့၌ ထားခဲ့၍ ပါဋလိပုတ်နေပြည်တော်သို့ အလျင်ချီခဲ့ပြီးသော် ခမည်းတော်၏အရိုက်အရာတော်ကို သိမ်းယူမင်းပြုလေ၏။ နောင်တော်သုမနမင်းသားမှာကား ဂုဏ်အပိုင်စားသော တက္ကသိုလ်ပြည်၌ နောက်ထပ် ပုန်စား ပုန်ကန်မှု ဖြစ်ပွားပေါ်ပေါက်လာပြန်သောကြောင့် ပါဋလိပုတ်နေပြည်တော်သို့ အရောက်နောက်ကျနေခဲ့လေရာ ခမည်းတော်၏ အရိုက်အရာတော်ကို သိမ်းယူမင်းပြုနေသော အသောကမင်းအပေါ် အခဲမကျေဖြစ်သည့်အတိုင်း သမုဒ္ဒရာ လှိုင်းထသကဲ့သို့ စစ်ကြီးဆင်ရာတွင် ကြမ္မာယိုယွင်း မရဏသေမင်း၏ လက်တွင်းသို့ သက်ဆင်းရလေသတည်း။

သီဟိုဠ်ကျမ်းဂန်တို့တွင် အသောကမင်းသည် ညီတော်တိဿ တစ်ပါးတည်းသာ ချန်ခြွင်း၍ အခြားအားလုံး ကုန်သော ညီတော်၊ နောင်တော် ကိုးကျိပ်ကိုးယောက်တို့အား သတ်ဖြတ်ပြီးလျှင် ၎င်းတို့၏ သွေးပွက်ကို ကျော်နင်းလျက် ထီးနန်းတက်တော်မူသည်ဟု ရေးသားဖော်ပြကြလေသည်။ ဤသို့ ရေးသားဖော်ပြကြသည်မှာ အသောကမင်းတရားကြီး ရေးထိုးတော်မူခဲ့သော ကမ္ဗည်းကျောက်စာတို့နှင့် များစွာ ကွဲလွဲဆန့်ကျင်လျက်ရှိ၏။ ကျောက်စာအမှတ် ၅တွင် ညီတော်၊ နောင်တော်၊ နှမတော်၊ ဆွေတော်မျိုးတော်တို့အား အထူးသဖြင့် ထည့်သွင်းဖော်ပြထားသည့်အပြင်

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်အမှတ်–၄၊ အမှတ်–၆ နှင့် ကျောက်တိုင်အမှတ် –၇၊ မိဖုရားကြီး ကျောက်စာအားလုံးတို့၌လည်း အသောကမင်းတရားကြီးသည် သွေးနီးတော်စပ်ခါဆွေမျိုးညာတကာတို့၏ ကောင်းကျိုးချမ်းသာ အတွက်ပင် ပူပန်သောကဖြစ်တော်မူကြောင်း နှင့် သဘောသက်ဝင် ကြင်နာစွာ ဖော်ပြပါရှိလေသည်။

အဆိုပါ ကျောက်စာများအရ အသောကမင်းတရားကြီးမှာ မိမိက ထောက်ပံ့ ပေးကမ်းထားသည့် လစာရိက္ခာတော်တို့ဖြင့် ပါဋ္ဌလိပုတ်နေပြည်တော်နှင့်တကွ အခြားသော မြို့ပြတို့၌ နေထိုင်ကြကုန်သော ညီတော်၊ နှမတော်၊ ဆွေတော်၊ မျိုးတော်တို့အပြင် သားတော်၊ မြေးတော်တို့လည်း အများရှိခဲ့ကြောင်း ထင်ရှား၏။ ထို့မှတစ်ပါး အသောက မင်းတရားကြီးမှာ အင်ပါယာနိုင်ငံကြီးအတွင်း တက္ကသိုလ်ပြည်၊ တောသာလိပြည်၊ ဥဇ္ဇေနီပြည်၊ သုဝဏ္ဏဂိရိပြည် စသော ပြည်နယ်တို့၌ မြို့စားနယ်စား ပေးသနားထားသော ညီတော် မင်းသားတို့လည်း ရှိကြသေးကုန်၏။ ကလိင်္ဂကျောက်စာ အမှတ်(၁) ၌လည်း အသောက မင်းတရားကြီးသည် သားတော်၊ သမီးတော် တို့အား မေတ္တာတရား အားကြီးတော်မူလှသည့်အတိုင်း ငါ၏ သားတော်၊ သမီးတော်တို့မှာ ယခုပစ္စုပ္ပန်ဘဝသာမက နောင်တမလွန် ဘဝပါ ကောင်းကျိုးချမ်းသာ အဖြာဖြာကို ရရှိခံစား စေလိုသော သဘောဆန္ဒရှိတော်မူကြောင်းနှင့် ထည့်သွင်းဖော်ပြထား လေသည်။ ဤမျှလောက် သားတော် သမီးတော် ညီတော်၊ နှမတော်တို့နှင့်တကွ ဆွေတော်မျိုးတော်အပေါင်းတို့၏ ကောင်းကျိုးချမ်းသာ အတွက်

www.burmeseclassic.com



စိုးရိမ်ကြောင့်ကြအားကြီးတော်မူသော အသောကမင်းတရားကြီးသည်ကားဆိုလျှင် အခြားကျမ်းဂန်တို့တွင် ရေးတင်ဖော်ပြကြသကဲ့သို့ အဘယ်နည်းနှင့်မျှ ရက်စက်ကြမ်းကြုတ် သူတစ်ယောက်ဟူ၍ မပြောနိုင်ချေ။

အသောကမင်းသည် ထီးနန်းကို ဆက်ခံစိုးစံတော်မူရာ၌လည်း ခမည်းတော်၏ မှူးတော်မတ်တော်ပေါင်းဇီးရာတို့က ဝန်းဝိုင်းတင်မြှောက်ခြင်းဖြင့်သာ ဆက်ခံစိုးစံတော်မူခြင်းဖြစ်သည့်အပြင် ဗိန္ဒုသာရမင်းကြီး နတ်ရွာမစံမီ၊ အာဇီဝက ရဟန်းတော်ပင်္ဂလဝါသဝအား လျှောက်ကြားမေးမြန်းခဲ့စဉ်ကလည်း ထိုရဟန်းတော်က သားတော်တို့တွင် အသောကမင်းသာသာလျှင် ထီးနန်းနှင့် အထိုက်တန်ဆုံးဖြစ်ကြောင်းနှင့် မိန့်တော်မူခဲ့ပူးလေသည်။ ၎င်းပြင် အီစင်အမည်ရှိ တရုတ်ခရီးသည် တစ်ဦး၏ ရေးမှတ်တမ်းအရလည်း မြတ်စွာဘုရားသက်တော်ထင်ရှားရှိတော်မူစဉ် ဗိမ္ဗိသာရမင်းကြီးသည် မိမိ၏ ကမ္ဗလာထည်နှင့် ရွှေတောင်ဝှေးတော်နှစ်ခုစလုံး တစ်ဆယ့်ရှစ်ပိုင်း၊ ပိုင်းပြတ်သွားသည်ဟု အိပ်မက်မြင်လေရကား မြတ်စွာဘုရားထံ ချဉ်းကပ်၍ ထိုအိပ်မက်အကြောင်းကို ပြန်ကြားလျှောက်ထားလေလျှင် မြတ်စွာဘုရားက ဇီပေဟာကြားသောတရားဒေသနာတို့ကို တစ်ဆယ့်ရှစ်မျိုး တွဲပြားလျက် အယူရှိလာကြလတ္တံ့သော ပုဗ္ဗနိမိတ်သာတည်း၊ ထိုသော အခါ အသောကမည်သော မင်းသည် ပေါ်ပေါက်လာပြီးသော် ဇမ္ဗူဒိပ်တစ်ကျွန်းကို အစိုးရလိမ့်သတည်းဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့ကြောင်းနှင့် ဖော်ပြပါရှိ၏။ ထိုမှတစ်ပါး အသောကမည်သော ထိုမင်း

www.burmeseclassic.com

www.burmeseclassic.com



သည် တရားနှင့်အညီမင်းပြုပြီးလျှင် ငါ၏ သရီရဓာတ်တော်တို့ကို စေတီ ပေါင်းရှစ်သောင်းလေးထောင်တည်၍ ဌာပနာခြင်းပြုလိမ့် သတည်းဟု မြတ်စွာဘုရား ကိုယ်တော်တိုင် ဗျာဒိတ်တော် ထားခဲ့ ကြောင်းနှင့်လည်း ဒေဝိယဝါဒနကျမ်း၌ လာရှိလေသည်။

ဖော်ပြခဲ့သည့်အတိုင်း အသောကမင်းတရားကြီးသည် မင်း ဖြစ်ထိုက်သော ဘုန်းကံပါရမီရှိသည့်အလျောက် မင်းအဖြစ်သို့ ရောက် တော်မူသည့်နောက်၊ လေးနှစ်တိုင်တိုင် ပြည်ထဲရေးကိုသာ သုတ်သင် စီရင်လျက် သက္ကရာဇ် ၂၇၀ ပြည့်သို့ ရောက်သောအခါမှ ရာဇာဘိ သေကကို ခံတော်မူလေသည်။ ယင်းသို့ ရာဇာဘိသေကခံသည်ကာလ။ "ဒေဝါနံပိယ" ဟူသောဘွဲ့ကိုရင်း၊ "ပိယဒဿီ" ဟူသော ဘွဲ့ကိုရင်း၊ ခံယူခဲ့လေရာ ထိုဘွဲ့နာမတို့မှာ အစဉ်အလာထုံးစံအတိုင်း ခံယူခြင်းမျှ သာဖြစ်၏။ အသောကမင်း၏ ဘိုးတော်စန္ဒဂုတ်မင်းကြီးလည်း ထိုဘွဲ့ နာမမျိုးနှင့် အလားတူ "ပိယဒဿန" ဟူသော ဘွဲ့နာမကို ခံယူလေ သည်။

အသောကမင်းသည် မင်းအဖြစ်သို့ ရောက်သောအခါ ညီတော် တိဿအား အိမ်ရှေ့အရာကို အပ်နှင်း၏။ ဝေဒိသဂိရိမြို့ရှိ ဒေဝီမင်းသမီးကား သားတော်မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာတို့ အား ပါဋလိပုတ်နေပြည်တော်သို့ ပို့စေပြီးလျှင် မိမိမှာမူ အသောက မင်း၌ အသန္ဓိမိတ္တာမည်သော အဂ္ဂမဟေသီမိဖုရားကြီး ရှိနေပြီဖြစ်

(ဂေါတမြတ်စွာဘုရား၏ ပရိနိဗ္ဗာန်စံတော်မူသည်မှာ ခရစ်တော် မပေါ်မီ သက္ကရာဇ် ၅၄၄ ခု၊ သို့မဟုတ် ၅၄၃ ခုဟု ဆိုးဖြတ်ကြ၏။)

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ဝေဒိသဂိရိမြို့၌ပင် စံနေလေသည်။ ရာဇဝင်နှင့် ကျောက်စာများအရ အသောကမင်းတရားကြီးမှာ မိဖုရား၊ မောင်းမ၊ မိသဿအများရှိသည်ဟုသိရ၏။ ထင်ရှားသော မိဖုရားနှင့် သားတော်၊ သမီးတော်တို့သည်ကား။ ။

မိဖုရား။ (၁) ဒေဝီမင်းသမီး၊ ဝေဒိသမဟာဒေဝီဟုလည်းခေါ်၏။

(၂) ကာရုဝတီ

(၃) အသန္ဓိမိတ္တာ၊ အဂ္ဂမဟေသီမိဖုရားကြီး။

(၄) ပဒမဝတီ

(၅) တိဿရက္ခာ၊ နောက် အဂ္ဂမဟေသီဖြစ်လာသည်။

သားတော် (၁) မဟိန္ဒ၊ ဒေဝီမင်းသမီးက ဖွားမြင်သည်။

(၂) တိဝရ၊ ကာရုဝတီ မိဖုရားကဖွားမြင်သည်။

(၃) ကုဏ္ဍာက၊ ပဒမဝတီမိဖုရားကဖွားမြင်သည်။

(၄) ဇလောက၊ ကသ္မီရရာဇဝင်တွင်ပါရှိသော အသောကမင်းကြီး၏ သားတော်တစ်ပါး။

သမီးတော် (၁) သင်္ဃမိတ္တာ၊ ဒေဝီမင်းသမီးကဖွားမြင်သည်။

(၂) စာရုမတီ

သားမက်တော် (၁) အဂ္ဂိဗြဟ္မာ၊ သင်္ဃမိတ္တာနှင့် ထိမ်းမြားသည်။

(၂) ဒေဝပါလ ခတ္တိယ၊ စာရုမတီနှင့် ထိမ်းမြား၏။

မြေးတော် (၁) ဒသရထ၊ နောက်မင်းအဖြစ်သို့ ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။

(၂) သမ္မာရတိ၊ ကုဏ္ဍလမင်း၏သားတော်။

(၃) သုမန သဃမိတ္တာ၏ သားတော်

www.burmeseclassic.com

www.burmeseclassic.com



## တိုင်းနိုင်ငံစီရင်အုပ်ချုပ်ပုံ

မောရိယ "အင်ပါယာ" နိုင်ငံတော်ကြီးကို စီရင်အုပ်ချုပ်ပုံ၊ အုပ်ချုပ်နည်းနှင့် စပ်၍ နိုင်ငံရေးသဘောဖြင့် ကြည့်သည်ရှိသော် အသောကမင်းတရားကြီးသည် သက်ဦးဆံပိုင်သဖွယ် စီရင်အုပ်ချုပ်ခြင်းဖြစ်လေသည်။ သို့ဖြစ်စေကာမူတည်း အိန္ဒိယနိုင်ငံ သက်ဦးဆံပိုင်ဘုရင်တို့မှာ အနောက်နိုင်ငံ သက်ဦးဆံပိုင်ဘုရင်တို့ထက် တိုး၍ ညီးကမ်းသတ်မှတ်ချက် ရှိကြကုန်၏။ အိန္ဒိယနိုင်ငံဘုရင်တို့သည် မိမိတို့၏ သဘောဆန္ဒအတိုင်း မြူးချင်ရာမြူးလုပ် အုပ်ချုပ်နိုင်သော ဘုရင်တို့ မဟုတ်ချေ။ တိုင်းပြည်တွင် တိုင်းသူပြည်သားအများ အေးချမ်းသာယာကောင်းမွန်စွာ နေထိုင်နိုင်ကြစေရန် စီမံစောင့်ရှောက်၍အနေမျိုးသာလျှင် ဘုရင်ပြုလုပ်အုပ်ချုပ်ရခြင်းဖြစ်၏။ ဤတာဝန်ဝတ္တရား

www.burmeseclassic.com

www.burmeseclassic.com



ပျက်ပြားသည်ဆိုချေက ဘုရင်ပြုလုပ်သူမှာလည်း တိုင်းပြည်၌ ကျရောက်သော ဘေးအန္တရာယ်ကို တိုင်းသူပြည်သားတို့နှင့် ထပ်တူ ခံယူရပေသည်။ ထို့ကြောင့် မဟုတ်လော။ ဘုရင်တို့မည်သည် တိုင်းပြည် ၏ မိဘသဖွယ်ဖြစ်ပေသည်တဲ့ ထိုဘုရင်ပြုလုပ် အုပ်ချုပ်သူတို့၏ နှုတ်ဖျားမှ မြွက်ကြားသော စကားသံတို့ကို ရံဖန်ရံခါ ကြားရလေသည်။

အသောကမင်းတရားကြီးမှာကား အဆိုအားဖြင့်သာလျှင် အသက်ဦးဆံပိုင်ဘုရင်တဲ့ ခေါ်ဆိုရ၍တရားဓမ္မသတ်တို့၌ ပြဋ္ဌာန်းပါရှိသည်ထက် တိုးတက်ကျော်လွန်ကာ မိမိ၏ တန်ခိုးအာဏာတို့ကို ပိုင်းခြားသတ်မှတ်ပြီးလျှင် မိမိ၏တာဝန်ဝတ္တရားများတွင် ကိုယ်ကျင့် တရားကို အရင်းခံပမာနထားလေသည်။ ၎င်း၏ ကျောက်စာတွင် "ငါ၏ တိုင်းနိုင်ငံရှိ လူခပ်သိမ်းတို့မှာ ငါ၏ သားသမီးသဖွယ်ဖြစ်ကြ၍ ငါ၏ ရင်ဝယ်မခြား သားတော်၊ သမီးတော်များနှင့် အလားတူ ယခု ပစ္စုပ္ပန်ဘဝသာမက နောက်တမလွန်ဘဝပါ ကောင်းကျိုးချမ်းသာကို ရရှိခံစားနိုင်ကြစေလိုသော သဘောဆန္ဒရှိတော်မူကြောင်း" နှင့် အတည့် အလင်း ထည့်သွင်းဖော်ပြပါရှိ၏။ ဤသို့သော စိတ်နေ သဘောထားနှင့် တာဝန်ဝတ္တရား၊ သိရှိတော်မူသော မင်းတရားကြီး သည်ကား၊ဆိုလျှင် ဒီမိုကရေစီတိုင်းနိုင်ငံရှိ ရွေးကောက်တင်မြှောက် သည်ဆိုသော ဥပဒေပြုလူကြီးတို့ထက် ပိုမိုတိုးတက်၍ တိုင်းပြည်၏ ကိုယ်စားလှယ်မည်ရာရောက်ပေသည်။ "ဒီမိုကရေစီ" တိုင်းနိုင်ငံရှိ ရွေးကောက်တင်မြှောက်သည်ဆိုသော ဥပဒေပြုလူကြီးတို့မှာ

www.burmeseclassic.com



ဉပဒေဖြင့် စီမံပြုလုပ်ထားသော မှုမှန်မဟုတ် ပဝတ္တိရုပ်မျှသာဖြစ်ကြသည့်အားလျော်စွာ မဲဆန္ဒရှင်တို့နှင့် ရွေးကောက်ခြင်းခံသူတို့၏ ဆက်ဆံခြင်းမျိုးမျှသာရှိကြကုန်၏။

အသောကမင်းတရားကြီးသည် မိမိ၏ တာဝန်ဝတ္တရားတို့ကို ထိုတာဝန်ဝတ္တရားတည်းဟူသော သဘောရင်းသို့တိုင် ဆိုက်ရောက်အောင် မနေမနားကြိုးပမ်းအားထုတ်တော်မူလေရာ နမူနာစံတင်လောက်သော နိုင်ငံ့ပန်ထမ်းကြီးအစစ်ဖြစ်လေသည်။ "ငါသည် တိုင်းနိုင်ငံရှိ လူခပ်သိမ်းတို့၏ ကောင်းကျိုးချမ်းသာကို အကြွင်မဲ့လောက်ကြိုးပမ်းအားထုတ်၏။ ထိုမျှလောက်လည်း အားရတင်းတိမ်ခြင်းမရှိသေး၊ ငါ၏ ကြိုးပမ်းအားထုတ်သမျှမှာလည်း ငါ၌တင်ရှိသော တာဝန်ကို ကျေပွန်အောင် ကြိုးပမ်းအားထုတ်ခြင်းပင်ဖြစ်သည်" ဟု မိန့်ဆိုတော်မူ လေသည်။

ကြီးကျယ်သော "အင်ပါယာ" နိုင်ငံတော်ကြီး၏ ကေရာဇ်ဘုရင်ကြီးဖြစ်သည့်အတိုင်း အသောကမင်းတရားကြီးသည် ထို "အင်ပါ ယာ" နိုင်ငံကြီးကို တိုင်းခန်းလှည့်လည်တော်မူ၏။ ဤသို့တိုင်းခန်း လှည့်လည်တော်မူသည်မှာလည်း ရှေးမင်းများကဲ့သို့ အပျော်အပါးမဟုတ်ဘဲ တိုင်းနိုင်ငံလူတို့၏ အခြေအနေကို ကိုယ်တော်တိုင် ကြည့်ရှုသိတော်မူရန်ဖြစ်ပေသည်။ သို့ရာတွင် "အင်ပါယာ" နိုင်ငံကြီးမှာ အလွန် ကျယ်ဝန်းကြီးမားလှသည်ဖြစ်သော ကြောင့် ထို "အင်ပါယာ" နိုင်ငံ ကြီးတစ်ဖွမ်းလုံးသို့ နှံ့စပ်အောင် လှည့်လည်ကြရောက်နိုင်ခြင်း မရှိဖြစ်၏။

www.burmeseclassic.com



"အင်ပါယာ" နိုင်ငံကြီးကို စီရင်အုပ်ချုပ်ရေးအလို့ငှာ ပြည်နယ် အများ ဝေပန်ခွဲခြားထားလေရာ ဝေးလံသောပြည်နယ် တို့ကိုမူ မင်းညီ မင်းသားတို့အား ပေးသနားထားလေသည်။ ယင်းသို့ အပိုင်စား ပေးသနားထားသော ပြည်နယ်တို့မှာ တက္ကသိုလ်ပြည် ဥဇ္ဇေနီပြည်၊ တောသာလိပြည်၊ သုဝဏ္ဏဂိရိပြည် စသည်တို့ဖြစ်၏။ ဖဟီယင် အမည်ရှိ တရုတ်ရဟန်းတော်တစ်ပါး၏ ရေးမှတ်တမ်းမှာ လည်း ဓမ္မဝိဝါဒန မင်းသားတစ်ပါးအပိုင်စားသော ဂန္ဓာရဆိုသည့် ပြည်နယ်တစ်ရပ်ရှိသေး ၏။ ဓမ္မဝိဝါဒနဟူသော အမည်မှာ ကုဏ္ဏာလ မင်းသား၏ အခြားသွဲ့ အမည်တစ်မျိုးဖြစ်၏။ ထိုမင်းသားအား ခမည်းတော် အသောကမင်းတရားကြီးက တက္ကသိုလ်ပြည်သို့ သူပုန် ရန်ကို တွန်းလှန်ဖြိုဖျက်ရန် ခန့်ထားစေလွှတ်ခဲ့ဖူးလေသည်။ ထိုဂန္ဓာရဆိုသော ပြည်နယ်တွင် မင်းသားစိုးစံရာဌာနမှာ တက္ကသိုလ်မြို့ ဖြစ်သည်ဟူ၍ ယူဆရန်ရှိ၏။

မင်းညီမင်းသားတို့အား အပိုင်စားပေးသနားခြင်းမပြုသော အချို့ပြည်နယ်တို့လည်းရှိ၏။ ထိုပြည်နယ်တို့မှာ မူလအုပ်စိုးရင်းမင်းတို့ ကိုပင် လွှဲအပ်ခန့်ထားလေသည်။ ထို့ကြောင့် ဗုဒ္ဓဂုတ္တမည်သော နယ်စားမင်းမှာ စန္ဒဂုတ်မင်းကြီးလက်ထက် "အင်ပါယာ" နိုင်ငံကြီး ၏ အနောက်ဘက် ပြည်နယ်တစ်ရပ်ကို ဂိရနာရမြို့မှနေ၍ အုပ်စိုးခဲ့ လေရာ အသောကမင်းတရားကြီး လက်ထက်သို့ကျရောက်သောအခါ ထိုပြည်နယ်ကို တုသာသဖရာဇာမည်သော ပါးရှားမင်းသားတစ်ပါး အား လွှဲအပ်ခန့်ထားခဲ့၏။ "အင်ပါယာ" နိုင်ငံကြီး၏ အတွင်းကျသော

www.burmeseclassic.com



ပြည်နယ်တို့ကိုမူ ပါဠိလိပုတ်နေပြည်တော်မှ ကောရာဇ်ဘုရင်ကြီးက ဘိုက်ရိုပ်ခန့်ထားတော်မူသော နယ်စားမင်းတို့ဖြင့် စီရင်အုပ်ချုပ်စေလေသည်။

ဆိုခဲ့သော မြို့စား၊ နယ်စားမင်းတို့မှာလည်း ထက်အောက်မှူးမတ်များရှိကြ၏။ ထို့မှတစ်ပါး အသောကမင်းတရားကြီး၏ အမိန့်တော်ရာဇသံတို့ကို တိုက်ရိုက်ဆင့်ဆိုတော်မူသော ရာဇဝါစဏ္ဍိက ခေါ် မဟာမတ္တအမတ်တို့လည်း ရှိကြသေးရာ၊ ထိုမဟာမတ္တအမတ်တို့မှာ ပြည်နယ်များကို စီရင်အုပ်ချုပ်ရသည့်အတိုင်း နယ်စားမင်းတို့ ဖြစ်ကြကုန်၏။ သမာပ (ဇောဂဓ) သို့မဟုတ်၊ တ္တသိလစသော မြို့တို့မှာ ထိုနယ်စားမင်းတို့၏ နေထိုင်ရာဌာနတို့ဖြစ်ပေသည်။ ပြည်နယ်ရှိ ခရိုင်နယ်များကို အုပ်ချုပ်သော ခရိုင်ဝန်တို့မှာ ပြာဒ်သိက မဟာမတ္တဟုခေါ်၏။ ပြည်နယ်ကို အုပ်ချုပ်သော သာမန်နယ်စားမင်းတို့ကိုမူ ရာဇူးကဟုခေါ်ပေသည်။ ရာဇူးကတို့၏ ရာထူးဌာနန္တရမှာ ရှေးအထက်ကျော် ကာရိကပင် ရှိသာခဲ့၍ အသောကမင်းတရားကြီး လက်ထက်သို့ ကျရောက်သောအခါ ထိုရာဇူးကတို့အား မိမိတို့၏ ဆိုင်ရာပြည်နယ်အတွင်း တရားရာဇဝတ်စီရင်အုပ်ချုပ်ရေးကို လုံးဝလွှဲအပ်ပြီးလျှင် ပြည်သူဆင်းရဲသားတို့၏ စီးပွားချမ်းသာရေးအတွက် ကြည့်ရှုဆောင်ရွက်စေလေသည်။

သို့ဖြစ်၍ အသောကမင်းတရားကြီး၏ တိုင်းနိုင်ငံစီရင်အုပ်ချုပ်ပုံမှာ အချို့အဝက်အားဖြင့် ကိုယ်တော်တိုင် တိုက်ရိုက်အုပ်ချုပ်၍ အချို့အဝက်အားဖြင့်လည်း မြို့စားနယ်စားတို့မှ တဆင့်စီရင်အုပ်ချုပ်

www.burmeseclassic.com



ခြင်းဖြစ်လေသည်။ မြို့စားမင်းသားတို့ အုပ်စိုးရသော ပြည်နယ်မှာ နယ်စားမင်းတို့ အုပ်ချုပ်ရသော ပြည်နယ်တို့ထက် ကျယ်ဝန်း၏။ ကျောက်စာတော်များအရ ကောရာဇ်ဘုရင်ကြီး၏ တာဝန်ဝတ္တရားတို့မှာ တိုင်းနိုင်ငံ စီရင်အုပ်ချုပ်မှုအတွက် ''ပေါ်လစီ'' ရည်ရွယ်ချက်ကို မိမိ ပြဌာန်း၍ ထိုရည်ရွယ်ချက်အတိုင်း လိုက်နာဆောင်ရွက်ကြစေရန် အမိန့်တော်ရာဇသံတို့ကို ထုတ်ပြန်ဆင့်ဆိုခြင်းဖြစ်၏။ ထိုအမိန့်တော် ရာဇသံတို့မှာလည်း ကျောက်တုံးကျောက်တိုင်များ၌ ရေးထိုးလျက် အမြဲဂေဇက်ထွက်နေစေလေသည်။

တိုင်းနိုင်ငံအကျိုးဖြစ်ထွန်းရေးမှာ ကောရာဇ်ဘုရင်ကြီး ကိုယ်တိုင် အထူးအရေးယူတော်မူသော ဌာနတစ်ရပ်ဖြစ်၏။ တရားခွင့် ရေးဆိုင်ရာဌာနမှာ ကောရာဇ်ဘုရင်ကြီး အုပ်ချုပ်ခြင်းလက်အောက်၌ ထားရှိ၍ ထိုတရားကြီးကြပ်ရေးအမတ်တို့မှာ ပြည်နယ်ဆိုင်ရာ ဝန်ထမ်း အရာရှိမျှသာမဟုတ်ဘဲ ''အင်ပါယာ'' နိုင်ငံကြီး တစ်ဝှမ်းလုံးနှင့် သက်ဆိုင်စေ၏။ ၎င်းပြင် အသောကမင်းတရားကြီး ည် ရဟန်းသံဃာ တော်တို့အတွက် စောင့်ရှောက်ရန် န်ကြီးကိုလည်း ကိုယ်တော် တိုင် ထမ်းရွက်သည့်အတိုင်း ရဟန်းသံဃာတော်တို့အား သင်းခွဲခြင်း အတွက် ပြစ်ပေးစီရင်ရန် ဒဏ်ကို အထူးသဖြင့် 'စိမံသတ်မှတ်ထားရှိလေသည်။

က် များပြားသော တာဝန်ဝတ္တရားတို့ကို ထမ်းဆောင်ရန်မှာ င်းတရားကြီးတစ်ပါးလည်းနှင့် မပြီးနိုင်ဖြစ်သော ကြောင့် က်အောက်အတွင်းဝန်တို့ကိုလည်း ခန့်ထားရ၏။ ထိုမှတစ် ပါး

www.burmeseclassic.com

မင်းတရားကြီးအား တိုင်းနိုင်ငံ စီရင်အုပ်ချုပ်မှုနှင့် သက်ဆိုင်သော အရေးကိစ္စတို့တွင် ကူညီဆောင်ရွက်ရန် "ကယ်ဘိနက်" ခေါ် မှူးမတ် အဖွဲ့လည်း ဖွဲ့စည်းထားလေသည်။

ပြည်နယ်ဆိုင်ရာ စီရင်အုပ်ချုပ်မှုနှင့်စပ်၍ ကျောက်စာတော်တို့တွင် ဖော်ပြပါရှိသည့်အတိုင်း တာဝန်ခံအကြီး ဥက္ကဋ္ဌမှာ ရာဇကုမာရ်တို့ဖြစ်၍ လက်အောက်ခရိုင်ဝန်တို့မှာကား ပြာဒီသိကဟုခေါ်၏။ ၎င်းပြင် အလုပ်ဌာနတို့တွင် ကြီးကြပ်ထမ်းရွက်သူ အရာရှိတို့ကို မုခဟုခေါ်ပေသည်။ မုခခေါ်သူတို့အား ယေဘုယျအားဖြင့် မဟာမတ္တဟုလည်း ခေါ်လေရာ ထိုမဟာမတ္တတို့မှာ ကြီးကြပ် ထမ်းရွက်ရသော ဌာနအလျောက် တရားကြီးကြပ်ရေးဌာနဆိုလျှင် ဓမ္မမဟာမတ္တဟူ၍၎င်း၊ နယ်ခြားအုပ်ချုပ်ရေးဌာနဆိုလျှင် အန္တမဟာမတ္တဟူ၍၎င်း မြို့ပြပြည်အုပ်ချုပ်ရေး ဌာနဆိုလျှင် မဟာမတ္တနဂရဟူ၍၎င်း ခေါ်ဆိုပြန်ဆိုလေသည်။ မဟာမတ္တဟု ရိုးရိုးခေါ်ဆိုပြန်သော်ကား အမတ်ဖြစ်၍ မဟာမတ္တ အမတ်တို့အား အရေးကြီးသော ကိစ္စများအတွက် လွှဲအပ်၍ ဧကရာဇ်ဘုရင်ကြီး၏ မှူးမတ်အဖွဲ့တွင် တိုင်ပင်ဆွေးနွေးစေလေရာ ထိုမဟာမတ္တ အမတ်တို့မှာလည်း အဆိုပါမှူးမတ်အဖွဲ့ဝင်ဖြစ်ကြ၏။ ၎င်းပြင် မဟာမတ္တတို့အား သံတမန်အဖြစ်ဖြင့် ခန့်ထား၍ နယ်ခြားများသာမက ဂရိတ်ဘုရင်၏ဦး ထံသို့၎င်း၊ စောဠပဏ္ဍျယနယ်များသို့၎င်း သီဟိုဠ်ကျွန်းသို့၎င်း စေလွှတ်ခြင်းပြုလေသည်။

သို့ကြောင့် မြို့စားနယ်စားမင်းတို့အား ကူညီထမ်းရွက်ရန်

www.burmeseclassic.com



အလို့ငှာ နိုင်ငံဝန်ထမ်းအဖွဲ့ကို စည်းစနစ်ကျနစွာ ဖွဲ့စည်းထားရှိလေရာ ထိုနိုင်ငံဝန်ထမ်းအရာရှိတို့အား ယေဘုယျအားဖြင့် ဝုရှုသသဟုခေါ်၍ ၎င်းလက်အောက်နိုင်ငံဝန်ထမ်းတို့ကိုမူ ယုတဟုခေါ်၏။ ယုတတို့၏ လုပ်ငန်းမှာ စာရေးတော်ကြီးများကဲ့သို့ ဆိုင်ရာဆိုင်ရာ မဟာမတ္တ အမတ်တို့၏ ရုံး၌ဖြစ်စေ သို့မဟုတ် မှူးမတ်အဖွဲ့ရုံး၌ဖြစ်စေ၊ ဘေရာင် ဘုရင်ကြီး၏ အမိန့်တော်ရာဇသံတို့ကို လုံးပေါင်းပြဋ္ဌာန်းရခြင်းဖြစ်၏။ ထို့ပြင် အထက်အရာရှိတို့ ခရီးထွက်သည့် အခါ၌လည်း လိုက်ပါရလေသည်။

နယ်ခြား စီရင်အုပ်ချုပ်ရေးကို အခြေအနေနှင့် သင့်လျော်သော နည်းစနစ်အတိုင်း ကောင်းမွန်အောင် စီမံအုပ်ချုပ်ခြင်း ပြုလုပ်ပေသည်။ ထိုနယ်ခြားတို့တွင် အသောကမင်းတရားကြီး၏ ရည်ရွယ်တော်မူရင်း အတိုင်း မိဘသဖွယ် စောင့်ရှောက်အုပ်ချုပ်ခြင်း ပင်ဖြစ်၏။ ထိုနယ်ခြား နယ်တို့ကို အထက်ဖော်ပြခဲ့သည့်အတိုင်း အန္တမဟာမတ္တအား အုပ်ချုပ်ရန် လွှဲအပ်ထား၍ ၎င်းတို့၏ အလုပ်ဝတ္တရားမှာ တင်သွင်းလာသော ကုန်ပစ္စည်းများကို အမျိုးအစား စစ်ဆေးကြည့်ရှု၍ ဘံဆိပ်ရိုက်နှိပ် ပြီးလျှင် အကောက်ဝန်ကြီးထံသို့ တင်ပို့ရန်ဖြစ်လေသည်။ ထို့ပြင် မိမိတို့ဆိုင်ရာ နယ်အတွင်း ကုန်သည်ကြီးငယ်တို့၌ ခို ဥက်တိုက်ခိုက် ၍ ဆုံးရှုံးခြင်းခံရသော ပစ္စည်း၏ တန်ဖိုးကိုလည်း အစားပေးသွင်းရသော တာဝန်ရှိကြ၏။

တိုင်းနိုင်ငံအကျိုးဖြစ်ထွန်းရေးနှင့် စပ်၍ ထင်ရှားကြ်ရန်အရာ ရှိ အရာခံတို့ကို ခန့်ထားလျက် ရှိသည့်အတိုင်း တိုင်းသူပြည်သားတို့

www.burmeseclassic.com

www.burmeseclassic.com



လေ့လာသင်ယူရန် ပန်းဥယျာဉ်များ၊ တိုင်းသူပြည်သားတို့ စားသောက်ရန် သရက်၊ မာလကာခြံများအပြင် လမ်းနံဘေးတလျှောက် ဆောက်လုပ်တူးဖော်ထားသော ဇရပ်၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန် စသည်များကို ကြည့်ရှုစောင့်ရှောက်စေ၏။ တိုင်းသူပြည်သားတို့အတွက် ဆေးဝါးအဖြစ် အသုံးပြုရန် စိုက်ပျိုးထားသော ဆေးပင်ဝါးပင်တို့လည်း ရှိသေးရာ အစိုးရဥယျာဉ်မှူးတို့က စောင့်ရှောက်ရ၏။ ထို့ပြင် လူတို့၌ရှိရင်း၊ တိရစ္ဆာန်တို့၌ရှိရင်း ဖြစ်ပွားသော ရောဂါဝေဒနာများအတွက် ပြုစုကုသ ရန် အစိုးရခန့်သမားတော်တို့လည်း အမျိုးမျိုးရှိကြလေသည်။ "အင်ပါ ယာ"နိုင်ငံကြီး၏ အုပ်ချုပ်ရေး "ပေါ်လစီ" ရည်ရွယ်ချက်နှင့်စပ်၍ သတ္တု ချသော် အသောကမင်းတရားကြီး၏ အမိန့်တော်ပြန်တမ်းတို့အရ။ ။ "အကြီးဆုံးသော အောင်မြင်ခြင်းမှာ လက်နက်အားကိုးမဟုတ်ဘဲ တရားဓမ္မဖြင့်သာလျှင် အောင်မြင်ခြင်းမည်၍ စစ်ခရာသံအစား တရားစည်ကြီးကို မြည်ဟီးကြွေးကြော်စေရန်" ဖြစ်ပေသတည်း။ ပရော်ဖက်ဆာ မူကာဂျီ၏ စာအုပ်မှ ထုတ်နုတ်ချက်။

ဒေါက်တာ ဗင်ဆင့်စမစ်၏ စာအုပ်မှ ထုတ်နုတ်ချက်မှာ ဘိုးတော် စန္ဒဂုတ်မင်းကြီး တည်ထောင်ခဲ့သော မောရိယ "အင်ပါယာ" နိုင်ငံကြီးမှာ သားတော်အစဉ်၊ မြေးတော်အဆက်ဆက်ခံစိုးစံလာခဲ့ သည့်အတိုင်း အသောကမင်းလက်ထက်၌လည်း ဘိုးတော်စန္ဒဂုတ်မင်း ကြီးလက်ထက်မှာကဲ့သို့ပင် စီရင်အုပ်ချုပ်လိမ့်မည်ဟု ထင်မှတ်ဖွယ်ရှိ ပေသည်။ ဘိုးတော်စန္ဒဂုတ်မင်းကြီး

www.burmeseclassic.com



လက်ထက် စီရင်အုပ်ချုပ်ပုံ အုပ်ချုပ်နည်းနှင့်စပ်၍ ဂရိတ်သံကာနှင့်ကြီး မိဂသေနဏ် မှတ်တမ်း အရ။ ။

မောရိယ "အင်ပါယာ" နိုင်ငံကြီး၏ ဗဟိုထိန်းနန်းစိုက်ရာ ပါဋလိပုတ်နေပြည်တော်ကို လူကြီး ၃၀ သုံးဆယ်ပါဝင်သော ကော်မတီ ရှင်အဖွဲ့ဖြင့် အုပ်ချုပ်၏။ ထိုကော်မတီရှင်အဖွဲ့ကို တဖန် လူကြီး၅ဦးစီ ပါဝင်သော ဘုတ်အဖွဲ့ခြောက်ဖွဲ့ခွဲ၍ ဖွဲ့ထားပြန်ရာ ပထမဘုတ်အဖွဲ့မှာ လက်မှု၊ စက်မှုလုပ်ငန်းကို စီမံအုပ်ချုပ်၏။ ဒုတိယဘုတ်အဖွဲ့မှာ ယခု ခေတ်ကာလ ကောင်စစ်ဝန်များကဲ့သို့ နိုင်ငံခြားသားတို့၏ သာရေး၊ နာရေး စသည်များကို စောင့်ရှောက် စီမံလေသည်။ တတိယဘုတ်အဖွဲ့ မှာ အခွန်တော်စည်းကြပ်ရေးနှင့် အခြားအရေးကိစ္စများအတွက် လူတို့၏ ဖွားသေစာရင်းကိုကိုင်၍ စတုတ္ထဘုတ်အဖွဲ့မှာ ကုန်ကူးသန်း ရောင်းဝယ်ရေးကို ကြီးမှူးအုပ်ချုပ် ၍ အခလေး၊ တင်းတောင်း၊ အတိုင်းအတာတို့ပါ ကြည့်ရှုစီမံ၏။ ရောင်းချရန် ကုန်ပစ္စည်းဟူသမျှတွင် အစိုးရတံဆိပ် ရိုက်နှိပ်ပါ ရှိစေသည့်အတိုင်း ၎င်းအပေါ်မှရရှိသော အခွန်မှာ များပေသည်။ ပဥ္စမဘုတ်အဖွဲ့သည် တိုင်းရင်းဖြစ်ကုန်ပစ္စည်း နှင့် နိုင်ငံခြားမှ တင်သွင်းသော ကုန်ပစ္စည်းများ ရောင်းဝယ်ရေးကို စီမံအုပ်ချုပ်၏။ ဆဋ္ဌမဘုတ်အဖွဲ့သည် ကုန်ပစ္စည်းများ ရောင်းဝယ်ရေး အပေါ်တွင် စည်းကြပ်သော အခွန်တော်တို့ကို ကောက်ခံခြင်းပြုလေ သည်။

"အင်ပါယာ" နိုင်ငံကြီးအတွင်းရှိ အခြားသောမြို့ရွာနယ်ပယ် စသည်တို့၌လည်း စီရင်အုပ်ချုပ်ပုံမှာ ထို့အတူပင် စည်းစနစ်ကျ၍

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမွန်သေးသပ်လေသည်။ လမ်း-စခန်းများနှင့်စပ်၍ "အင်ပါယာ" နိုင်ငံကြီးအတွင်း တစ်မြို့နှင့် တစ်မြို့ ကူးသန်းသွားလာနိုင်ရန် ကုန်းလမ်း၊ ရေလမ်းများ ဖောက်လုပ်ထားရှိလေရာ ပါဋလိပုတ်နေပြည်တော်မှ တက္ကသိုလ်ပြည်အရောက် ဖောက်လုပ်ထားသော လမ်းကြီးတစ်လမ်း မှာ အင်္ဂလိပ်မိုင်ပေါင်းတစ်ထောင်ခန့် ရှည်လျား၍ လမ်းနံဘေး တလျှောက်၌လည်း အရိပ်ဆာယာကောင်းမွန်သော သစ်ပင်များ စိုက်ပျိုးထားသည့် အပြင် လူတို့နားနေရန် ဇရပ်၊ တန်ဆောင်းတို့နှင့် တကွ ရေတွင်း ရေကန်များပါ တူးဖော်လုပ်ကိုင်ထားရှိလေသည်။ လယ်ယာစိုက်ပျိုးရေးအတွက် ဆည်၊ တူးမြောင်းတို့မှာလည်း အကြီးအကျယ်စီမံ လုပ်ကိုင်ထားသည့်အတိုင်း စည်းကြပ်ခွဲခန့်၍ ရရှိ သော အခွန်တော်မှာ အများဆုံးဖြစ်၏။

စစ်ဘက်မှာလည်း အလွန်ကြီးကျယ်၍ လူကြီးဦးရေ သုံးဆယ်ပါဝင်သော စစ်ရုံးကြီးက အုပ်ချုပ်ခြင်းပြု၏။ ထိုစစ်ရုံးကြီး၌ ခြောက်ဌာန ဖွင့်ထားလေရာ ပထမဌာနမှာ ရေကြောင်းဘက်ဆိုင်ရာ ဌာနဖြစ်၍ မြစ်ချောင်းသွား လှေ၊ သင်္ဘောနှင့်တကွ ပင်လယ်ကူး သင်္ဘောကြီးများ ပါ ကြီးမှူးအုပ်ချုပ်၏။ ဒုတိယဌာနမှာ စစ်သည်ရဲမက်တို့နှင့် ၎င်းတို့၏ စားရေးရိက္ခာများကို တင်ပို့သော ဌာနဖြစ်ပေသည်။ တတိယဌာနမှာ ခြေလျင်တပ်သားများကို ၎င်း၊ စတုတ္ထဌာနမှာ မြင်းစီးတပ်သားများကို ၎င်း၊ ပဉ္စမဌာနမှာ စစ်ရထားများကို၎င်း ဆဋ္ဌမဌာနမှာ စစ်ဆင်များကို ၎င်း စီမံအုပ်ချုပ်၏။

www.burmeseclassic.com

www.burmeseclassic.com



စစ်ရထားများကို မြင်းနှစ်ကောင် သို့မဟုတ် လေးကောင်ဆွဲ၍ စစ်ချီသွားသည့် အခါ၌မူကား မြင်းများအစားရစေခြင်းငှာ နွားဖြင့်ဆွဲယူစေလေသည်။ စစ်ဆင်များမှာ စစ်တိုက်ရာ၌ အရေးတကြီး အသုံးပြု၏။ စစ်ဆင်တစ်ကောင်လျှင် ဆင်ဦးစီးအပြင် စစ်သည်သုံးယောက်ကျစီ စီး၍ တိုက်လေ့ရှိ၏။ ခြေလျင်တပ်သားတို့သည် လေးနှင့်မြားကို စွဲကိုင်ကြလေရာ လေးမှာ စွဲကိုင်သူ၏အရပ်နှင့် အညီအမျှဖြစ်ပေသည်။ မြားမှာကား အလျားသုံးကိုက်ခန့် ရှည်သဖြင့် အလွန်ကြောက်မက်ဖွယ်ကောင်းသော လက်နက်ဖြစ်၏။ စစ်သည်တို့သည်နွားရေဖြင့် ကျက်ထားသော ဒိုင်းရှည်များကိုလည်း ကိုင်ဆောင်ကြ၏။ ထိုခေတ်အခါက နွားများကို အထွတ်အမြတ်ပြုလုပ်ခဲ့ကြပုံမတူချေ။ ခြေလျင်တပ်သားအချို့လည်း လေးမြားတို့အစား လှံတိုများကို စွဲကိုင်ကြလေသည်။ သို့သော် စစ်သည်ရဲမက်ဟူသရွေ့တို့မှာ အသွား သုံးတောင်ခန့်ရှိသော ဓားလွယ်များကို ကိုယ်စီကိုယ်ငှ ကိုင်ဆောင်ကြ ကုန်၏။ မြင်းစီးတပ်သားတို့မှာ လှံရှည်နှစ်ချောင်း၊ ဒိုင်းတိုတစ်ခုကျစီ ကိုင်ဆောင်ကြပေသည်။ စစ်သည်ရဲမက်များ စွဲကိုင်အသုံးပြုသော လက်နက်ကိရိယာတို့နှင့် စပ်၍ ယခုကဲ့သို့ အကျယ်တဝင့် ဖော်ပြချက် မှာ ဂရိတ်သံတမန်ကြီး မိဂသေန၏ မှတ်တမ်းပါအတိုင်းဖြစ်၍ များမကြာမီက ဗေရာတပေါ် ရှေးမြို့ဟောင်းကြီး၌ ရှာဖွေတွေ့ရှိခဲ့သော အသောကမင်းတရားကြီး၏ စေတီပုထိုးတော်ရှိ လူ့အလုံးအရပ်ခန့် ကြီးမားသည့် စစ်သားရုပ်နှင့်လည်း တစ်ထပ်တည်း ကိုက်ညီလျက် ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြဆိုခဲ့သည့်အတိုင်း တိုင်းနိုင်ငံ စီရင်အုပ်ချုပ်မှုမှာဆိုင်ရာဆိုင်ရာ ဌာနန္တရတို့နှင့် ဝေဖန်ခွဲခြားကာ စည်းစနစ်ကျနသေသပ်စွာ အုပ်ချုပ်လုပ်ကိုင်ခဲ့လေရာ များစွာအံ့ဩချီးမွမ်းဖွယ်ကောင်း၏။ တိုင်းနိုင်ငံ စီရင်အုပ်ချုပ်မှုတွင် ဤမျှလောက် အထက်တန်းရောက်၍ ထမြောက်အောင်မြင်ခဲ့ခြင်းမျိုးများသည် ရာဇဝင်တို့၌ အလွန်ရှား၏။ "အင်ပါယာ" နိုင်ငံကြီးကို ဖြစ်မြောက်အောင် တည်ထောင်ရုံမျှသာ မကသေး၊ စီရင်အုပ်ချုပ်ရေးကိုလည်း အကြီးအကျယ်စီမံဖွဲ့စည်းနိုင်လေရကား ကောရာဇ်ဘုရင်ကြီး၏ အမိန့်တော်ရာဇသံဆိုလျှင် ပါဋလိပုတ်နေပြည်တော်မှသည် ကုန္တုမြစ်သို့တိုင်ရင်း အာရေဗျပင်လယ်သို့တိုင်ရင်း မပျက်မကွက် ဦးထိပ်ထက်တွင် ဆင်ရွက်နာခံကြလေသည်။

အသောကမင်းတရားကြီး ဖွားမြင်တော်မူသည်မှ နတ်ရွာစံတော် မူသည်အထိ ခုနှစ်သက္ကရာဇ်တို့ကို ဝတ္ထု၊ ကျမ်းဂန်များနှင့် ညှိနှိုင်းလျက် တွက်စစ်ကြည့်သော် အောက်ပါအတိုင်းတွေ့ရ၏။

သက္ကရာဇ် (ခရစ်တော်ပေါ်မီ သက္ကရာဇ်ကိုဆိုလိုသည်)

၃၀၄-ခု။ အသောကမင်းတရားကြီးကို ဖွားမြင်တော်မူသည်။

၂၈၆-ခု။ (၁) အသောကမင်းသား အသက်၁၈နှစ်အရွယ် ဥဇ္ဇေနီပြည်ကို အပိုင်စားပေးသနားခြင်းခံရ၍ သွားရောက်စံနေသည်။

(၂) ဝေဒိသသဂိရိမြို့မှ ဒေဝီမင်းသမီးကို ကောက်ယူသိမ်း ပိုက်သည်။

၂၀၄-ခု။ သားတော် မဟိန္ဒကို ဖွားမြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



၂၈၂-ခု။ သမီးတော် သဃ်မိတ္တာကို ဖွားမြင်သည်။

၂၇၄-ခု။ (၁) ခမည်းတော် ဗိန္ဒုသာရမင်းကြီး နတ်ရွာစံ၍ ထီးနန်း ဆက်ခံသည်။

(၂) နောင်တော် သုမဏာ အနိစ္စရောက်သည်။

(၃) နောင်တော် သုမဏာ၏ သားတော် နိဂြောဓ သာမဏေကို ဖွားမြင်သည်။

၂၇၀ပြည့် (၁) အသောကမင်း ရာဇာဘိသေကကို ခံတော်မူသည်။

(၂) ညီတော် တိဿအား အိမ်ရှေ့အပ်နှင်းသည်။

(၃) အသန္ဓိမိတ္တာကို အဂ္ဂမဟေသီမြှောက်သည်။

၂၆၈-ခု သမီးတော် သဃ်မိတ္တာကို တူတော်အဂ္ဂိဗြဟ္မာနှင့် ထိမ်းမြားသည်

၂၆၇-ခု မြေးတော် သုမနကို (သဃ်မိတ္တာမှ) ဖွားမြင်သည်။

၂၆၃-ခု သားတော် ကုဏ္ဍာလကို (ပဒမာဝတီမိဖုရားမှ) ဖွားမြင်သည်။

၂၄၀ ပြည့် အသန္ဓိမိတ္တာမိဖုရားကြီး ကံကုန်သည်။

၂၃၆ ခု တိဿရက္ခာ မိဖုရားကို အဂ္ဂမဟေသီ မြှောက်သည်။

၂၉၂ ခု အသောကမင်းတရားကြီး နတ်ရွာစံတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)
## ဗုဒ္ဓဘာသာဖြစ်လာခြင်းအကြောင်း

အသောကမင်းတရားကြီးသည် ဖွားရောက်မှုသည်မှစ၍ မင်းအဖြစ်သို့ ရောက်သည်တိုင်အောင် မျိုးရိုးစဉ်လာအတိုင်း ဖြဟ္မဏာနွယ်ဝင်ဖြစ်ရာကား ဗြဟ္မဏာနွယ်ဝင်မင်းတို့ကဲ့သို့ ကျင့်ကြံနေထိုင်တော် မူလေသည်။ ဘိုးတော် ခမည်းတော်တို့၏ ထုံးနည်းတံထွာအတိုင်းလည်း အာဇီဝကတို့အား ကိုးကွယ်၍ တစ်နေ့တစ်နေ့လျှင် နန်းတော်တွင် အာဇီ ဝကပေါင်း ခြောက်သောင်းတို့အား ဆွမ်းဝတ် ပျက်စေရ လုပ်ကျွေး တော်မူလာခဲ့၏။ သို့ရာတွင် အဘိသိက်စံ၍ လေးနှစ်မြောက်သောအခါ တစ်နေ့သ၌ မိဖြာမသာမဏေရဝယ်ကား အားလုံးကုန်သော အာဇီဝက ဟိုနှင့်မတူ

www.burmeseclassic.com

www.burmeseclassic.com



ခြားနားလျက် အလွန်ကြည်လင်သော ဗွာနေ့သည်ရှိ၏။ ကိုယ်အမူအရာလည်း သိမ်မွေ့စွာရှိ၏တကား။ ဤသာမဏေငယ်၏ ကိုယ်တွင်း၌ မြတ်သောတရားသည်ရှိပေအံ့" ဟု အောက်မေ့ပြီးသော် အလွန်ချစ်ခင်ကြည်ညိုသော စိတ်သည် ဖြစ်ပေါ်လေ၏။ ထိုနေ့မှစ၍ နိဂြောဓသာမဏေငယ်၏ ဟောကြားသောတရားကို ဆက်ဝင် ယုံကြည်ခဲ့သည့်အပြင် ထိုသာမဏေငယ်ကို အကြောင်းပြု သဖြင့်လည်း အရှင် မောဂ္ဂလိပုတ္တတိဿ မထေရ်နှင့်တကွ များစွာသော ရဟန္တာအရှင်မြတ် တို့အား ကိုးကွယ်ဆည်းကပ်ခြင်း ပြုလာလေသည်။

နိဂြောဓ သာမဏေငယ်၏ အကြောင်းကား၊ အသောက မင်းတရားကြီး၏ နောင်တော်သုမနမင်းသားသည်၊ ပါဋလိပုတ် နေပြည်တော်ကို လုပ်ကြံရာတွင် ကျဆုံးသည့်နောက် ထိုသုမန မင်းသား၏ မြောက်သားတော် သုမနာဒေဝီမှာ ကိုယ်ဝန်အရင့်အမာနှင့် ကျန်ရစ်ခဲ့သည့်အတိုင်း တိမ်းရှောင်၍ ထွက်ပြေးရာ၌ ဖွားမြင်သော သားတော်ကလေးဖြစ်၏။ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မှာကား မြတ်စွာဘုရားလက်ထက်တော်မှစ၍ ဇာတ်တွက်သည်ရှိသော် ဆဋ္ဌမမြောက် ဝိနည်းမိုရ်ပုဂ္ဂိုလ်ဖြစ်၍ ၎င်း၏အထက် လွန်လေပြီး သော ဝိနည်းမိုရ် ပုဂ္ဂိုလ်တို့မှာမူ အရှင်ဥပါလိ၊ အရှင်ဒါသကာ၊ အရှင်သောဏ၊ အရှင်သိဂ္ဂဝ၊ အရှင်စဏ္ဍဝဇ္ဇီစသော ရဟန္တာအရှင်မြတ် တို့ ဖြစ်ကြကုန်၏။

တာရံဗေရာအခါ နန်းလျာအိမ်ရှေ့ထားသော ညီတော်တိဿ မင်းသားသည် တိုင်းသူပြည်သားတို့အား ညှင်းပန်းနှိပ်စက်ပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



ထင်အလိုကျင့်ကြံနေထိုင်ခြင်းအကြောင်းကို မှူးမတ်တို့ တင်လျှောက်သဖြင့် ကြားသိလေသော် အသောကမင်းတရားကြီးမှာ နှလုံးမချမ်းမြေ့မသက်သာဖြစ်ကာ "ငါသည် တိုင်းနိုင်ငံကို တရားသဖြင့် ပြုလုပ်အုပ်ချုပ်ရန် ကြံစည်အားထုတ်ဆဲတွင် ဤကဲ့သို့ ငါ၏ ညီတော်က မတော်မတရားပြုလုပ်ကျင့်ကြံသည်ဆိုခြင်းမှာ လွန်စွာမှ မလျော်ပေတကား" ဟု ဝမ်းနည်းစကား မိန့်ကြားတော်မူလေရာ ညီတော်တိဿလည်း သတိသံဝေဂရလျက် အပြစ်ကို ဝန်ခံပြီးလျှင် ရဟန်းခွင်သို့ ဝင်လေသည်။

သို့ရာတွင် သီဟိုဠ်ကျမ်းဂန်တို့၌ကား ညီတော်တိဿမင်းသားသည် အသောကမင်းတရားကြီး ကိုးကွယ်တော်မူသော ရဟန်းတော်တို့အား အဲလိုရှိရာ စားသောက်နေထိုင်ခါဖြင့် အဘယ်မှာလျှင် ပျော်ပါး မြူးတူးခြင်းကင်းနိုင်ပါအံ့နည်းဟု အရာမဟုတ်သည်ကို ကြံစည်ပြော ဆိုသည့်အတိုင်း အသောကမင်းတရားကြီးလည်း မှူးမတ်တို့နှင့် တိုင်ပင်ပြီးသော် ရင်းညီတော်တိဿအား ဥပါယ်တမျှင်ဖြင့် နန်းတင်စေလေ၏။ ထို့နောက် မင်းတရားကြီးသည် ယင်းသို့ နန်းတင်ထားသော ညီတော်တိဿအား "ငါအသက်ရှိစဉ်မှာပင် ငါ၏ ထီးနန်းကို လုယူရသလော" ဟု အမျက်ထွက်သကဲ့သို့ ပြုပြီးလျှင် ခုနစ်ရက်လည်သော် သတ်စေဟု မိန့်တော်မူလေ၏။ ထိုအခါ ညီတော်တိဿလည်း နောင်တော်သည် ငါ့အား စင်စစ် သတ်တော့အံ့ဟု မစားမသောက်နိုင်ဘဲ စိတ်ခြောက်ချားလျက်နေရာ ခုနစ်ရက်လည်သောအခါ မင်းတရား

www.burmeseclassic.com



ကြီးသည့် ညီတော်တိဿအား ခေါ်တော်မူ၍ "ညီတော် သင်ကား အဘယ်ကြောင့် မစားမသောက်၊ စိတ်ခြောက်ချားခြင်းဖြစ်နေဘိသနည်း" ဟု မေးတော်မူ၏။ "အရှင်မင်းကြီး သေဘေးကို ကြောက်သောကြောင့် ဖြစ်ပါသည်" ဟု လျှောက်လေသော်၊ "ညီတော် သေအံ့သော နေ့ရက် ကို သိမြင်နိုင်သေးလျက် မမြူးတူးနိုင်ရှိသေး၏။ ရဟန်းတော် အရှင်မြတ် တို့မှာကား မရဏာနုဿတိဟု ဆိုအပ်ပေသော သေခြင်းတရားကို နေ့ညဉ့်ရှုကြကုန်လျက် အဘယ်မှာ မြူးတူးနိုင်ပါအံ့နည်း" ဟု မိန့်ဆို တော်မူလေရာ ညီတော်တိဿလည်း ထိုအခါမှစ၍ သာသနာတော်၌ အလွန်ကြည်ညိုခြင်းဖြစ်လာပြီးလျှင် ယနေ့ပင် ရဟန်းပြုအံ့ဟု ခွင့်တောင်းလေ၏။

သီဟိုဠ်ဘာသာဖြင့် ရေးထားသော သီရဂါထာဋီကာကျမ်း၌လည်း အသောကမင်းတရားကြီး၏ ညီတော် ဝိတသောကသည် ခတ္တိယ မင်းညီမင်းသားတို့ တတ်မြောက်အပ်သော ပညာရပ်တို့ကို သင်ကြားတတ်မြောက်ပြီးသော် မင်းသားဘဝဖြင့် စံစားနေလေ၏။ ထို့နောက် မိမိ၏ ဥပဇ္ဈာယ်ဆရာထံ သုတ္တန်ပိဋက၊ အဘိဓမ္မာပိဋကတို့ကို လေ့ကျင့်ဆည်းပူးပြန်လေသော် တစ်နေ့သောအခါဝယ် ဆံမုတ်ဆိတ်ရိတ်ဖြတ်ရင်း ကြေးမုံထဲတွင် မိမိ၏ ဦးခေါင်းမှ ဖြူဆွတ်သော ဆံပင်တို့ကို မြင်လေလျှင် သံဝေဂရသဘောတရားကို ဆင်ခြင်စဉ်းစားမိလေရကား ဥပဇ္ဈာယ်ဆရာအထံ၌ပင် ရဟန်းပြုလေရာ မကြာမြင့်မီ အရဟတ္တဖိုလ်သို့ ရောက်လေသည်ဟု ပါရှိ၏။

အိမ်ရှေ့မင်း ရဟန်းပြုပြီဟု ကြားလေသော် ကျွ[illegible]

www.burmeseclassic.com



အဂ္ဂနိဗြဟ္မာမင်းသား မှာလည်း သင်္ဃမိတ္တာနှင့် စုံဖက်တော်မူ၍ သားတော်ကလေး သုမနကို ရပြီးသည့်နောက် ပဗ္ဗဇ္ဇာဝါသမှ ငြီးငွေ့နေလေရကား မင်း၏ အထံတော်သို့သွားကာ ရဟန်းပြုပါရစေဟု ခွင့်တောင်းလေ၏။ အသောကမင်းတရားကြီးလည်း တောင်းဆိုသည့်အတိုင်း ခွင့်ပေးလေရာ အဂ္ဂနိဗြဟ္မာမင်းသားသည် ထိုနေ့ပင် ရဟန်းပြုလေသည်။ ထို့ပြင် သီဟိုဠ်ကျမ်းဂန်တို့တွင် အဆိုရှိသည်မှာလည်း မင်းတရားကြီးသည် သာသနာတော်၌ အလွန်ကြည်ညိုခြင်းဖြစ်သည့်အတိုင်း ဘုရားသခင်၏ သရီရဓာတ်တော်များထားရှိရာ ဌာပနာတိုက်တို့ကို တူးဖော်ပြီးသော် စေတီပေါင်း ရှစ်သောင်းလေးထောင် တည်တော်မူသည်ဟု ဆိုလေသည်။

ထိုသရီရဓာတ်တော်တို့မှာ မူလက ဘုရားသခင်ပရိနိဗ္ဗာန်ပြုတော်မူရာ ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ လက်ဝယ်ရှိခဲ့ရာမှ တစ်ပါးသော ပြည်ထောင်ချင်းမင်းတို့က စစ်ကြီးစီရင်၍ တောင်းဆိုလာကြသောကြောင့် ခွဲဝေ၍ ပေးခဲ့ရသည်ဟုဆို၏။ နောက် နှစ်ပေါင်းများစွာကြာရှိသောအခါ အသောကမင်းတရားကြီးသည် ထိုသရီရဓာတ်တော်များထားရှိရာ ဌာပနာတိုက်တို့ကို တူးဖော်ရာတွင် အားလုံးကုန်သော ဌာပနာတိုက်တို့ကို တူးဖော်နိုင်သော်ငြားလည်း ရာမဂါမပြည် ဌာပနာတိုက်ကိုမူကား နဂါးမင်း စောင့်သောကြောင့် တူးဖော်၍မရဖြစ်လေသည်။ ဤအကြောင်းအရာကို သဉ္စိစေတီတော်ကြီး၏ အဝင်ဝတစ်ခု၌ ပုံထုလုပ်ထားသည်မှာ မင်းတရားကြီးသည် စစ်ရထားစီး၍ မျက်နှာကျက်ပါမြင်းတစ်၊ ခြေလျင်တစ်၊ ဆင်တပ်တို့နှင့်တကွ ရာမဂါမဌာပနာ

www.burmeseclassic.com



တိုက်သို့ ချီတက်တော်မူလာသည့်ပုံဖြစ်လေသည်။

အသောကမင်းတရားကြီးသည် သာသနာတော်၌ အလွန်ကြည်ညိုခြင်းဖြစ်ကြောင်း၊ အခြားသက်သေ သာဓကတစ်ခုမှာ လည်း ပါဋလိပုတ်နေပြည်တော်ရှိ ကျောက်ဖျာကြီးပေါ်တွင် ချထားတော်မူခဲ့သော ဘုရားခြေတော်ရာကို နေ့စဉ်နေ့တိုင်း ပူဇော်သက္ကာရပြုကြောင်းနှင့် အိန္ဒိယနိုင်ငံသို့ ရှေးကဘုရားဖူးရောက်လာသော ယုအံချောင်အမည်ရှိ တရုတ်ရဟန်းတော်တစ်ပါး၏ မှတ်တမ်း၌ ဖော်ပြပါရှိလေသည်။ မဟာဝံသကျမ်း၌လည်း မင်းတရားကြီးသည် သားတော်မဟိန္ဒမင်းသားနှင့် သမီးတော် သင်္ဃမိတ္တာ မင်းသမီးတို့အား ရဟန်းပြုစေပြီးသော် သာသနာ့အမွေကို ခံတော်မူသည်ဟု လာရှိ၏။ ယင်းသို့ သားတော်နှင့် သမီးတော်တို့ ရဟန်းပြုကြသည်ကား သက္ကရာဇ် ၂၆၄ ခု ပေတည်း။

သက္ကရာဇ် ၂၆၂ ခု၊ အဘိသိက်ခံ၍ ရှစ်နှစ်မြောက်သောအခါ အသောကမင်းတရားကြီးနှင့်တကွ အရှေ့ဘက် ကမ္ဘာ့ရာဇဝင်ကို ပြုပြင် ပြောင်းလဲစေမည့်အရေးကြီးသော အကြောင်းခြင်းရာ တစ်ခုသည် ဖြစ်ပေါ်လာခဲ့လေသည်။ ဖြစ်ပေါ်ပုံကား အိန္ဒိယနိုင်ငံ၏ အရှေ့ဘက် ပင်လယ်ကမ်းခြေ၊ မဟာနဒီနှင့် ဂေါ်ဒါဝရီမြစ်တို့စပ်ကြား ကလိင်္ဂ မည် သောတိုင်းသည် တည်ရှိရာ ထိုတိုင်းမှာ မောရိယ "အင်ပါယာ" နိုင်ငံ ကြီး၏ အပါအဝင်မဟုတ်ဘဲ တသီးပုဂ္ဂလတိုင်း ပြည်ဖြစ်၏။ ရကား မင်းတရားကြီးသည် "အင်ပါယာ" နိုင်ငံကြီး၏ တောင်ဘက်နယ်နိမိတ်မှာ ညီညာစွာရှိစေခြင်းအလို့ငှာ ထိုကလိင်္ဂတိုင်း

www.burmeseclassic.com



အို တိုက်ခိုက်သိမ်း ယူစေလေ၏။ တိုက်ခိုက်ရာတွင် ကလိင်္ဂတိုင်းမှ စစ်သည်ရဲမက်ပေါင်း တစ်သိန်းကျော်မျှကျဆုံး၍ အခြားစစ်သည် ရဲမက်ပေါင်း တစ်သိန်း ငါးသောင်းတို့မှာလည်း သုံ့ပန်းအဖြစ် ဖမ်းဆီး ခြင်းခံရလေ၏။

ထိုမှတစ်ပါး ကလိင်္ဂတိုင်းပျက်၍ ထွက်ပြေးရင်း သေကြေ နစ်မွန်းကြကုန်သော လူအပေါင်းတို့မှာလည်း မရေမတွက်နိုင်အောင် များပြားလေရာကား မင်းတရားကြီးသည် ထိုကလိင်္ဂတိုင်းကို တိုက် ခိုက်အောင်မြင်သည့်နောက် ယူကျုံးမရ သတိသံဝေဂကြီးစွာ ဖြစ်တော် မူလေသည်။ ယင်းသို့ သတိသံဝေဂဖြစ်တော်မူသည့်အတိုင်း ဗုဒ္ဓဘာ သာတရားတော်ကို အထူးသဖြင့် ဆည်းကပ်ကိုးကွယ်လာပြီးသော် တရားတော်နှင့်ညီလျော်စွာလည်း ကိုယ်စိတ်နှစ်ပါးကို ပြုပြင်ပြောင်း လဲလျက် "အကြီးဆုံးသော အောင်မြင်ခြင်းမှာ လက်နက်အားကိုး မတုတ်ဘဲ တရားဓမ္မဖြင့်သာလျှင် အောင်မြင်ခြင်းမည်ပေသည်" ဟု သဘောနှလုံးစွဲပိုက်တော်မူလာခဲ့၏။ ဗုဒ္ဓဘာသာတရားတော်မှာလည်း ထိုစဉ်အခါက အိန္ဒိယနိုင်ငံ၌ ရှိသမျှသော ဘာသာတရားတို့တွင် အကြွမ်း မပက် အနုသက်သက် ဟောကြားတော်မူသော တရားတော်တစ်ခု ဟည်းပင်ဖြစ်လေသည်။

အသောကမင်းတရားကြီး၏ အယူဝါဒ ပြောင်းလဲလာပုံနှင့် စပ်၍ ၎င်း၏ ကျောက်စာအငယ်၊ အမှတ်-၁ တွင် "ငါသည် ဗုဒ္ဓဘာ သာဥပါသကာဖြစ်ခဲ့လေပြီ။ သို့ဖြစ်စေကာမူ ထိုတရားတော်အတိုင်း စိတ်အားထက်သန်စွာ လိုက်နာကျင့်ဆောင်ရခြင်း မရှိသေးပေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ငါ့မှာ ရဟန်းသံဃာတော်အရှင်မြတ်တို့ထံ၌ ဆည်းကပ်ခဲ့သည်ကား တစ်နှစ်-ဘစ်နှစ် ကျော်လွန်လေပြီ။ ယင်းသို့ ဆည်းကပ်ခဲ့သည့်နေ့မှ စ၍လည်း တရားတော်ကို မဆုတ်မနစ် ကြိုးပမ်းအားထုတ်လာခဲ့၏" ဟု ဖော်ပြပါရှိလေသည်။ ဤကျောက်စာတော်၌ ဖော်ပြချက်ကို အခြား ကျောက်စာအကြီး အမှတ် ၁၃တွင် ပါရှိချက်တို့နှင့်အတူ ပေါင်းစပ် ၍ ကြည့်ရှုသော်။

(က) ကလိင်္ဂတိုင်းကို တိုက်ခိုက်မိခြင်းကြောင့် မင်းတရားကြီး ၌ ဖြစ်ပွားရသော ပူဆွေးနောက်ခဲ့တို့သည် ၎င်းအား ဗုဒ္ဓဘာသာတရားတော် တွင် စိတ်အားထက်သန်စွာ ဖြစ်လာစေခြင်းတစ်ရပ်။

(ခ) ကလိင်္ဂတိုင်းကို တိုက်ခိုက်ခြင်းမပြုမီက မင်းတရားကြီးမှာ ဗုဒ္ဓဘာသာတရားတော်ကို သာမန်ယုံကြည် သက်ဝင်ရုံမျှသာရှိ၍ စိတ်အားထက်သန်စွာ မရှိခဲ့သေးခြင်းတစ်ရပ်။

(ဂ) မင်းတရားကြီးသည် သက္ကရာဇ် ၂၆၅ ခု ဗုဒ္ဓဘာသာတရားတော်ကို သက်ဝင်ယုံကြည်လာသည့်နေ့ကစ၍ သက္ကရာဇ် ၂၆၂ ကလိင်္ဂတိုင်းကို တိုက်ခိုက်ခြင်းမပြုမီ နှစ်နှစ်ခွဲကျော်ကာပင် ဘာသာ ဥပါသကာဖြစ်လာခြင်းတစ်ရပ်။

(ဃ) သက္ကရာဇ် ၂၆၂ ခု ကလိင်္ဂတိုင်းကို တိုက်ခိုက်ပြီးသည် ပြီးနောက် ရဟန်းသံဃာတော်အရှင်မြတ်တို့အထံ၌ ရှေးက ထက်တိုးထက်၍ ဆည်းကပ်ပြီးလျှင် တရားတော်ကို ကြိုးပမ်း အားထုတ်လာခဲ့ခြင်းတစ်ရပ်။ ဤအကြောင်းအရာရပ်တို့ကို တွေ့ရှိရ

www.burmeseclassic.com

www.burmeseclassic.com



ပေသည်။

အသောကမင်းတရားကြီးသည် ဗုဒ္ဓဘာသာတရားတော်ကို သက္ကရာဇ် ၂၆၂ ခုမှသည် ၂၆၀ ပြည့်အထိ တစ်နှစ်ကျော် ကြိုးပမ်းအားထုတ်ခဲ့လေရာ ထိုအခါက ကျောက်စာအငယ်အမှတ် ၁ ကို ရေးထိုးတော်မူခဲ့၏။ ဆိုခဲ့သော သက္ကရာဇ် ၂၆၀ ပြည့်မှာ မင်းတရားကြီးသည် ၎င်း၏ လက်ဦးပထမ ကျောက်စာကို ရေးထိုးတော်မူရုံမျှသာမကသေး၊ ဘာသာရေးနှင့် စပ်ဆိုင်သော အထွဋ်အမြတ်နေရာဒေသတို့ ကိုလည်း လက်ဦးအစကြွရောက်ဖူး မြော်ခြင်းပြု၏။ ယင်းသို့ လက်ဦး အစကြွရောက်ဖူးမြော်သော နေရာဒေသမှာလည်း ဘုရားဖြစ်တော်မူရာ ဗုဒ္ဓဂယာ မဟာဗောဓိ ဖြစ်ဟန်တူ၍ ၎င်း၏ ကျောက်စာအကြီး အမှတ် ၈ တွင်ပါရှိသည့် အတိုင်း အဘိသိက်ခံ၍ ဆယ်နှစ်မြောက်အခါဖြစ်၏။ ထို့နောက်မှ ကျောက်စာအကြီး ၁၄ ခုကို ရေးထိုးတော်မူ၍ ဤသို့ ရေးထိုးတော်မူသည်မှာလည်း ထိုကျောက်စာအကြီး အမှတ် ၃၊ အမှတ် ၄၊ အမှတ် ၅ နှင့် ၆တို့အရ အဘိသိက်ခံ၍ တစ်ဆယ့်နှစ်နှစ်သို့မဟုတ် တစ်ဆယ့်သုံးနှစ်မြောက်အခါ သက္ကရာဇ် ၂၅၈ ခုနှင့် ၂၅၇ ခုအတွင်း ဖြစ်လေသည်။

အထက်က ဖော်ပြခဲ့သည့်အတိုင်း အသောကမင်းတရားကြီးသည် အယူဝါဒပြောင်းလဲလာခြင်းနှင့် အနေအထိုင် အလေ့အကျင့်တို့ကိုပါ ပြုပြင်ပြောင်းလဲခဲ့လေရာ ယခင်အခါက နန်းတော်တွင် အစဉ်အလာလုပ်နေကျ ခလေ့ထုံးစံတို့အစား ယခု အပျော်အသစ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ညီလျော်သော ဓလေ့ထုံးစံတို့ကိုသာ လိုက်နာလုပ်ကိုင်စေလေ၏။ ၎င်း၏ ကျောက်တိုင်အမှတ် ၆ တွင်လည်း "ငါ၏တိုင်းနိုင်ငံရှိ လူခပ်သိမ်းတို့ သည် မိမိတို့၏ အလေ့အကျင့်ဟောင်းတို့ကို စွန့်ပယ်ကြစေရမည်" ဟု ထည့်သွင်းဖော်ပြလေသည်။ ထို့ပြင် မင်းတရားကြီးသည် အပျော်တိုင်းခမ်းလှည့်ခြင်း၊ တောကစားထွက်ခြင်း တို့ကို ကိုးနှစ်တိုင် လိုက်စားခဲ့ရာမှ ထိုအပျော်တိုင်းခန်းလှည့်ခြင်းကို လုံးဝပယ်ဖျက်ပြီးလျှင် ဘာသာရေးနှင့်စပ်သော တိုင်းခမ်းလှည့်ခြင်းမျိုးကိုသာ ပြုလုပ်လာခဲ့ရာ ဤသို့ တိုင်းခမ်းလှည့်သောအခါ၌လည်း ရဟန်း၊ ပုဏ္ဏားတို့အား လှူဒါန်းပူဇော်ခြင်း၊ အသက်ကြီးရင့် အိုမင်းမစွမ်းဖြစ်သူတို့အား ပေးကမ်းစွန့်ကြဲခြင်း၊ တောရွာဇနပုဒ်နေလူတို့အား တရားဓမ္မဆုံးမ ဩဝါဒပေးခြင်း စသဖြင့် ပြုလုပ်တော်မူ၏၊ ၎င်းပြင် "ပါဋလိပုတ်နေပြည် တော်တွင် ယဇ်ပူဇော်ရန်အလို့ငှာ သားငှက်တိရစ္ဆာန်တို့ကို သတ်ဖြတ်ခြင်းမရှိစေရ" ဟု ပိတ်ပင်တော်မူ၏။ နန်းတော်၏ စားဖိုဆောင်၌လည်း သိန်းပေါင်းများစွာသော သက်ရှိသတ္တဝါတို့ကို ဟင်းလျာအလို့ငှာ နေ့စဉ်နေ့တိုင်း သတ်ဖြတ်
ာမှ ယခုအခါ ဥဒေါင်းနှစ်ကောင်နှင့် ဒရယ်တစ်ကောင် ပေါင်း
ကောင်တို့ကိုသာ သတ်ဖြတ်လာသည့်အပြင် ထိုသုံးကောင် သော
ဝါတို့ကိုပင် နောင်ပွဲတော်စာမှာ ဟင်းသီး ဟင်းရွက် သက်သတ်
တ်ပြစ်စေခြင်းငှာ မသတ်မဖြတ်စေရန် ဖြစ်လေသည်။ ဤနည်းရာ၌
တ်သား သတ်ပြုရန်ကား မင်းတရားကြီးသည် အ ဝကပေါင်း
ခြောက် သောင်းတို့အား သုံးနှစ်တိုင် နေ့စဉ်ဆွမ်းလုပ် ကျွေးခဲ့ဖူးလေရာ

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဆွမ်းလုပ်ကျွေးသောကြောင့်လည်း ဆိုခဲ့သည့် အတိုင်း သိန်းပေါင်း များစွာသော သက်ရှိသတ္တဝါတို့ကို နေ့စဉ် သတ်ဖြတ်ရခြင်းနှင့် တူ၏။ ထိုမှတစ်ပါး မင်းတရားကြီးသည် အယူဝါဒ ပြောင်းလဲလာသည်နှင့် အညီ တိုင်းနိုင်ငံ၏ အုပ်ချုပ်ရေး ရည်ရွယ်ချက် တွင်လည်း ပြုပြင်ပြောင်းလဲခဲ့လေ၏။ စစ်မက်တိုက်ခိုက်ခြင်းမှာမူ ကာလိင်္ဂတိုင်းကို တိုက်ခိုက်ခြင်းသည် မင်းတရားကြီး၏ နန်းစံနှစ်အတွင်း နောက်ဆုံး လက်စသတ်ဖြစ်လေသည်။ သို့ဖြစ်ရကား မင်းတရားကြီး၏ မိန့်တော်မူသောစကားမှာ "စစ်ခရာသံ အစား၊ တရားစည်ကြီးကို မြည်တီးကြွေးကြော်စေရမည်" ဟု ပါရှိပေသတည်း။

အသောကမင်းတရားကြီးသည် စစ်မက်တိုက်ခိုက်ခြင်းကို ဆုံးဝ ပိတ်ပင်တော်မူသည့်အပြင် ဆိုခဲ့သည့် အကြမ်းမဖက်အနုသက် သတ် နည်းစနစ်ကို လူသတ္တဝါတို့သာမက သားငှက်တိရစ္ဆာန်တို့ပါ သက်ဆိုင်စေရန် စီမံတော်မူ၍ မည်သည့်သားငှက်တိရစ္ဆာန်တို့ကို (အမည်နာမနှင့် တကွဖော်ပြလျက်) သတ်ဖြတ်ခြင်းမရှိစေရဟု အမိန့် ထုတ်ဆင့်တော်မူလေသည်။ ထို့ပြင် ဥပုသ်သီတင်းနေ့နှင့် အခြားသော နေ့ကြီးရက်ကြီးတို့တွင်လည်း ငါးကြီးသားကြီးတို့ကို သတ်ဖြတ်ရောင်း ချခြင်းငှင်း၊ မြင်းနွားတို့ကို သံပူနှင့်ကပ်၍ အမှတ်အသားလုပ်ခြင်းငှင်း၊ နွား ဆိတ်၊ သိုး၊ ဝက် စသော တိရစ္ဆာန်အထီးတို့ကို သင်းခြင်း၊ ထွစ်ခြင်းငှင်း မရှိစေရဟု တားမြစ်တော်မူ၏။ ဤအချက်နှင့် ဆက်လက်၍ မင်းတရားကြီးသည် လူနှင့် တိရစ္ဆာန်တို့အား အဘယ်မျှ

www.burmeseclassic.com



သနားကြင်နာခြင်းရှိ[illegible]မှုသည်မှာ[illegible] စိမ်ပုံ[illegible]ဖြင့် သိနိုင်လေသည်။ စိမ်ပုံမှာ လူ[illegible] တိရစ္ဆာန်တို့အတွက် မကျန်းမမာရောဂါဝေဒနာ စွဲကပ်သည့်အခါ ပြုစုတုသရန်အလို့ငှာ သူနာရုံ သူနာတန်းမှစ၍ ဆိုင်ရာ ဆိုင်ရာဆေးဆရာတို့အား ခန့်ထားသည့်အပြင် လိုအပ်သော ဆေး[illegible]င်၊ ဝါးပင်တို့ကိုလည်း အလွယ်တကူရရှိစေခြင်းငှာ စိုက်ပျိုးလုပ်ကိုင်ထား စေလေသည်။ ထို့ပြင် ကျောက်တိုင်အမှတ် ၇ တွင် ပါရှိသည့်အတိုင်း လမ်းကြီး လမ်းငယ် အသွယ်သွယ်တို့၌ လူတို့အရိပ်အာဝါသရစေခြင်းငှာ လမ်းနံဘေးတလျှောက် သစ်ပင်တို့ကို စိုက်ပျိုးထား၍ တည်းခို နားနေရန် စရပ်တန်ဆောင်းများနှင့် တကွ ရေတွင်းရေကန်တို့ပါ မကျန်၊ တူးဖော်လုပ်ကိုင်ထားစေ၏။ ယင်းကဲ့သို့ မင်းတရားကြီးသည် ကလိင်္ဂ တိုင်းကို တိုက်ခိုက်မိ၍ သေကျေပျက်စီးသူတို့အတွက် ပူဆွေးဒုက္ခ သတိသံဝေဂရကြီးရကာ အာယူဇါဒနှင့်တကွ အနေအထိုင် အလေ့ အကျင့်တို့ပါ မြူပြင်ပြောင်းလဲလာခဲ့သည်မှာ မကြားစဖူး ထူးကဲ့အံ့သြ ဖွယ်ရာဖြစ်လေသည်။

စကားချပ်။ ။ မင်းတရားကြီးသည် ကလိင်္ဂတိုင်းကို တိုက်ခိုက်ခြင်းမပြုမီ သက္ကရာဇ် ၂၆၅ ခုလောက်တွင် ဗုဒ္ဓဘာသာ ဥပါသကာဖြစ်လာ၍ ငရဲဥပါသကာဖြစ် သက္ကရာဇ် ၂၆၂ ခုအထိ ရှိနေလေရာ ထိုသက္ကရာဇ် ၂၆၂ ခု၌ ကလိင်္ဂတိုင်းကို တိုက်ခိုက်ပြီး သည့်နောက်မှ

www.burmeseclassic.com

www.burmeseclassic.com



သော်ကျေပျက်စီးသူတို့အတွက် ဆွေးနွေးကူ၊ သတိသံဝေဂရပြီးသော် ဗုဒ္ဓဘာသာတရားတော်တွင် စိတ်အားထက်သန်ခြင်း ဖြစ်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဓမ္မတရားတော်

အဖေသာမင်းတရားကြီး၏ ဘာသာရေးနှင့်စပ်၍ ရှေ့သို့ ရေးသားခြင်းမပြုမီ ၎င်းမင်းတရားကြီး အသုံးပြုသော "ဓမ္မ" ဆိုသည့်စကား၏ အနက်သဘောကို ရှင်းလင်းဖော်ပြရန်လို၏ "ဓမ္မ" ဆိုသည်မှာ ဟိန္ဒူဘာသာဝင်တို့၌ လူတိုင်း၊ လူတိုင်း ကိုယ်စီလိုက်နာအပ်သော ကျင့်ဝတ်တရားဖြစ်၍ ရှေးပဝေဏီအခါကပင် ဇာတ်အယူဝါဒရှိသူတို့၏ အထဲတွင် တည်ရှိလာခဲ့လေသည်။ ဇာတ်အယူဝါဒတစ်ခုလျှင် "ဓမ္မ" ဆိုသော ကျင့်ဝတ်တရားတစ်မျိုးကျစီရှိ၏။ သို့သော် အသောကမင်း တရားကြီးလက်ထက် ဇာတ်အယူဝါဒမှာ ကျပ်တည်းပြင်းထန်ခြင်း မရှိလှဘဲ အိန္ဒိယနိုင်ငံတွင်းသို့ မဟာဗေဒင်လူမျိုးတို့ ဝင်ရောက်လာသည့် အခါကျမှ ထိုဇာတ်အယူဝါဒကို မြဲမြံခိုင်မာအောင် လုပ်ခဲ့ခြင်းဖြစ်၏။ ယင်းသို့ ခိုင်မာအောင် လုပ်ခဲ့စကာမူလည်း

www.burmeseclassic.com

www.burmeseclassic.com



မူလရှိရင်း ဖြဟ္မာဏဘာ သာ၏ သဘောတရားမှ အကြီးအကျယ် ကွဲလွဲခြင်းမရှိဖြစ်ပေသည်။ အသောမင်းတရားကြီး၏ ကျောက်စာတော်တွင် ဖော်ပြပါရှိသော "ဓမ္မ" ဆိုသည့်တရားမှာ ဗုဒ္ဓဘာသာသဘော သက်ဝင်ပါရှိသော ဓမ္မ တရားဖြစ်၏။ မင်းတရားကြီးသည် ကျင့်ဝတ်တရားနှင့် ဓာတ်အယူ ဝါဒွန်တွဲဆက်စပ်နေခြင်းသဘောကို စွန့်လွှတ်ထားပြီးသော် တိရစ္ဆာန် တို့၏အသက်ကို ထောက်ထားညှာတာခြင်းတရား၊ လူကြီးသူမ မိဘ တို့အား ရိုသေကိုင်းရှိုင်းခြင်းတရား၊ ဤတရားနှစ်ပါးကိုသာ အထူးအ ရေးယူလာခဲ့လေသည်။ ဓမ္မတရားနှင့်စပ်၍ မင်းတရားကြီး၏ ကျောက်စာအင်္ဂယ်အမှတ် ၂၃ ဖော်ပြသည်မှာ။ ။

မင်းတရားကြီးသည် ဤသို့ မိန့်တော်မူ၏ "မိဘတို့၏ စကား ကို နားထောင်ကြစေ၊ သက်ရှိသတ္တဝါတို့ကို သနားကျင်နာကြစေ၊ မှန်ကန်သော စကားကို ပြောဆိုကြစေ၊ ဤသည်တို့ကား ဓမ္မတရားဖြစ် ၍ လိုက်နာကျင့်ဆောင်ကြရာ၏။

ထို့အတူ ဆရာသမားတို့အား ရိုသေကိုင်းရှိုင်းခြင်း၊ ဆွေမျိုး ညာတကာတို့အား လောကဝတ်ကျေပွန်ခြင်းရှိကြစေ၊ ဤသည်တို့ လည်း ရှေးက ဓမ္မသဘောတရားပင်ဖြစ်၍ လိုက်နာကျင့်ဆောင်သူတို့ မှာ အသက်ရှည်ခြင်းသည် မည်ပေ၏" ဟု ဖော်ပြပါရှိလေသည်။

အထက်က အကျဉ်းမျှ ဖော်ပြခဲ့သော ဓမ္မသဘောနှင့် အသော ကမင်းတရားကြီး၏ ဩဝါဒကျောက်စာတော်တို့မှာ မည်သည့်နေရာ၌မျှ မညီမညွတ် ကွဲလွဲခြင်းမရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုသြဝါဒကျောက်စာတော်တို့၌ ထူးခြားသော အချက်တစ်ခုသည်ကား အယူဝါဒဂိုဏ်းဂဏအမျိုးမျိုးတို့ကို ကိုးကွယ်လိုရာကိုးကွယ်နိုင်ကြစေရန် ခွင့်ပြုခြင်းပင်ဖြစ်၍ ဤအချက် ကိုလည်း အထူးလေးနက်စွာ ဖော်ပြထားရှိ၏။ မင်းတရားကြီး ကိုယ်တိုင်ကမူ ဂေါတမမြတ်စွာဘုရား၏ တရားတော်ကို လုံးဝသက်ဝင် ယုံကြည်ခြင်းရှိသော်ငြားလည်း တစ်ပါးသော ဘာသာဝါဒတို့ အပေါ်တွင် စိတ်စေတနာ ဆုတ်ယုတ်ခြင်း မရှိဖြစ်၏။ သို့ဖြစ်၍ မင်းတရားကြီးသည် မြတ်စွာဘုရား၏ တရားတော်အတိုင်း ငါ၏ တိုင်းနိုင်ငံရှိ လူခပ်သိမ်းတို့သည် ငါ၏ ရင်နှစ်သားသမီးတို့ ဖြစ်ကြကုန်၏။” ဟု မိန့်တော်မူသည့်အပြင် ဂျိန်းဘာသာဝင်နှင့် အာဇီဝကိုဏ်း သားတို့ပါ အားလုံးသော အယူဝါဒဂိုဏ်းဂဏတို့ကိုလည်း သမာသမတ်မျှတသော သဘောထား ရှိသည့်အလျောက်၊ တိုင်းနိုင်ငံရှိ လူခပ်သိမ်းတို့အား တစ်ဦး၏ အယူဝါဒကိုတစ်ဦးက ရှုံ့ချပြောဆိုခြင်း မရှိကြစေရန် မေတ္တာ ရပ်ခံတော်မူလေသည်။ ယင်းသို့ သဘောထားရှိတော်မူ သည့်အတိုင်း လည်း မင်းတရားကြီးက “ငါသည် အယူဝါဒအမျိုးမျိုး တို့ကို ရိုသေ လေးမြတ်ခြင်းရှိသည်နှင့်အညီ လူအမျိုးမျိုးတို့အား အလေးဂရုပြုတော် မူ၏။” ဟု မိန့်ဆိုတော်မူ၏။

အယူဝါဒအမျိုးမျိုးတို့အပေါ်တွင် မင်းတရားကြီး၏ စိတ်သ သဘောထား ကြီးမြင့်ပုံနှင့်စပ်၍ အိန္ဒိယနိုင်ငံတွင် ထိုစဉ်အခါကလည်း အလွန်ဆန့်ကျင်ဘက်ကျသော အယူဝါဒဟူ၍ မရှိခဲ့ဖြစ်လေသည်။ ခရစ်ယာန်ဘာသာ၊ ပါရသီဘာသာ၊ မဟာမေဒင်ဘာသာတို့မှာလည်း


www.burmeseclassic.com



ကြောခဲ့ဘူးချေ၏။ မင်းတရားကြီးသည် တစ်ပါးသောသူတို့၏ အယူဝါဒတို့ ရှိသေလေးမြတ်ခြင်းသဘောအတိုင်း ကိုးကွယ်လိုရာ ကိုးကွယ်ကြစေခြင်းပြုရာ၌ ခရစ်ယာန်ဘာသာ၊ မဟာမေဒင်ဘာသာ တို့သို့ စစ်တိုက်ရန် လိုလားသော ဘာသာဝါဒ တို့ကို စိတ်ကူးရမိခဲ့မည် မတွေ့တော့ချေ။ ထိုအခါက အိန္ဒိယနိုင်ငံ၌ ဗြာဟ္မဏလူမျိုးတို့ ကိုးကွယ်သော ဟိန္ဒူဘာသာ၊ ဂျိန်းဘာသာတို့မှာ လည်း ဗုဒ္ဓဘာသာနှင့် ဆန့်ကျင်ခြင်း မရှိဖြစ်ခဲ့၏။ သို့ဖြစ်၍ မင်းတရားကြီးသည် ဗုဒ္ဓဘာသာ ဘုရား၊ စေတီ၊ ကျောင်းကန်တို့ အတွက် ရက်ရက်ရောရော ဆောက်လုပ်လှူဒါန်းသည့်အပြင် အာဇီဝကရဟန်းတို့၏ လိုဏ်ဂူသင်္ခမ်းတို့ကိုလည်း ကြေးငွေ အမြောက်အမြားအကုန်ကျခံ၍ ဆောက်လုပ်လေသည်။ ထို့မှတစ်ပါး ဂျိန်းဘာသာ၊ ဟိန္ဒူဘာသာတို့၏ ဘာသာရေးအဆောက်အဦတို့ကို လည်း ထိုနည်းအတူ ဆောက်လုပ်ခြင်းပြုခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဧလောရီယာနန္ဒဂံရမှာ ကျောက်တိုင်
မဇီယာ အရှင်ပိုင်၌ တည်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)
## သာသနာပြုတော်မူခြင်းအကြောင်း

အကြွင်သူတစ်ဦးတစ်ယောက်သည် ဘာသာတရားတွင် စိတ်အားထက်သန်သည်ဆိုခြင်းမှာ ထိုသူက မိမိယုံကြည်သော ဘာသာတရား၏ အကျိုးကျေးဇူးအတွက် ဗ.ဂ်ပါးသော သူတို့ကိုလည်း အဘယ်မျှ ရရှိခံစားစေလိုသော သဘောဆန္ဒထား ရှိပုံအားဖြင့် ချင့်ချိန်၊ သိသာလေသည်။ ဤစမ်းသပ်ချက်နည်းဖြင့် စမ်းသပ်ကြည့်ရှုသော်ကား အသောကမင်းတရားကြီး၏ စိတ်အား ထက်သန်ခြင်းမှာ ထင်ရှား၏။ ဗုဒ္ဓဘာသာတရားတွင် စိတ်အား ထက်သန်ခြင်းဖြစ်သည်နှင့် တစ်ပြိုက် နက်လည်း မင်းတရားကြီးသည် [illegible] သာသနာတော်ကို မိမိ၏ တိုင်းပြည်၌ သာမက နိုင်ငံခြားတိုင်း[illegible]

www.burmeseclassic.com



ကမ္ဘာတစ်လောကလုံး ပြန့်ပွားထွန်းကားအောင် ဆောင်ရွက်တော်မူခဲ့လေသည်။ သို့ကြောင့် ကမ္ဘာတစ်လောကလုံး ဗုဒ္ဓဘာသာမဖြစ်ကုန်ကြသော် ကြွင်းကျန်ရစ်သေးသည့်မှာ မင်းတရားကြီး၏ အပြစ်မဟုတ်ချေ။ မင်းတရားကြီးသည် ကားဆိုလျှင် ကမ္ဘာ့ရာဇဝင်တွင် တုဘက်မရှိသော အကြီးဆုံးသာသနာပြုမင်းဖြစ်၏။

သာသနာပြန့်ပွားအောင် ဆောင်ရွက်သော တိုင်းပြည်ဒေသတို့မှာ ကျောက်စာဟော် အမှတ် ၁၃၊ အမှတ် ၅၊ အမှတ် ၂ တို့တွင် ဖော်ပြထားလေသည်။ ထိုတိုင်းပြည်ဒေသတို့မှာ တိုက်ကြီးသုံးတိုက်မှ တိုင်းပြည်ဒေသတို့ပါဝင်၍ အာရှတိုက်ရှိ အနောက်ဘက်တိုင်းနိုင်ငံအချို့နှင့် ဆီရီယားပြည်၊ ဥရောပတိုက်ရှိ အရှေ့ဘက် တိုင်းနိုင်ငံအချို့နှင့် မက်စီဒိုနီယားပြည်၊ ဧပရစ်ပြည်၊ အာဖရိကတိုက်ရှိ မြောက်ပိုင်းတိုင်းနိုင်ငံအချို့နှင့် ဂျစ်ပြည်၊ ဆီရိန်းပြည်တို့ဖြစ်ကြကုန်၏။ အိန္ဒိယပြည်နှင့် အနီးပတ်ဝန်းကျင်ရှိ တိုင်းပြည်ဒေသတို့မှာကား တောင်ပိုင်းတမိလလူမျိုးတို့၏ တိုင်းပြည်နှင့် သီဟိုဠ်ကျွန်း၊ ဟိမဝန္တာတောင်ခြေရှိ အရပ်ဒေသနှင့် အိန္ဒိယအနောက်မြောက်ဘက် အစွန်အဖျားကျသော နယ်ပယ်ဒေသစသည်တို့ဖြစ်လေသည်။ ယင်းသို့ သာသနာပြုတော်မူသော ခုနှစ်သက္ကရာဇ်လည်း သက္ကရာဇ် ၂၈၅ ခုထက်၊ နောက်ကျခြင်းမရှိနိုင်ချေ။ အကြောင်းကိုဆိုသော် ထိုသက္ကရာဇ်မှာ ကျောက်စာတော်များပါရှိသည့်အတိုင်း၊ သာသနာပြုစေလွှတ်သော ဆီရီယားပြည် အင်တီယိုခုရင်၊ ဂျစ်ပြည်တုလမယ်-ဖီလဒီပဘုရင်၊ ဆီရိန်းပြည် မဂ်ဘုရင် မက်စီဒိုနီယားပြည်၊ အန္တိဂေါ်ဘုရင် ဧပရစ်ပြည်အလိကသုန္ဒရ ဘုရင်

www.burmeseclassic.com

www.burmeseclassic.com



စသော ဂရိတ်တိုင်းနိုင်ငံဘုရင်တို့ အသက်နှင့်ရှိနေခဲ့ကြသော နောက်ဆုံး ခုနှစ်သက္ကရာဇ်ဖြစ်သောကြောင့်ပေတည်း။

သို့သော် သီဟိုဠ်ကျမ်းဂန်တို့တွင် လက်ဦးအကျဆုံးသော ကျမ်းဂန်မှာပင် အသောကမင်းတရားကြီး၏ ကျောက်စာတော်များ ရေးထိုးပြီးသည့်နောက် နှစ်ပေါင်းခြောက်ရာခန့် ကြာရှိသည့်အခါမှ သီဟိုဠ်ရဟန်းတော်တို့ စီရင်ရေးသားခဲ့ကြသဖြင့် မင်းတရားကြီး သာသနာပြုတော်မူသော တိုင်းနိုင်ငံတို့သည် ကုန်စင်အောင်မပါဘဲ ကြွင်းကျန်ရှိခဲ့လေသည်။ သီဟိုဠ်ကျမ်းဂန်၌ ပါရှိသော တိုင်းပြည်ဒေသတို့မှာကား။ ။

(၁) ကာသ္မီရနှင့် ဂန္ဓာရတိုင်း မဇ္ဈန္တိကထေရ်
(ပက်သျှဝါ)

(၂) မဟိသကတိုင်း မဟာဒေဝထေရ်
(မိုက်စိုးပြည်) (မဟာရေဝတထေရ်)

(၃) ဝနဝါသိကတိုင်း ရက္ခိတထေရ်
(ကန္နရာ-မြောက်)

(၄) အပရန္တတိုင်း။ ယောနကဓမ္မရက္ခိတထေရ်
(ဘုံဘိုင်မြောက်ဘက် ပင်လယ်ကမ်းခြေ)

(၅) မဟာရဋ္ဌတိုင်း မဟာဓမ္မရက္ခိတထေရ်
(အိန္ဒိယအလယ်ပိုင်းပြည်၏ အနောက်ဘက်)

(၆) ယောနကတိုင်း မဟာရက္ခိတထေရ်
(အိန္ဒိယအနောက်မြောက်တိုင်း)

www.burmeseclassic.com

www.burmeseclassic.com



၇။ တမ္ဗပဏ္ဏိအရပ် မဟိန္ဒထေရ်
(တမ္ဗပဏ္ဏိတောင်ခြေရှိ အရပ်ဒေသ) ကဿပထေရ်
၈။ သုဝဏ္ဏဘူမိတိုင်း သောဏထေရ်
(မြန်မာပြည်) ဥတ္တရထေရ်
၉။ လင်္ကာဒီပ မဟိန္ဒထေရ်
(သီဟိုဠ်ကျွန်း)

အထက်ပါစာရင်းတွင် အမှတ် ၈နှင့် ၉ မှတစ်ပါး ကျန်တိုင်းပြည်ဒေသတို့မှာ အချို့အမည်တစ်မျိုးဖြင့်ဖော်ပြထားသော်လည်း ကျောက်စာတော်တို့၌ တွေ့ရ၏။ အမှတ် ၈ သုဝဏ္ဏဘူမိတိုင်း မြန်မာပြည်သို့ သာသနာတော်ရောက်လာခြင်းသည် အာသောကမင်းတရားကြီး၏ ဂုဏ်ကျေးဇူးပင်ဖြစ်လေသည်။ ထိုမှတပါး မြန်မာပြည်သည် အိန္ဒိယနိုင်ငံနှင့် တရုတ်ပြည်အလယ်ဗဟို၌ တည်ရှိသည်ဖြစ်သောကြောင့် ထိုတရုတ်ပြည်နှင့် အိန္ဒိယနိုင်ငံ မြောက်ပိုင်းတို့မှလည်း သာသနာ စီးဆင်းဝင်ရောက်လာသည့် လက္ခဏာရှိ၏။ မြန်မာပြည်မှာ သီဟိုဠ်ကျွန်းနှင့် သာသနာဆက်သွယ် လာခဲ့ခြင်းသည်ကား များစွာ နောက်ကျလေသည်။

ဆိုခဲ့သည့်အတိုင်း သီဟိုဠ်စာရင်းတွင် ဂရိတ်ဘုရင်တို့၏ တိုင်းနိုင်ငံများ မပါခဲ့သည့်အကြောင်းမှာ ထိုဂရိတ်တိုင်းနိုင်ငံတို့သည် သီဟိုဠ်ကျမ်းဂန်တို့ကို စီရင်ရေးသားခြင်းမပြုမီ ရာခင်လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် တိမ်မြုပ်ပျောက်ကွယ်သွားကြပြီဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဖြစ်၏။ ထိုမှတစ်ပါး အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ တမေးလူမျိုးတို့၏ တိုင်းပြည်ဒေသကို စာရင်းတွင် မထည့်ခြင်းမှာလည်း ထိုတမေးလူမျိုးတို့နှင့် သီဟိုဠ်ကျွန်းသားတို့မှာ ကမ္ဘာ့ရန်ဖြစ်ခဲ့ကြသောကြောင့် စိတ်နာကြည်းနေသော သီဟိုဠ်ကျွန်းသားတို့က သဘာဝဓမ္မအတိုင်း ထိုတမေးလူမျိုးတို့ထံမှ တစ်ဆင့် သာသနာရောက်လာသည်ကို အသိအမှတ်မပြုလိုကြခြင်းဖြစ်လေသည်။ ထို့ထက် သီဟိုဠ်ရဟန်းတော်တို့သည် မိမိတို့ သီဟိုဠ်ကျွန်းတွင် အရှင်မဟိန္ဒနှင့် သင်္ဃမိတ္တာထေရီမ တို့ကို အကြောင်းပြုသဖြင့်သာလျှင် မဂဓတိုင်းမှ သာသနာတိုက်ရိုက် ရောက်လာခဲ့သည်ဟု ထည့်သွင်းရေးသားလိုကြဟန်၏။ သို့သော် မင်းတရားကြီး ရေးထိုးတော်မူခဲ့သော ကျောက်စာတို့ဖြင့် စိစစ်ကြည့်သော်ကား ဟုတ်မှန်သည့်အတိုင်းသာ ပေါ်ပေါက်တွေ့ရှိခဲ့ရ လေသည်။

သီဟိုဠ်ကျမ်းဂန်တို့တွင် ပါရှိသော သာသနာပြု မထေရ်မြတ်တို့၏ အမည်မှာ သာဉ္စီအနီး၊ တိလသိစေတီတို့၌ တွေ့ရှိသော ဓာတ်တော် ကြုတ်၏ ကမ္ပည်းစာတမ်းအရ မှန်ကန်ကြောင်း ထောက်ခံလျက်ရှိ၏။ ထိုကမ္ပည်းစာတမ်းမှာ "သာသနာပြုကြွတော်မူသော ရဟန္တာအရှင်မြတ် တို့၏ ဓာတ်တော်များ" ဟူ၍ ပါရှိရာ ၎င်းရဟန္တာအရှင်မြတ်တို့၏ အမည်တွင် အရှင်ကဿပဂေါတ (ဟိမဝန္တာအရပ်ဒေသတို့၏အရှင်) ၏ အမည်လည်း ပါရှိလေသည်။ အခြားသောဓာတ်တော်ကြုတ်၌လည်း အရှင်မဇ္ဈိမထေရ်၏ အမည်ပါရှိ၏။ သို့ရာတွင် သီဟိုဠ်ကျမ်းဂန်တို့၌ စီရင်ရေးသားကြ

www.burmeseclassic.com

www.burmeseclassic.com



ကုန်သော ရဟန်းတော်တို့ကမူ သာသနာပြု စေလွှတ် ခြင်းနှင့်စပ်၍ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကိုသာလျှင် အစွမ်းကုန် ချီးကျူးရေးသားလျက် တကယ့်သာသနာပြု အစစ်ဖြစ် ကြီးဖြစ်သော အသောကမင်းတရားကြီး ကိုမူကား ဥပေက္ခာရှု ထားခဲ့ကြ၏။ စင်စစ်မှာ သာသနာပြုကိစ္စကြီးကို အသောကမင်းတရားကြီးကိုယ်တိုင် စီမံ ဆောင်ရွက်တော်မူ၍ ဆောင်ရွက်တော်မူသည့်အတိုင်းလည်း အိန္ဒိယ တစ်နိုင်ငံလုံးနှင့်တကွ သီဟိုဠ်ကျွန်း မြန်မာပြည်၊ ယိုးဒယား၊ ကမ္ဘောဇ၊ တရုတ်ပြည်၊ ကိုရီးယားပြည်၊ ဂျပန်၊ ခန္ဒကိုလီးယား၊ တိဗက်စသော အတိုင်းတိုင်းအနိုင်နိုင်ငံများသို့ ပြန့်ပွားထွန်းကားခဲ့လေသည်။

ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ် ခေတ်ကိုင်းနှင့် အနီးပတ်ဝန်းကျင်အရပ်တို့၌သာလျှင် သီတင်းသုံးနေထိုင်ခြင်း၊ ဒေသစာရီလှည့်လည်ခြင်းတို့ကို ပြုပြီးနောက် ပရိနိဗ္ဗာန်စံယူတော်မူခဲ့လေသည်။ အသောကမင်းတရားကြီး သာသနာမပြုမီ ထိုအခါကာလအတွင်း ဗုဒ္ဓဘာသာတရားတော်မှာ ကမ္ဘာက ကြားသိလောက်အောင် ကြွေးကြော်ခဲ့ခြင်းမရှိဘဲ ပိုင်းခြားသတ်မှတ်သော တိုင်းပြည်ဒေသ၌သာ ကြားနာခဲ့ကုန်၏။ ဤသည်ကား ဒေါက်တာ ခင်ဆင့်စမစ်ရေးသားသော စာအုပ်မှ ကောက်နုတ်ချက်ပေတည်း။

ပရော်ဖက်ဆာမူကာဂျီရေးသားသောစာအုပ်မှ ထုတ်နုတ်ပြန်သော်ကား အသောကမင်းတရားကြီးသည် သာသနာတော်ကို အလွန်ကြည်ညိုသည့်အတိုင်း ပါဋလိပုတ်နေပြည်တော်၌ အသောက

www.burmeseclassic.com



ရာမ ကျောင်းတော်ကြီးကို ဆောက်လုပ်၍ ရဟန်းသံဃာတော်တို့အား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းကာ နှလုံးမွေ့လျော်စွာ နေလာခဲ့သည်တွင် အရှင်သုမေဓာနှင့် အရှင်တိဿရဟန္တာအရှင်မြတ် နှစ်ပါး ပရိနိဗ္ဗာန်ပြုလေရကား နောက်များမကြာမြင့်မီ သာသနာတော်မှာလည်း အညစ်အကြေးတင်လျက် တိတ္ထိတက္ကတွန်းတို့နှင့် ပြည့်နှက်လာခဲ့လေသတည်း။

ထိုအခါ ရဟန်းကျောင်းတို့က ထိုတိတ္ထိတက္ကတွန်းတို့နှင့်အတူတကွ ဥပုသ်ပဝါရဏာ မပြုဘဲရှိကြလေရာ မင်းတရားကြီးသည် အမတ်တစ်ယောက်အား ကျောင်းတော်သို့သွား၍ သံဃာတော်တို့ကို အညီအညွတ် ဥပုသ်ပြုကြစေကုန်လောဟု မိန့်တော်မူလေ၏။ အမတ်လည်း မင်း၏ အမိန့်အာဏာအတိုင်း သွားရောက်ကာ သံဃာတော်တို့အား လျှောက်ကြားလေသော် မနာယူကုန်ကြဖြစ်သောကြောင့် ရဟန်းအချို့၏ ဦးခေါင်းကို သန်လျက်ဖြင့် ပိုင်းဖြတ်လေရကား မင်းတရားကြီး ကြားသိလေလျှင် ဘဝင်ခိုက်တုန်လှုပ်လျက် အမတ်မိုက်အားလျှင်စွာ တားမြစ်ရင်ကြောင်းနှင့် မဟာဝိသံကျမ်း၌ လာရှိလေ...ည်။

သို့ရာတွင် ရဟန်းတို့၏ အဓိကာရုဏ်းကို ငြိမ်းအံ့သောငှာ ...မြစ်ညာသို့ကြွ၍ နေတော်မူသော အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်...ွင့်တော်မူလျက် ထိုမထေရ်မြတ်၏ အထံတော်ရင်း၌ ...ရား၏ အဆုံးအမဖြစ်သော အယူဟော်ကို ခံယူပြီးသည့်နောက် ကျောင်းတော်သို့သွား၍ သံဃာတော်တို့၏ အယူဝါဒကို စစ်ဆေးပြီးလျှင် အယူ

www.burmeseclassic.com



ဝါဒမမှန်သော တိတ္ထိတို့အား ဝတ်ဖြူလဲစေ၍ ကျောင်းမှ နှင်ထုတ်လေ၏။ ထို့နောက်မှ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် အမှူးပြုလျက် အသောကာရာမကျောင်းထက်တွင် တတိယသင်္ဂါယနာ ကို တင်တော်မူလေ သည်။ သင်္ဂါယနာတင်ပြီးသော် ရဟန္တာ အရှင်မြတ်တို့အား ကိုးတိုင်း- ကိုးဌာနသို့ သာသနာပြုစေလွှတ် လေသတည်း။

| | သာသနာပြုမထေရ်မြတ် | တိုင်းပြည် |
|---|---|---|
| (၁) | မဇ္ဈန္တိကကသ္မီရ | ဂန္ဓာရတိုင်း |
| (၂) | မဟာရက္ခိတ | ယောနကတိုင်း |
| (၃) | မဇ္ဈိမ | ဟိမဝန္တာအရပ် |
| (၄) | ဓမ္မရက္ခိတ (ယောနကဓော်ဂရိတ်လူမျိုး) | အပရန္တတိုင်း |
| (၅) | မဟာဓမ္မရက္ခိတ | မဟာရဋ္ဌတိုင်း |
| (၆) | မဟာဒေဝ | မဟိံသကတိုင်း |
| (၇) | ရက္ခိတ | ဝနဝါသီတိုင်း |
| (၈) | သောဏ၊ ဥတ္တရ | သုဝဏ္ဏဘူမိတိုင်း (မြန်မာပြည်) |
| (၉) | မဟိန္ဒ၊ ဣဋ္ဋိယ၊ ဥတ္တိယ၊ လင်္ကာဒီပ သမ္ဗလ၊ ဘဒ္ဒသာလ | (သီဟိုဠ်ကျွန်း) |

မဇ္ဈိမထေရ် အမှူးရှိသော ကဿပဂေါတ၊ အလကဒေဝ၊

www.burmeseclassic.com

www.burmeseclassic.com



ဒုဒ္ဒ ဘိသယ၊ မဟာဒေဝ မထေရ်ငါးပါးတို့သည် ဟိမဝန္တာအရပ်သို့ကြွ၍ ဓမ္မစကြာတရားကို ဟောတော်မူလေရာ ရှစ်သန်းသော သူတို့သည် ငင်း၊ (သို့သော်၊ ဒီပဝံသကျမ်း၌မူ ကဿပဂေါတ္တ ကောတိပုတ္တထေရ် အမှူးရှိသော မဇ္ဈိမ၊ ဒုဒ္ဒဘိသယ၊ သဟဒေဝ၊ မူလကဒေဝ မထေရ်ငါး ပါးဟူ၍ ပါရှိ၏။)

ယောနက ဓမ္မရက္ခိတထေရ် အမှူးရှိသော မထေရ်မြတ်တို့ သည် အပရန္တတိုင်းသို့ကြွ၍ အဂ္ဂိခန္ဓူပမသုတ်ကို ဟောတော်မူလေရာ သုံးသောင်းခုနစ်ထောင်သော သူတို့သည်ငင်း၊

မဇ္ဈန္တိကထေရ် အမှူးရှိသော မထေရ်မြတ်တို့သည် ကသ္မီရ ဂန္ဓာရတိုင်းသို့ကြွ၍ အာသီဝိသောပမသုတ်ကို ဟောတော်မူလေရာ ရှစ်သောင်းသော သူတို့သည်ငင်း၊

မဟာဒေဝထေရ် အမှူးရှိသော မထေရ်မြတ်တို့သည် မဟိံသ ကတိုင်းသို့ကြွ၍ ဒေဝဒူတသုတ်ကို ဟောတော်မူလေရာ လေးသောင်း သော သူတို့သည်ငင်း၊

ရက္ခိတထေရ် အမှူးရှိသော မထေရ်မြတ်တို့သည် ဝနဝါသီတိုင်း သို့ကြွ၍ အနမတဂ္ဂသုတ်ကို ဟောတော်မူလေရာ ရှစ်သောင်းလေးထောင် သော သူတို့သည်ငင်း၊

မဟာရက္ခိတထေရ် အမှူးရှိသော မထေရ်မြတ်တို့သည် ယောနကတိုင်းသို့ကြွ၍ ကာဠကာရာမသုတ္တန်ကို ဟောတော်မူလေရာ ထိုတိုင်းသူလူအပေါင်းတို့သည်ငင်း၊

သောဏထေရ်၊ ဥတ္တရထေရ်အမှူးရှိသော မထေရ်မြတ်တို့

www.burmeseclassic.com

www.burmeseclassic.com



သည် သုဝဏ္ဏဘူမိတိုင်းသို့ ကြွ၍ ဗုဒ္ဓဓါတ်တော်ကို တောတော်မူလေရာ ခြောက်သောင်းသောသူတို့သည်ရင်း၊ ဗုဒ္ဓဘာသာတရားတော်တွင် သက်ဝင်ယုံကြည်လာကြကုန်၏။

ဆိုခဲ့သော ကိုးတိုင်း၊ ကိုးဌာနအပြင် သာသနာပြုစေလွှတ်သော အခြားတိုင်းပြည်ဒေသတို့လည်း ရှိသေးရာ ထိုတိုင်းပြည်ဒေသတို့မှာ ကျောက်စာတော်တွင် မပါသော်လည်း သက္ကရာဇ်နှစ်ရာသို့မဟုတ် တစ်ရာအတွင်းက သာဉ္စီစေတီတို့၌ တွေ့ရှိသော ကမ္ပည်းစာတမ်းတို့အရ မှန်ကန်ကြောင်း သိရလေသည်။ သာဉ္စီစေတီအမှတ် (၂)၌ တွေ့ရှိသော သဲကျောက်အဖြူဖြင့်လုပ်သော ဓာတ်တော်ကြုတ်၏ နံဘေးပတ် လည်တွင် "ကဿပဂေါတ၊ ဝါစိသုဝိဇယအစရှိသော ရဟန္တာအရှင် မြတ်တို့၏ ဓာတ်တော်များ" ဟူ၍ ရှေးက ဗြဟ္မီအက္ခရာဖြင့် ကမ္ပည်း ရေးထိုးထား၏။ ထိုဓာတ်တော်ကြုတ်၏ အတွင်း၌လည်း ကန့်ကူဆံကျောက်ဖြင့်လုပ်သော ကြုတ်ကလေးလေးလုံးနှင့် ဓာတ်တော်များပါရှိရာ ၎င်းကြုတ်ကလေးအဖုံးတို့၌ ကမ္ပည်းရေးထိုးထားသည့်အတိုင်း အောက်ပါ ရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်များဖြစ်၏။

၁။ ကဿပဂေါတ "ဟိမဝန္တာအရပ်ဒေသတို့၏အရှင်"

၂။ မဇ္ဈိမ

၃။ ဟာရိတိပုတ္တ

၄။ ဝါစိသုဝိဇယ

၅။ မဟာဝနေယ

www.burmeseclassic.com

www.burmeseclassic.com



၆။ အပ္ပဂိဝ
၇။ ကောဒိနီပုတ္တ
၈။ ကောသိကီပုတ္တ
၉။ ဂေါတိပုတ္တ
၁၀။ မောဂ္ဂလိပုတ္တ

အထက်ကဖော်ပြသော ရဟန္တာအရှင်မြတ်တို့တွင် အမှတ် ၁နှင့် အမှတ် ၂မှာ ဟိမဝန္တာအရပ်သို့ သာသနာပြုကြွတော်မူသော မထေရ် မြတ်တို့ဖြစ်၍ ကျန်မထေရ်မြတ်တို့မှာကား အမှတ် ၁၀ မောဂ္ဂလိပုတ္တ ထေရ်အမျိုးပြုသော တတိယ သင်္ဂါယနာတင်ပွဲတွင် ပါဝင်ခဲ့ကြလေ သည်။ အမှတ် ၂ မဇ္ဈိမထေရ်၏အမည်မှာ သောနာရီစေတီ အမှတ် ၂ ၌ တွေ့ရှိသော ပထမဓာတ်တော်ကြုတ်၏ ကမ္ပည်းစာတမ်းတွင်လည်း ပါရှိ၏။ အမှတ် ၁ ကဿပဂေါတထေရ်၏ အမည်မှာ ကောတိပုတ္တဟူ၍ အဆိုပါစေတီ၌ တွေ့ရှိသည့် ဒုတိယဓာတ်တော်ကြုတ်၏ ကမ္ပည်းစာ တမ်းတွင်ပါရှိ၏။ အဆိုပါစေတီ၌ပင် တွေ့ရှိသော တတိယဓာတ်တော် ကြုတ်၏ စာတမ်းမှာကား အမှတ် ၉ ဂေါတိပုတ္တထေရ်၏ အမည်ကို ဒုန္ဒုဘိဿရထေရ်၏ အမည်နှင့် အတူတကွ ဖော်ပြပါရှိ၏။ သို့ကြောင့် ဆိုခဲ့သော ကမ္ပည်းစာတမ်းတို့သည် သီဟိုဠ်ကျမ်းဂန်တွင် ဖော်ပြသော ကဿပဂေါတ၊ မဇ္ဈိမ၊ ဒုန္ဒုဘိဿရ စသော သာသနာပြုကြွတော်မူသော မထေရ်မြတ်တို့၏ အမည်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



ထောက်ခံထားလေသည်။

ဒေါက်တာမဏ္ဍကဗီး ရေးသားသောစာအုပ်မှ ထုတ်နုတ်သော် သီဟိုဠ်ကျွန်းသို့ သာသနာပြုစေလွှတ်ခြင်းအကြောင်းသည် အသောကမင်းတရားကြီး၏ ကျောက်စာတော်၌ မပါသော်လည်း အလွန်နှောင်းသော ဗုဒ္ဓဘာသာကျမ်းဂန်တို့၌မူ အကျယ်တဝံ့ဖော်ပြထားရှိ၏။ မင်းတရားကြီးသည် အတိုင်းတိုင်း အနိုင်နိုင်ငံသို့ သာသနာပြု စေလွှတ်တော်မူရာ၌ သီဟိုဠ်ကျွန်းသို့ စေလွှတ်ခြင်းမှာ အထမြောက် အအောင်မြင်ဆုံးဖြစ်သည်ဟု ဆိုလေသည်။ သာသနာ၏ မျိုးစေ့ကို ချစိုက်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း သီဟိုဠ်ကျွန်းတည်းဟူသော လယ်မြေကွက်တွင် သန်မာဖွံ့ဖြိုးစွာ ပေါက်ပွားလာခဲ့သည်ဟုဆို၏။

မင်းတရားကြီး၏ သားတော်ဟူ၍ သီဟိုဠ်ကျမ်းဂန်တွင် ပါရှိသော အရှင်မဟိန္ဒသည်ကား သားတော်မဟုတ်ဘဲ ညီတော်သာလျှင် ဖြစ်ရန်အကြောင်းရှိ၍ သီဟိုဠ်ကျွန်း၏ သာသနာပြု မထေရ်မြတ် ဖြစ်လေသည်။ အရှင် မဟိန္ဒသည် ပါဋလိပုတ် နေပြည်တော်တွင် တတိယသင်္ဂါယနာတင်ပြီးသည့်နောက် ပိဋကတ်တော်ကို ယူဆောင်လျက် အဖော်ရဟန်းတို့နှင့်အတူတကွ သီဟိုဠ်ကျွန်းသို့ ကြွသည့်အပြင် ထိုပိဋကတ်တော် ကိုလည်း ပါဠိဘာသာမှ သီဟိုဠ်ဘာသာသို့ ပြန်ဆိုတော်မူ၏။ ယင်းသို့ အရှင်မဟိန္ဒ သီဟိုဠ်သို့ ကြွသည်မှာ ယဏ္ဏရာဇ် ၂၅၈ ခုက ၂၃၀ မြည့်အတွင်း၊ သီဟိုဠ်ကျွန်း၌ မိုးစံသော တိဿမင်း၏ လက်ထက်ဖြစ် လေသည်။

သီဟိုဠ်ကျမ်းဂန်တို့တွင် ပါရှိသည့်အတိုင်း၊ တိဿမင်းသည်

www.burmeseclassic.com

www.burmeseclassic.com



အသောကမင်းတရားကြီးကဲ့သို့ပင် "ဒေဝါနံပိယ" ဆိုသော ဘွဲ့တော်ကို ခံယူ၍ ဤသို့ခံယူသည်မှာလည်း အသောကမင်းတရားကြီးကို ကြည်ညိုလေးမြတ်သော သဘောဖြင့် ခံယူခြင်းပင်ဖြစ်၏။ သီဟိုဠ်ကျမ်းဂန်တို့တွင် အရှင်မဟိန္ဒသီဟိုဠ်သို့ ကြွတော်မူသောအခါ နှမတော်သင်္ဃမိတ္တာထေရီမလည်း အဖော်ဘိက္ခုနီမတို့နှင့်အတူတကွ လိုက်ပါကြသည်ဟု ဆိုလေသည်။ သင်္ဃမိတ္တာထေရီမဟူ၍ ရှိခဲ့သည်ဆိုခြင်းမှာ ယုံမှားဖွယ်ရာဖြစ်၏။ သီဟိုဠ်ကျမ်းဂန်တို့ကို စီရင်ရေးသားကြကုန်သော ရဟန်းတော်တို့သည် သီဟိုဠ်ကျွန်းသာသနာပြုကိစ္စနှင့်စပ်၍ အဘယ်မျှ ချဲ့ထွင်ရေးသားကြသနည်းဆိုသော် သာသနာတော်သည် သီဟိုဠ်ကျွန်း၌ ရုတ်ချည်းပြန့်ပွားထွန်းကားသကဲ့သို့ အံ့ဖွယ်သရဲဖြစ်လောက်အောင် ရေးသားကြလေသည်။ စင်စစ်ကား သာသနာတော်သည် သီဟိုဠ်ကျွန်းသို့ ရောက်သည့်နောက် တဖြည်းဖြည်း တစတစသာလျှင် ပြန့်ပွားထွန်းကားလာခဲ့ခြင်းဖြစ်၏။ ထို့ပြင် သီဟိုဠ်ကျွန်း အနုရာဓနေပြည်တော်၌ စိုက်ပျိုးသော မဟာဗောဓိ၏ ဒက္ခိဏသာခါ လက်ျာတောင်ကိုင်းမှာ လည်း ဗုဒ္ဓဂယာအရပ်မှ သင်္ဃမိတ္တာထေရီမ ဆောင်ယူလာခဲ့သည်ဟု ချီးကျူးရေးသားထား၏။

သင်္ဃမိတ္တာထေရီမဆိုသည်မှာ ဒဏ္ဍာရီစကားဟု ဆိုရခြားသော် လည်း သီဟိုဠ်ကျွန်း အနုရာဓနေပြည်တော်၌ရှိသော မဟာဗောဓိပင် မှာကား အမှန်စင်စစ် ဖြစ်လေသည်။ အိန္ဒိယပြည် ဘိုပေါ်နယ်၊ သာဉ္စီ စေတီတော်ကြီး၌ သက္ကရာဇ် ၁၂၀ ပြည့်က ထုလုပ်ထားခဲ့သော ရုပ်လုံး၊ တို့မှာ မဟာဗောဓိ၏ ဒက္ခိဏသာခါ

www.burmeseclassic.com

www.burmeseclassic.com



လက်ျာတောင်ကိုင်းကို ဗုဒ္ဓဂယာအရပ်မှ သီဟိုဠ်ကျွန်းသို့ဆောင်ယူ ခဲ့ဖြစ်၏။ သီဟိုဠ်ကျွန်း အနုရာဓနေ ပြည်တော်ဟောင်းနေရာတွင် ယခုရှိသော မဟာဗောဓိပင်သည် "အဆက်ဆက်အထူးအလေး ရှုပြုပြီးလျှင် သစ်ပင်ရင်းတွင် မြေတောင်မြှောက် ခြင်း အကိုင်းအခက် တို့ကို ခွထောက်ခြင်းပြုလုပ်လာခဲ့ကြ၏။ ထိုမဟာ ဗောဓိပင်မှာ မူလက အတန်ငယ်မျှသာမြင့်သော မြေကွက်ပေါ်တွင် စိုက်ပျိုးခဲ့သော်လည်း သစ်ပင်ရင်းကို နှစ်ပေါင်းရှည်လျားများမြောင်စွာ မြေတောင်မြှောက် လာခဲ့ကြခြင်းကြောင့် ယခုအခါ ပေနှစ်ဆယ်ခန့် မြင့်မောက်သော တောင်ကုန်းကလေးသဖွယ်ဖြစ်လျက်ရှိ၏။ ထိုမဟာ ဗောဓိပင်မှာ သက္ကရာဇ် ၂၄၅ ခုနှစ်ခန့်က အသောကမင်းတရားကြီးထံ မှရရှိသော အကိုင်းအသာ၏ လက်ျာတောင်ကိုင်းကို စိုက်ပျိုးခဲ့သည်ဖြစ်သောကြောင့် ယခုအခါ နှစ်ပေါင်း ၂၄၀၀ ကျော်ရှိလေပြီ။

သီဟိုဠ်ကျွန်း တိဿမင်းသည် အသောကမင်းတရားကြီးကို အလွန်ကြည်ညိုသည့်အတိုင်း ထိုမင်းတရားကြီး၏ ဘွဲ့တော်ကို ခံယူ ခဲ့သူသာမက ထိုမင်းတရားကြီးကဲ့သို့ပင် သီဟိုဠ်ကျွန်းတွင် အဖိုးများစွာ ထိုက်တန်သော စေတီ၊ ပုထိုး၊ ကျောင်းကန်၊ ဇရပ်တို့ကို အထပ်ထပ် ဆောက်လုပ်လှူဒါန်းတော်မူလေသည်။ အနုရာဓနေပြည်တော်ဟောင်း နေရာ၌ ယခုရှိသော ထူပါရုံစေတီတော်ကြီးမှာ တိဿမင်းတည်ခဲ့သော စေတီတော်ကြီးဖြစ်၍ အမြင့်ပေ (၇၀) ရှိရာ အလွန်တရာကြီးကျယ် ခန့်ငြားလှပေသည်။ ထူပါရုံစေတီတော်ကြီး၏ မန်းမှော်၌သည်း အရှင်မဟိန္ဒနှင့် အတူတကွ သီဟိုဠ်ကျွန်းသို့ ကြွလာ[?]ကန်သော

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတော်တို့ သီတင်းသုံးနေထိုင်တော်မူရန် ဝိဟာရကျောင်းတော်ကြီးကို တိသာမင်းပင် ဆောက်လုပ်လေသည်။ ထူပါရုံစေတီတော်ကြီးမှ ရှစ်မိုင်ခန့်ဝေးကွာသောအရပ်၌ကား အလွန်စောက်သော တောင်ကုန်း၏ ကမ်းပါးယံတွင် ကျောက်ဆောင်ကို ဖောက်ထွင်း၍ ကျောက်ဂူကြီးလုပ်ထားရာ ထိုကျောက်ဂူကြီးမှာ အရှင်မဟိန္ဒ၏ သီတင်း သုံးနေထိုင်ရာ ဖြစ်၏။ ကျောက်ဂူကြီးသို့ တက်ရန်လည်း လှေကား စောင်းတန်းကို ကျောက်ဖြင့်ပင် ထုလုပ်ထားပြန်သည့်အတိုင်း ထိုကျောက်ဂူကြီး၏ အဝမှ ကြည့်ရှုသည်ရှိသော် အလွန်မွေ့လျော်ဖွယ်သော ရှုမြော်ခင်းကို မြင်ရလေသည်။ ထိုကျောက်ဂူကြီးနှင့်စပ်၍ "ရွှေနှစ်ပေါင်းနှစ်ထောင်ကျော်က သီဟိုဠ်ကျွန်းသို့ သာသနာပြု ကြွတော်မူသော အရှင်မဟိန္ဒ မထေရ်၏ သီတင်းသုံးတော်မူရာ ထိုချမ်းဆိတ်ငြိမ်သော ကျောက်ဂူကြီးထဲသို့ အကျွန်ုပ်ဝင်ရောက်ခဲ့ ဖူးသည်ကို ယနေ့ထက်တိုင် မမေ့နိုင်အောင် ရှိပေသည်" ဟု ရီး(စ)ဒေ ဗစ်ဆိုသူ ပညာရှိကြီးက ၎င်း၏ "ဗုဒ္ဓဘာသာအိန္ဒိယ" ခေါ် စာအုပ်၌ ရေးသားဖော်ပြလျက်ရှိပေသတည်း။

www.burmeseclassic.com



## အခန်း(၅)
## ကောင်းမှု ကုသိုလ်တော်တို့အကြောင်း

အသောကမင်းတရားကြီးသည် စေတီပေါင်းနှစ်သောင်း လေးထောင် တည်တော်မူသည်ဆိုသော စကားနှင့်စပ်၍ ဤမျှလောက် မရေမတွက် နိုင်အောင်များပြားသော စေတီပုထိုးတို့ကို တည်တော်မူနိုင်ပါပေတကားဟု လူအများတို့၏ စိတ်၌ အကြီးအကျယ် စွဲမှတ်ခြင်း ဖြစ်ကြကုန်၏။ ထိုစေတီ ပုထိုးတို့နှင့်တကွ ကျောင်းကန် ဇရပ်စသည် တို့မှာလည်း အလွန်တရာကြီးကျယ် ခမ်းနားလှသည်ဖြစ်သောကြောင့် ကမ္ဘာတစ်လောကလုံးကပင် နတ်အသုရာတို့ ဗိမ္မာန်ဆင်းသည်ဟု ထင်မြင်အောက်မေ့ခဲ့ကြပေ သည်။ ဤအချက်နှင့် ဆက်လက်၍ "ပါ ဋလိပုတ် နေပြည်တော်ရှိ အသောကမင်းတရားကြီး၏ စံတော်မူရာ ရွှေနန်းပြာသာဒ်တို့မှာ

www.burmeseclassic.com

www.burmeseclassic.com



နတ်အသုရာတို့ စီမံချယ်လှယ်ထားသည့်အတိုင်း အလွန်တင့်တယ် ရှုချင်စဖွယ်ကောင်းပေရကား ဤကမ္ဘာ လောကရှိ လူတစ်ဦး တစ်ယောက်မျှ လှုပ်ကိုင်ဖြစ်မြောက်နိုင်ဖွယ်ရာမရှိချေ”ဟု ဖဟီယင် အမည်ရှိ တရုတ်ရဟန်းတော်၏ ရေးမှတ်တမ်းတွင် ဖော်ပြပါရှိ၏။

နောက်နှစ်ပေါင်း နှစ်ရာကျော်လွန်၍ ယုအံချောင်အမည်ရှိ တရုတ်ရဟန်းတော်တစ်ပါး အိန္ဒိယနိုင်ငံသို့ ဘုရားဖူးရောက်လာသော အခါမူကား ထိုဗုဒ္ဓရုပ်ပွားသဒ်တို့မှာ ယိုယွင်းပျက်စီးပြီးလျှင် စုန်မြစ်နှင့် ဂင်္ဂါမြစ်တို့၏ ရှုံ့နွံအောက်တွင် နစ်မြုပ်ကာ မြို့သစ်ဖြစ်သော ပတ္တနားမြို့နှင့် ဘက်ဘပူ အရပ်တို့၏ အုတ်မြစ်အခြေခံသဖွယ်ဖြစ်လျက် ရှိနေသည်ကို တွေ့ခဲ့ရကြောင်းနှင့် ၎င်း၏ မှတ်တမ်းတွင် ရေးဟင်မှတ်သားထားလေသည်။ အေသန္တရဆိုင်ရာ ရှေးဟောင်းစာပေ တို့၌မူကား ထိုယိုယွင်းပျက်စီးကုန်သော ရွှေနန်း ပြသဒ်တို့သည် ပတ္တနားမြို့မှ ဘက်ဘပူ အရပ်သို့ ဆက်သွယ်သွားလာသော မီးရထားလမ်း၏ တောင်ဘက်ရှိ ကုမာရဟာရွာနှင့် ၎င်းရွာအနီး ပတ်ဝန်းကျင်အရပ်တို့၏ မြေကြီးအောက်တွင်ရှိကြသည်ဟု ညွှန်ကြားဖော်ပြထားရာ ဟုတ်မှန်ဖွယ်ရာလက္ခဏာရှိ၏။ ပီစီမူကာရီဆိုသူ အင်္ဂလိပ်ပုဂ္ဂိုလ်ကြီး တစ်ဦးသည်လည်း ကုမာရဟာ ရွာ၏ မြောက်ဘက်ရှိ ရေကန်နှစ်စုတို့၏ စပ်ကြားတွင် အသောက မင်းတရားကြီး၏ ကမ္ဘည်းကျောက်စာတိုက် အကျိုးအပဲ့များတွေ့ရှိကို တွေ့ရှိခဲ့လေရာ ထိုကျောက်တိုင်အကျိုး ဘင်တိုင်မှာ လုံးပတ်သုံး[illegible] ရှိ၍ သဲကျောက်ဖြင့် လုပ်ထားသော အလွန်ချောမွတ်သောကျောက်[illegible]

www.burmeseclassic.com

www.burmeseclassic.com



သည့် ကျောက်တိုက်ဖြစ်၏။

ဗာရာဏသီမြို့၏ အရှေ့မြောက်ဘက်ရှိ အလားတူကျောက်တိုင်မှာ ခရစ်နှစ် ၁၈၀၉ ခုနှစ်က အကြီးအကျယ်ဖြစ်ပွားခဲ့သော ဟိန္ဒူမဟာ မေဒင်အမိကရိုဏ်းအတွင်း မဟာမေဒင်လူမျိုးတို့ ချိုးဖဲ့ပျက်ဆီးပစ်သဖြင့် ငုတ်တိုကလေးမျှသာ ကျန်ရစ်ခဲ့ရာ ထိုကျောက်တိုင်ငုတ်တိုကလေးကို ယခုအခါ လတ်ဘေရိုး ကျောက်တိုင် ဟု အသိအမှတ်ပြု၍ ခေါ်ဝေါ်လျက်ရှိကြကုန်၏။ အသောကမင်းတရား ကြီး၏ လက်ထက်က အဆောက်အဦတို့သည် ဟိမာရဝန္တာ၏ မြေကြီးအောက်တွင် နစ်မြုပ်လျက်ရှိသည်ဖြစ်သောကြောင့် ထိုနေရာဌာနမှာ များစွာအရေးကြီးပေသည်။ သို့သော် မင်းတရား ကြီးစံတော်မူခဲ့သော အခြားရွှေနန်းပြာသာဒ် တစ်ဆောင်မှာလည်း ယိုယွင်းပျက်စီးလျက် ပါဋလိပုတ်နေပြည်တော်၏ မြို့ရိုးဟောင်းကြီးအတွင်း တစ်နေရာရာ၌ ရှိမည့်လက္ခဏာပေါ်သည့်အပြင် ဒုတိယကျောက်တိုင်တစ်တိုင်လည်း ပတ္တနားမြို့၏ မြေကြီးအောက်၌ နစ်မြုပ်လျှင်ရှိသည်ဟု ပြောဆိုကြ၏။

ပတ္တနားမြို့နှင့် ၎င်းမြို့အနီး ပတ်ဝန်းကျင်အရပ်တို့၌ရှိကြသော ရှေးဟောင်းအဆောက်အဦ အပျက်အစီးများစွာတို့မှာ သွားလာရန် ခဲယဉ်းလှသည့်အပြင် ရှာဖွေတူးဖော်ခြင်းမှာလည်း ကောင်းမွန် လုံလောက်စွာ မရှိသေးသဖြင့် အကျိုးကျေးဇူးမထူးသေးချေ။ ဒေါက်တာ စပူးနားဆိုသူ ပုဂ္ဂိုလ်ကြီးတစ်ဦး၊ စထွင်တူးဖော်သကဲ့သို့ စည်းစနစ် ကျနစွာဖြင့် ဆက်လက်တူးဖော် နိုင်မည်ဆိုသော်

www.burmeseclassic.com

www.burmeseclassic.com



ကား စရိတ်ကြေးငွေ လို၍ ကြာရှည်လေးမြင့်စွာလည်း တူးဖော်ရပေမည်ဖြစ်၏။

မောရိယ "အင်ပါယာ" နိုင်ငံကြီးအတွင်း နေရာဒေသများစွာတို့၌ အသောကမင်းတရားကြီး ဆောက်လုပ်လှူဒါန်းခဲ့သော ဝိဟာရကျောင်းတော်ကြီး အမြောက်အမြားတို့မှာလည်း တစ်ဆောင်မှ မကျန်အောင် ယိုယွင်းပျက်စီးကုန်ကြလေပြီ။ ယွမ်ချောင်အမည်ရှိ တရုတ်ရဟန်းတော်က ကသ္မီရတိုင်း၌ မင်းတရားကြီးတည်ဆောက်သော စေတီပုထိုးနှင့် ကျောင်းပေါင်းရှစ်ဆယ်ကျော်တွေ့ရှိခဲ့ကြောင်း၊ ၎င်း၏ ရေးမှတ်တမ်းတွင် ဖော်ပြ၏။ မင်းတရားကြီး ဗုဒ္ဓဘာသာသို့ သက်ဝင်ယုံကြည်လာသည့်နောက် လက်ဦးပထမအစ ဆောက်လုပ်လှူဒါန်းတော်မူသော အသောကာရာမ ကျောင်းတော်ကြီးမှာ ရဟန်းသံဃာပေါင်း တစ်သောင်းခန့်ဆန့်၍ ပါဋလိပုတ်နေပြည်တော်၏ အရှေ့တောင်ဘက်၌ တည်ရှိခဲ့လေရာ ယခုအခါ မည်သည့်နေရာ၊ မည်သည့်ဌာနဟူ၍ပင် ခန့်မှန်း၍ မရတော့ချေ။

ခရစ်နှစ် ခုနစ်ရာအတွင်းက အိန္ဒိယနိုင်ငံသို့ ဘုရားဖူးရောက်လာသော ယွမ်ချောင်အမည်ရှိ တရုတ်ရဟန်းတော် သည် ထိုကျောင်း တော်ကြီးကို ယိုယွင်းပျက်စီးလျက် တွေ့ရှိခဲ့သေးပေသည်။ ရာဇဂြိုဟ်ပြည်အနီး နာလန္ဒာအရပ်မှာ ကျောင်းပေါင်းများစွာတို့ကို မင်းတရားကြီး ဆောက်လုပ်လှူဒါန်းခဲ့ သည်ဖြစ်သောကြောင့် ထိုနာလန္ဒာအရပ်၌ ရှာဖွေတူးဖော်မည်ဆိုလျှင် ပတ္တမြားမြေမှာ ရှာဖွေတူးဖော်သည်ထက် အကျိုးများစွာ ရှိပေလိမ့်မည်။ ခရစ်နှစ်

www.burmeseclassic.com

www.burmeseclassic.com



၁၉၁၅ ခုက နာလန္ဒအရပ်၌ ဒေါက်တာ စပူးနားအစပြု၍ ရှာဖွေတူးဖော်ခဲ့ခြင်းမှာ အံ့ကျိုးရှိစရာ လစ်းပေါ်ထွက်နေ၏။ မင်းတရားကြီးသည် ကြေးငွေအမြောက်အမြား အကုန်အကျခံ၍ ကျက်တည်တော်မူခဲ့သော စေတီပုထိုးတို့သည်ကား လူတို့ရောက်ပေါက်ရန် ခဲယဉ်းသော နေရာဒေသတို့၌ တည်ရှိကြသည် ဖြစ်သောကြောင့် ရှေးနန်းပြသဒ်နှင့် ကျောင်းတော်ကြီးတို့ထက် ကုသိုလ်ကံကောင်းသည့်အတိုင်း လုံးလုံး လျားလျား ယိုယွင်း ပျက်စီးခြင်းမဖြစ်သေးဘဲ ကျန်သလောက် ကျန်ရှိသော်ငြားလည်း အင်္ဂလိပ်လူမျိုး ကမ္ဘည်းကျောက်စာ ပညာသင်စသူတို့၏ လက်တည့်စမ်းခြင်းဖြင့် များစွာပျက်စီးကုန်ခဲ့၏။

စေတီပုထိုးတို့မှာ အများနားလည်လောက်အောင် ပြောပြရမည်ဆိုသော် ဘုရားသခင်၏ သရီရ ဓာတ်တော်ဖြစ်စေ၊ ရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်ဖြစ်စေ ထည့်သွင်းထားသော ဓာတ်တော်ကြုတ်ကို ဌာပနာရန်သော်လည်းကောင်း၊ သို့မဟုတ် သာသနာတော်နှင့်စပ်၍ ရာဇဝင်တွင်သော နေရာဌာနတို့ကို အထိမ်းအမှတ်ပြုရန်သော်လည်းကောင်း (သို့မဟုတ်) မြတ်စွာဘုရားကို ကြည်ညိုခြင်းသက်သက်ဖြင့် ပူဇော်သက္ကာရပြုရန်သော် လည်းကောင်း ကြီးရွယ်စီမံလျက် တည်တော်မူသော အဆောက်အဦ တစ်မျိုးဖြစ်ပေသည်။ ပုံသဏ္ဌာန်မှာကား ခပ်လုံးလုံး အုတ်ကျောက်တို့ဖြင့် ပြုလုပ်ထားသော အစိုင်အခဲကြီးဖြစ်၍ အောက်က ဖိနပ်တော်ခံလျက်ရှိ၏။ ထိုအလုံးကြီး၏ ထိပ်၌ လေးထောင့် ပလ္လင်ပုံ ...ဘား

www.burmeseclassic.com



သည့်ပြင် ၎င်းပလ္လင်တော်၏ အပေါ်မှတစ်ဖန် ကျောက်ထီးတို့ကို တစ်ခုပြီးတစ်ခု ဆင့်တင်လျက်ထားရှိ၏။ ပင်ရင်း၌ အောက်ခြေကမူ ကျောက်လက်ရန်းများ ကျောက်တိုင်များ ဝိုင်းရံလျက် ထားရှိရာ ထိုကျောက်လက်ရန်း၊ ကျောက်တိုင်တို့တွင် ရုပ်လုံးများ ထုလုပ်ထားလေသည်။ ဆိုခဲ့သော ကျောက်လက်ရန်းတို့၏ တံခါးပေါက်မှာကား တရုတ်ကျောင်း၏ တံခါးပေါက်သဖွယ် ပန်းပု၊ ပန်းနွယ်စသဖြင့် အမျိုးမျိုး ချယ်လှယ်ထုလုပ်ထား၏။

သာဉ္စီစေတီတော်ကြီးသည် တောင်ကုန်းပေါ်တွင် တည်ရှိ၏။ မီးရထားပေါ်မှကြည့်သည်ရှိသော် ကမ္ဘာလုံးခြမ်းကြီးကဲ့သို့ နီရဲသော အလုံးကြီးကို တွေ့မြင်ရလေသည်။ ထိုစေတီတော်ကြီးမှာ သဲကျောက်တုံးအနီတို့ဖြင့် တည်ထားရာ အဝန်းပေ ၁၁၀ ရှိ၏။ စေတီ၏ အောက်ခံ ဖိနပ်တော်မှာ လည်း အဝန်းပေ ၁၂၁ ပေခွဲရှိရာ၊ အမြင့်ပေပေါင်း ၇၇ ပေခွဲရှိလေသည်။ စေတီခြေရင်း၌လည်း ကျောက်လက်ရန်း ဝိုင်းရံလျက်ရှိရာ ၎င်းကျောက် လက်ရန်း၏တိုင်တို့မှာ ၁၁ ပေမြင့်သည့် အပြင် တံခါးပေါက်လေးခုမှာလည်း အထူးမွန်းမံချယ်လှယ်ထား၏။ ဆိုခဲ့သော သာဉ္စီစေတီတော်ကြီးမှာ မူလ အသောကမင်းတရားကြီး တည်တော်မူစဉ်ကာအုတ်ချည်းသက်သက်ဖြစ်၏။ နောက်နှစ်ပေါင်း ကာလရှည်ကျော်လွန်လာသောအခါမှ ထိုမူလစေတီကို မြှင့်၍ တည်ထားသော စေတီတော်ကြီးဖြစ်ပေသည်။

ထိုစေတီတော်ကြီး၏ တောင်ဘက် အဝင်ဝအနီး၌ အသောကမင်းတရားကြီး စိုက်ထူခဲ့သော အလွန်ကောင်းမွန်

www.burmeseclassic.com

လှပသည့် ကျောက်တိုင်မှ အုတ်ကျိုးအပဲ့တို့ကို တွေ့ရလေသည်။ ကျိုးပဲ့ပျက်စီး နေသော ခြင်္သေ့ရုပ်ဝတ္ထုမှာ မူလက ထိုကျောက်တိုင် ၏ထိပ်၌ တင်ထားသော ခြင်္သေ့ရုပ်တို့နှင့် တူသည့်ပြင် လက်စ၊ လက်နမှာလည်း အလွန်ကောင်းမွန်လှသည်ဖြစ်သောကြောင့် ဆာရ်နသ်ခေါ် မိဂဒါဝုန် အရပ်၌ ရှိသော ကျောက်တိုင်ထိပ်မှ ခြင်္သေ့ရုပ်တို့နှင့် တစ်လက်တည်း လုပ်သောလက်ရာနှင့်တူ၏။ သာဉ္စီစေတီတော်ကြီး၏ ပျက်စီးနေသော ကမ္ဗည်းကျောက်စာသည် ဆာရ်နသ်ခေါ် မိဂဒါဝုန်အရပ်ရှိ ကျောက်တိုင် အငယ် အမှတ် ၁ ၏ ကျောက်စာမှ မိတ္တူပင်ဖြစ်၏။

အသောကမင်းတရားကြီးလက်ထက် အချို့တစ်ဝက် ပိုလိုက်သော အလွန်အရေးကြီးသည့် ဓာတ်တော်တစ်ဆူကို ဆာအလက် ဇန္ဒာကန္နင်းဟမ် ဆိုသူ ပုဂ္ဂိုလ်ကြီးတစ်ဦးက အလာဟာဘတ်မြို့မှ အနောက်တောင်ဘက် ၉၅ မိုင်ခန့်ကွာ ဘဂ္ဂထိခန်နယ် နာဂေါ့မြို့ အပိုင်ဘာရဟာတ်ရွာ၌ ခရစ်နှစ် ၁၈၇၃ ခုနှစ်တွင် တွေ့ရှိခဲ့လေ သည်။ ဆာအလက်ဇန္ဒာကန္နင်းဟမ်သည် ထိုဘာရဟာတ်ရွာ၌ အဝန်း ၆၈ ပေနီးပါးခန့်ရှိသော အုတ်စေတီဟောင်း အပျက်တစ်ဆူကိုလည်း အလွန်ကောင်းမွန်လှပစွာ ရုပ်စုံထုလုပ်ထား သော ကျောက်လက်ရန်းကာရန်လျက်တွေ့ရှိ၏။ ၎င်းကျောက်လက် ရန်းမှာ အသောကမင်းတ ရားကြီးရေးထိုးတော်မူသော ကမ္ဗည်း ကျောက်စာနှင့်တူသော ကမ္ဗည်း ကျောက်စာများ ရေးထိုးထား လေသည်။

www.burmeseclassic.com



ထိုဂျက်စီးနေသော စေတီဟောင်းမှာ ယခုအခါ လုံးလုံးမရှိသလောက် ပျောက်ပျက်သွားပြီဖြစ်သော်လည်း အလွန်ကောင်းမွန်လှပသော ကျောက်လက်ရန်းအပိုင်းအစအချို့ကိုမူကား ဘင်္ဂလားပြည် ကာလကတ္တားမြို့ရှိ ပြတိုက်ကြီးသို့ ပြောင်းရွှေ့၍ သိမ်းဆည်းထား၏။ ဆိုခဲ့သော ကျောက်လက်ရန်းတို့မှာ ဘုရားဖြစ်တော်ပေါ်င်း ဇာတ်ဝတ္ထုတို့ကို ရုပ်စုံထုလုပ်၍ထားသောကြောင့် အလွန်ခန့်ငြားကောင်းမွန်ပေသည်။ ပတ္တနားမြို့၌လည်း မင်းတရားကြီးလက်ထက်က တည်တော်မူခဲ့သော စေတီပုထိုးတို့မှ ကျောက်လက်ရန်းအပိုင်းအစအချို့ကို ပီစီမူကာဂျီဆိုသူ ဘင်္ဂလီပုဂ္ဂိုလ်ကြီးတစ်ဦး တွေ့ရှိခဲ့၏။ သာဥ္စိစေတီတော်ကြီးမှ များစွာ မကွာဝေးလှသော ဘိလသအနီး ဘသိနဂါမြို့၌ တွေ့ရှိသော ကမ္ပည်းကျောက်စာများ ရေးထိုးပါရှိသည့် ကျောက်လက်ရန်းမှာလည်း မင်းတရားကြီး၏ လက်ထက်ကနှင့်ပင် တူပေသည်။ ထိုကျောက်လက်ရန်း၌ ထုလုပ်ထားသော ရုပ်စုံတို့မှာ ဗာရဟာတ်ရွာနှင့် သာဥ္စိစေတီတို့၌တွေ့ရှိသော ကျောက်လက်ရန်း၌ပါရှိသော ရုပ်စုံအတိုင်းဖြစ်၏။

ဆာရ်နသ်ဖခါ် မိဂါဒါဝုန်အရပ်၌ ရှာဖွေတူးဖော်ခြင်းမှာ မာရိယမင်းတို့လက်ထက်မှ ရှေးဟောင်းအဆောက်အဦများစွာတို့ကို တွေ့ရှိလိမ့်မည်ဟု မျှော်လင့်ဖွယ်ရှိ၏။ သို့သော်ထိုရှေးဟောင်း [illegible]ာက်အဦတို့ကို တွေ့ရှိအောင် ရှာဖွေတူးဖော်ရန်မှာ များစွာခဲယဉ်း နေပေသည်။ အကြောင်းမူကား အသောကမင်းတရားကြီး၏ နောက်မင်း အဆက်ဆက်တို့၏ လက်ထက်မှ အဆောက်အဦဟောင်း

www.burmeseclassic.com

www.burmeseclassic.com



တို့က အပေါ်မှ ကာဆီးဖုံးအုပ်လျက် မြေကြီးအောက်တွင် နစ်မြုပ်နေကြသောကြောင့်ပေတည်း။

ရှေးက အိန္ဒိယနိုင်ငံတွင် ယခု ဂရုတ်ပြည်မှာကဲ့သို့ တောင်းမှု ကုသိုလ်ပြုလုပ်ရာ၌ ကုန်ကျသော စရိတ်ကြေးငွေတို့ကို လူအများစု ပေါင်း၍ ထည့်သွင်းပါဝင်ခဲ့ကြလေသည်။ ယင်းသို့ စုပေါင်းပါဝင်သော အလှူရှင်တို့၏ အမည်များကိုလည်း ကမ္ပည်းရေးထိုးထားတတ်ကြ၏။ ဤအချက်နှင့်ဆက်လက်၍ ဂရိတ်လူမျိုးတို့ စိုးပိုင်နေထိုင်ခဲ့ကြသော အာရှတိုက်တိုင်း နိုင်ငံအချို့တို့၌လည်း ထိုနည်းအတူ အလေ့အထမျိုး ရှိခဲ့လေသည်။ ကောရိယာမြို့ရှိ "လားဘရင်းဒါး" ခေါ် ဂရိတ်လူမျိုးတို့၏ ဘုရားရှိခိုး ကျောင်းကြီးမှာ နီရိုးဘုရင်ကြီးလက်ထက်က ဆောက်လုပ်ခဲ့သော ဘုရားရှိခိုးကျောင်းကြီးဖြစ်၍ ထိုကျောင်းကြီးမှ ပြော့ကြောင်းထိုးထားသော ကျောက်တိုင်ကြီး တစ်ဆယ့်နှစ်တိုင်ကို ဆာ-ချားလ်(စ)ဖဲလိုး ဆိုသူ ပုဂ္ဂိုလ်ကြီးတစ်ဦးက ရှာဖွေတွေ့ရှိခဲ့ရာ ၎င်း ကျောက်တိုင်ကြီးများမှာ ကုသိုလ်ရှင်တို့၏ အမည်များကိုရေးထိုးလျက်ပါရှိ၏။

အသောကမင်းတရားကြီးသည် ကျောက်တုံးတစ်တုံးတည်းမှ ပြုလုပ်သော ကျောက်တိုင်အမြောက်အမြားတို့ကို ထူစိုက်တော်မူခဲ့လေသည်။ ထိုကျောက်တိုင်တို့တွင် အချို့၌ ကမ္ပည်းကျောက်စာ ရေးထိုးထားခြင်းမရှိပေ။ သို့သော် ၎င်းကျောက်တိုင်အားလုံးတို့ကိုမူငွေ ကြေးငွေ အမြောက်အမြား အကုန်ခံလျက် အလွန်ကောင်းမွန်လှပအောင် ထုလုပ်ထား၏။ သို့ကြောင့် ထိုကျောက်တိုင်တို့ကို ကြည့်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် မင်းတရားကြီးလက်ထက်က ပိသုကာ ဆရာတို့၏ လက်ရာမှာ အဘယ်မျှ ကျွမ်းကျင်လိမ္မာ၍ တတ်မြောက်ကောင်းမွန်ကြောင်းကို သိနိုင်ပေသည်။

ယုအံချောင်အမည်ရှိ ဟရုတ်ရဟန်းတော်က, အိန္ဒိယနိုင်ငံသို့ ဘုရားဖူးလာရောက်စဉ် ထိုကျောက်တိုင်မျိုး ၁၆ တိုင်ကို တွေ့ရှိခဲ့ကြောင်းနှင့် ၎င်း၏ မှတ်တမ်း၌ ဖော်ပြထား၏။ ထိုတရုတ်ရဟန်းတော် ဖော်ပြသော ကျောက်တိုင်တို့အနက် လေးတိုင်၊ ငါးတိုင်မှာ ယခုရှာဖွေ တွေ့ရှိသော ကျောက်တိုင်များအထဲ၌ ပါရှိ၏။ ကမ္ပည်းကျောက်စာ ရေးထိုးထားသောကျောက်တိုင်ဟူ၍ ယခုအခါ အသိအမှတ်ပြုလုပ် ပြောဆိုကြသော ကျောက်တိုင်တို့မှာ အရေအတွက်အားဖြင့် ၁၀ တိုင် ရှိ၍ ၎င်းအနက် (၂) တိုင်တည်းသာလျှင် တရုတ်ရဟန်းတော် တွေ့ခဲ့သည် ဆိုသောကျောက်တိုင်နှင့်တူပေသည်။ ထိုကျောက်တိုင် နှစ်တိုင်တွင် တစ်တိုင်မှာ ကမ္ပည်းကျောက်စာမပါဘဲ အခြားတစ်တိုင် ၌သာ ကမ္ပည်း ကျောက်စာပါ၍ နှစ်တိုင်စလုံး မပျက်မစီး ကောင်းမွန် စွာရှိ၏။ ခရစ် သက္ကရာဇ် ၁၉၀၄ခု၊ ၁၉၀၅ခုနှစ်အတွင်းက တွေ့ရှိသော ဆာရ်နသ် ဇေါ် မိပဒါဝသန်အရပ်ရှိ ကျောက်တိုင်၏ထိပ်မှ အလွန့်ခန့်ညားကောင်း မွန်သော ရုပ်လုံးမှာ "မောရိယအင်ပါယာ" နိုင်ငံကြီး၏ လက်မှုပညာသည်တို့ ကြီးကျယ်တတ်မြောက်ခြင်းကို ဖော်ပြထားလေသည်။

အထက်က ပြောဆိုခဲ့သော ကမ္ပည်းကျောက်စာမပါသော ကျောက်တိုင်သည် ဘီဟားပြည်မြောက်ပိုင်း မူဇဖားပူဒိစတြိတ်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးက ဝေသာလီဟု ခေါ်သော ဘဆာမြို့အနီး ဘသီရာအရပ်၌ရှိရာ သဲကျောက် တုံးကြီးတစ်တုံးတည်းမှပြုလုပ်၍ အရောင်တင်ထား၏။ အမြင့် ၄၄ပေ၊ ၂လက်မရှိ၍ လုံးပတ်မှာ တိုင်ရင်းမှ ၄၉ လက်မ၊ တိုင်ဖျား ၃၈လက်မ ရှိပေသည်။ ကျောက်တိုင်ထိပ်၌ ခေါင်းလောင်း သဏ္ဍာန်ထိပ်အုပ်လုပ်ထားပြီးလျှင် ၎င်းထိပ်အုပ်အပေါ်မှ တစ်ဖန် ခြင်္သေ့ရုပ်တင်ထား၏။ ဘီဟားပြည်မြောက်ပိုင်း စမ္ပာရန်ခရိုင်ရှိ ကမ္ဘည်းကျောက်စာပါသော လော့ရိယာနန္ဒင်ဂရဟာကျောက်တိုင် သို့မဟုတ် မထိယာကျောက်တိုင် မှာ ပုံပန်းသဏ္ဍာန်အားဖြင့် ဘသီရာအရပ်ရှိ ကျောက်တိုင်နှင့်ပင်တူ၍ အလွန်ချောမွတ် တောက်ပြောင်ပြီးလျှင် ကောင်းမွန်လှပ၏။ ထိုကျောက် တိုင်မှာ အမြင့် ၃၂ပေ ၉လက်မခွဲရှိ၍ လုံးပတ်မှာ တိုင်ရင်းမှ ၃၅ လက်မခွဲရှိပြီးလျှင် အဖျားသို့ တဖြည်းဖြည်း သေးသွယ်သွား၍ တိုင်ဖျား မှာ ၂၂လက်မသာရှိပေသည်။ ထိပ်အုပ်မှာ ဝမ်းဘဲဥပုံမဟုတ်ဘဲ စက်ဝိုင်းပုံဖြစ်၍ အနားပတ်လည်တွင် ရွှေဟင်္သာများ အစာစားနေပုံ ကို ထုလုပ်ထား၏။ ယင်းထိပ်အုပ်အပေါ်ကမှတစ်ဖန် ခြင်္သေ့ရုပ်တင်ထား ရာ ၎င်းခြင်္သေ့ရုပ်မှာ နေထွက်ရာသို့ မျက်နှာမူနေဟန်ဖြစ်၏။ ကျောက်တိုင်အမြင့်မှာ ၄၀ရှိ၏။

အထာဟာ့ဘတ်မြို့ရှိ ဋ္ဌလ္လာဟာဗဒကျောက်တိုင်၏ ထိပ်အုပ်မှာ စက်ဝိုင်းပုံဖြစ်၍ ၎င်းထိပ်အုပ်တွင် ရွှေဟင်္သာရုပ်မဟုတ်ဘဲ ပဒုမ္မာကြာ နှင့် မျှားစုတ်ပန်းတို့၏ ပန်းနွယ်၊ ပန်းကုံးပုံတို ထုလုပ်ထားရာ ဂရိဟ် လူမျိုးတို့၏ လက်ရာကို အတုယူထုလုပ်

www.burmeseclassic.com



ထားသည့် လက်ရာများရှိ၏။ ရှေးဟောင်းစာပေများအရ ထိုကျောက်တိုင်ထိပ်တွင် ခြင်္သေ့ရုပ်ထုလုပ် ထားပေသည်ဟုဆို ပေသည်။ သို့သော် ၎င်းခြင်္သေ့ရုပ်ကို မတွေ့ရတော့ ချေ။ ခရစ်သက္ကရာဇ် ၁၈၃၈ ခုနှစ်က ဗြိတိသျှရယ်အင်ဂျင်နီယာအဖွဲ့ဝင် ကပ္ပတိန်စမစ်ဆိုသူအား ဘာဒီယာနှင့် လောရီယာနန္ဒင်ဂ်ရှိ ကျောက်တိုင်တို့ရှိ ခြင်္သေ့ရုပ်မျိုးတစ်ခုကို ထုလုပ်စေသည့်အတိုင်း ထုလုပ်ပြီးသည့်နောက် ဆိုခဲ့သော လွှာဟာဗဒကျောက်တိုင်ထိပ်၌ တင်ထားရာ ထိုခြင်္သေ့ရုပ်မှာ အချိုးအစားမကျဘဲ ကြောက်စရာအကောင်ကြီးဖြစ်နေလေသည်။ သို့ဖြစ်၍ "ကပ္ပတိန်စမစ်ထုလုပ်သော ခြင်္သေ့ရုပ်သည် အသုံးမကျသော ခွေးပုမွေးရှည်ကောင်ကြီးနှင့်တူနေသည်" ဟု ဆာအလ္လက်ဇန္ဒာကန္နင်းဟမ်က ဆိုလေသည်။

စမ္ပာရန်ဒီစကြိုတ်နယ် ရာမပုရဝါခေါ် ဇနပုဒ်ကလေးရှိ ကျိုးပဲ့နေသော ကျောက်တိုင်နှစ်တိုင်အနက် တစ်တိုင်မှာ ကမ္ပည်းကျောက်စာပါရှိ၍ ထိုကျောက်တိုင်အနီး မြေကြီးထဲတွင် နစ်မြုပ်နေသော ခြင်္သေ့ရုပ်ကို တွေ့ရှိ၏။ "ခြင်္သေ့ရုပ်မှာ အကြောနှင့်ကြွက်သားများ ထနေပုံသည် ပကတိအတိုင်းနှင့်အလွန်တူသည့်အပြင် အချိုးအစား ကျနကောင်းမွန်လှသောကြောင့် မောရိယမင်းတို့လက်ထက်က ကျောက်ရုပ်ထုလုပ်ခြင်းအတတ်ပညာသည် ထိပ်တန်းသို့ရောက်ခဲ့ကြောင်း ဖော်ပြသည်" ဟု ဆာဂျွမ်မာရှယ်ဆိုသူ အိန္ဒိယနိုင်ငံ ကျောက်စာဝန်ကြီးတစ်ဦးက ပြောဆိုလေသည်။ အခြားတစ်တိုင်မှာ ကမ္ပည်းကျောက်စာမပါဘဲ ၎င်းကျောက်စာတိုင်ထိပ်၌မူ လကာရှိခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



နွားလားဥသဘရုပ်မှာ များစွာပျက်စီးလျက် မြေကြီးထဲမှာပင် ရှာဖွေတွေ့ရှိ၏။

မူဇဖားပူဒိစတြိတ်နှင့် စမ္ပာယံရန် ဒိစတြိတ်နယ် ဘခီယာ (ဝေသာလီ) လောရိယာ အရရာဇ (ရေဒီယာ) လောရိယာ နန္ဒဂ်ရဟာ (မထိယာ) ရာမပုရဝါတို့ရှိ ကျောက်တိုင်တို့မှာ ပါဋလိပုတ်နေပြည်တော်နှင့် မျက်နှာချင်းဆိုင် ဂင်္ဂါမြစ်မြောက်ဘက် ကမ်းခြေမှ နီပေါနယ်တောင်ကြားသို့ မင်းတရားကြီး ထွက်တော်မူသော လမ်းတလျှောက်ကို အထိမ်းအမှတ်ပြု၍ စိုက်ထူထားခြင်းဖြစ်လေသည်။ ရာမပုရဝါခေါ် ကျေးရွာ ဇနပုဒ်ကလေးမှာ တောင်ခြေရင်းမှ များစွာ မဝေးကွာလှပေ။ ကျောက်တိုင် ၅တိုင်အနက် ၃တိုင်မှာ ကမ္ပည်းကျောက်စာပါရှိ၍ လမ်းကြီးတစ်လျှောက်သွားလာသူခရီးသည်တို့အား သိမြင်ဖတ်ရှုနိုင်ကြစေရန် စိုက်ထူထားခြင်းဖြစ်၏။ အခြားသော ကျောက်တိုင်တို့မှာကား မြို့ကြီးပြကြီးတို့၌လည်းကောင်း၊ ဘုရားဖူးသွားရာ နေရာဒေသတို့၌ လည်းကောင်း၊ လူသွားလူလာ များသော လမ်းတို့၌လည်းကောင်း ထင်ရှားသော နေရာများတွင် စိုက်ထူထားလေသည်။ သို့သော် "အင်ပါယာ"နိုင်ငံကြီးအတွင်း ဝေးကွာသော ပြည်နယ်တို့၌မူကား ကျောက်တုံးကျောက်ပြားတို့တွင် ရေးထိုးသော ကမ္ပည်းကျောက်စာ များသာရှိ၍ ကျောက်တိုင်တို့ကိုမူ မတွေ့ရချေ။

ကျောက်တိုင်တို့မှာ အားလုံးလိုပင် သဲကျောက်တုံးကြီးမှ ထုလုပ်သဖြင့် ဗိုသဲကျောက်တုံးကြီးတို့ကိုသည်း မီရဇာပုဒိစတြိတ်ချူနာအရပ်ရှိ ကျောက်တောင်ကြီးမှ

www.burmeseclassic.com

www.burmeseclassic.com



တူးဖော်ရရှိလေသည်။ သို့ကြောင့် ထိုကျောက်တောင်ကြီးမှ မိုင်ပေါင်းများစွာ ဝေးကွာလှသော နေရာဒေသ တို့၌ ကျောက်တိုင်တို့ကို စိုက်ထူထားရာ ကျောက်တိုင်တို့ကို ထုလုပ်သူ ကျောက်ဆစ်သမားတို့နှင့်တကွ အလွန်ဝေးကွာလှသောနေရာဒေသများသို့ သယ်ပိုးယူဆောင်သူ အင်ဂျင်နီယာတို့မှာ မောရိယမင်းတို့ လက်ထက်က အဘယ်မျှ ကျွမ်းကျင်လိမ်မာ၍ တတ်မြောက်ကြသည် ကို ချီးမွမ်း၍ မကုန်နိုင်အောင်ဖြစ်၏။

အသောကမင်းတရားကြီးကွယ်လွန်သည့်နောက် နှစ်ပေါင်း ၁၆၀၀ ကြာရှိသည်ကာလ၊ ဖရော့ရှားအမည်ရှိ မဟာမက်ဘာသာဝင် ဘုရင်တစ်ပါးသည် မင်းတရားကြီး စိုက်ထူတော်မူခဲ့သော ကျောက်တိုင်တို့အနက် ကျောက်တိုင် ၂ တိုင်ကို တွေ့ရှိသည့်အတိုင်း ၎င်းစိုးစံရာ ဒေလီမြို့အနီးသို့ ရွှေ့ပြောင်းပြီးလျှင် နောက်ထပ်စိုက်ထူထားရှိရာ ယင်းသို့ ရွှေ့ပြောင်းစိုက်ထူရာတွင် လူပေါင်းထောင်သောင်းတို့နှင့် အကြီးအကျယ် ခဲခဲယဉ်ယဉ်း ပြုလုပ်ခဲ့ရကြောင်း ရေးသားဖော်ပြထားလေသည်။ အသောကမင်းတရားကြီးသည် ဆိုခဲ့သော ကျောက်တိုင်ပေါင်း ၃၀ သို့မဟုတ် ၃၀ကျော်ကို စိုက်ထူတော်မူခဲ့၏။ ကျောက်တိုင်တစ်တိုင်၊ နှစ်တိုင်မျှကိုပင် ရွှေ့ပြောင်းသည့်အတွက် ဖရော့ရှားဘုရင်မှာ များစွာခဲယဉ်းပင်ပန်းခဲ့ရသည်ဆိုက ထိုကျောက်တိုင်တို့ထက် ကြီးမားလေးလံ၍ အရေအတွက်များပြားသော ကျောက်တိုင်တို့ကို ထို့ထက်လည်း ဝေးဝေးလံလံသော နေရာဒေသများသို့ ယူဆောင်စိုက်ထူခဲ့သော မင်းတရားကြီး၊ လက်ထက်က

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဂျင်နီယာတို့၏ စွမ်းရည်သတ္တိမှာ ပြောစရာမရှိတော့ချေ။

ယခုအခါ ရှာဖွေ၍တွေ့ရှိသော ကျောက်တိုင် ၁၀တိုင်မှာ ကမ္ပည်းကျောက်စာရေးထိုးပါရှိ၏။ ၎င်းအနက် ၆တိုင်မှာ ပထမ ကျောက်တိုင် ၆ တိုင်ပါ။ ကမ္ပည်းကျောက်စာအစိုင်း မိတ္တူပါရှိလေသည်။ သတ္တမကျောက်တိုင်မှာ ကျောက်တိုင်များအနက် အရေးအကြီးဆုံး ကျောက်တိုင်ဖြစ်၍ "ဒေလီတောပရကျောက်တိုင်" ဟုခေါ်၏။ နီပေါနယ်ရှိ ကျောက်တိုင်နှစ်တိုင်မှာ မင်းတရားကြီးသည် သက္ကရာဇ် ၂၄၉ ခုက ဗုဒ္ဓဘာသာဆိုင်ရာ အထွဋ်အမြတ်နေရာဒေသတို့သို့ ကြွရောက်တော်မူသည်ကို အထိမ်းအမှတ်ပြုလုပ်စိုက်ထူထားသော ကျောက်တိုင်ဖြစ်ပေသည်။ သာဉ္စိစေတီနှင့် ဆာရ်နတ်ခေါ် မိဂဒါဝုန် အရပ်ရှိ ကျောက်တိုင်တို့မှာမူ သံဃာတော်တို့ လိုက်နာစောင့်ထိမ်းအပ်သော စည်းမျဉ်းဥပဒေများ ဖော်ပြပါရှိ၏။ ကမ္ပည်းကျောက်စာရေးထိုးပါ ရှိသောကျောက်တိုင်တို့၏ စာရင်းအကျယ်ကို ဤစာမျက်နှာအခန်း အဆုံးသတ်၌ ဖော်ပြထား၏။

မင်းတရားကြီး စိုက်ထူတော်မူခဲ့သော ကျောက်တိုင်အများ ကျန်ရှိသေးရာ ရှာဖွေတူးဖော်ရန် လိုပေသည်။ သာဝတ္ထိပြည်အနီး ဇေတဝန်ကျောင်းတော် အဝင်ဝ၌ စိုက်ထူတော်မူခဲ့သော ကျောက်တိုင်နှစ်တိုင်မှာ တစ်တိုင်၏ထိပ်၌ နွားလားဥသဘရုပ်ရှိ၍ အခြားတစ်တိုင်၏ ထိပ်၌စကြာပုံရှိလေသည်။ ထိုသာဝတ္ထိပြည်၏ ရှေးဟောင်းအဆောက်အဦတို့သည် ရာပတီမြစ်များရှိ နီပေါနယ်တောတောင်ထဲတွင် တိမ်မြုပ်နေသည်ဟု ထင်မြင်ဖွယ်ရှိ၏။ ဇေတဝန်ကျောင်းတော်၌

www.burmeseclassic.com

www.burmeseclassic.com



စိုက်ထူခဲ့သည်ဆိုသော ကျောက်တိုင်တို့မှာ နီပါလဂနဇမြို့အပိုင် ဗာရဟာတ်နှင့် မထိယာရွာတို့၌ ရှိသည်ဟု ပြောကြ၏။ ကျန်ကျောက်တိုင်တို့မှာကား ဂေါရက္ခပူနယ်ခြားအလွန် နီစထ၀မြောက်၊ နီပေါနယ်အတွင်း၌လည်းကောင်း၊ စမ္ပရန်ဒီစကြိတ်မြောက်ဘက် ဘရိုဝ်အရပ်နှင့် မောရနပရအရပ်တို့ လည်းကောင်း တည်ရှိသည်ဟု ပြောဆိုကြပေသည်။

ကျောက်တိုင် ၁၀ တိုင်အနက် ရူမိနေဒေဝီကျောက်တိုင်နှင့် ဆာရ်နသ်ခေါ် မိဂဒါဝုန်ကျောက်တိုင် ၂ တိုင် သာယုအံ့ချောင်အမည်ရှိ တရုတ်ရဟန်းတော်တွေ့ခဲ့သည်ဆိုသော ကျောက်တိုင်တို့နှင့် ထပ်တူဖြစ် ကြောင်း သိရ၏။ တတိယကျောက်တိုင်တည်းဟူသော နိဂလိဝ ကျောက်တိုင်မှာကား မူလနေရာ၌မဟုတ်သဖြင့် ထိုတရုတ်ရဟန်းတော် ဖော်ပြသော ကောဏာဂမန စေတီနှင့်စပ်ဆိုင်မဆိုင် မပြောနိုင်ပေ။ သို့သော် ကျောက်တိုင် ၁၀ တိုင်အနက် ၇ တိုင်မှာ ထိုတရုတ်ရဟန်း တော်က မင်းတရားကြီး၏ ကျောက်စာတို့နှင့်စပ်၍ ကျောက်တုံး၊ ကျောက်ပြားပေါ်မှာ ရေးထိုးသည်။ သို့မဟုတ် ကျောက်တင်ပေါ်မှာ ရေးထိုးသည်ဟု တစ်စုံတစ်ရာမျှ ရည်ညွှန်း၊ ဖော်ပြခြင်းမရှိသည်ကား ထူးခြားပေသည်။ ထိုတရုတ်ရဟန်းတော်က ပါဋလိပုတ်နေပြည်တော် ရှိ ကျောက်တိုင်တစ်တိုင်တွင် အသောက မင်းတရားကြီးသည် ဇမ္ဗူဒီပါကို သံဃာတော်တို့အား လှူဒါန်းတော်မူကြောင်းနှင့် ကမ္ပည်းရေးထိုးထားသည်ကို တွေ့ရှိသည်ဟု ဖော်ပြချက်မှာလည်း၊ ထိုကမ္ပည်းစာကို မတွေ့ရတတ်သဖြင့်

www.burmeseclassic.com



နှုန်းသပြောဆိုကြသူတို့၏ စကားအတိုင်း ဖော်ပြ ချက်နှင့်တူပေသည်။ ထိုတရုတ်ရဟန်းတော်သည် မင်းတရားကြီးရေး ထိုးတော်မူခဲ့သော ကမ္ပည်းစာကို မိမိကိုယ်တိုင်လည်း မဖတ်နိုင်၊ ဖတ်တတ်သူကိုလည်း မတွေ့ခဲ့ခြင်းအကြောင်းမှာကား ထိုကမ္ပည်းစာကို ရေးထိုးပြီး သည့်နောက် နှစ်ပေါင်းကိုးရာကျော်လွန်သည့်အခါမှ ရောက်ရှိခဲ့သော ကြောင့်ဖြစ်၏။ ၎င်းပြင် ထိုခေတ်ထိုအခါကလည်း လူတို့သည် အသောကမင်းတရားကြီး၏ အကြောင်းအရာတို့ကို ဒဏ္ဍာရီ စကားဖြင့်သာလွှမ်းနေကြ၍ မင်းတရားကြီးရေးထိုးခဲ့သော ကမ္ပည်း ကျောက်စာအစစ်အမှန်တို့ကိုမူ သတိမရ မေ့လျော့နေခဲ့ကြလေသည်။

ကျောက်တုံးကျောက်ပြားတို့၌ ရေးထိုးတော်မူခဲ့သော ကမ္ပည်းကျောက်စာတို့မှာ အလွန်အံ့ဩဖွယ်ကောင်း၍ ကျောက်တိုင် များကဲ့သို့ ချောမွတ်လှပခြင်းမရှိသော်လည်း စိတ်ဝင်စားဖွယ် အကောင်းဆုံး ဖြစ်၏။ ထိုကျောက်စာတို့ကို "အင်ပါယာ" နိုင်ငံကြီး အတွင်း အလွန်ဝေးကွာသော ပြည်နယ်တို့၌ တစ်ဆယ့်သုံးနေရာ သီးခြား၍တွေ့ရှိရာ ရေးထိုးထားသော ကမ္ပည်းကျောက်စာတို့မှာ လည်း ယေဘုယျအားဖြင့် ဓမ္မတရားနှင့်စပ်သော ဆုံးမဩဝါဒတို့ဖြစ်၏။ မင်းတရားကြီး၏ ကျောက်စာတို့ကို အာဖကန်နစ္စတန်ပြည်နှင့် အိန္ဒိယအနောက်မြောက် နယ်ခြားအလွန် အာရပ်ဒေသတို့၌ နောက်ထပ်ရှာဖွေမည်ဆိုလျှင် တွေ့ရှိဦးမည့် လက္ခဏာရှိ၏။ အိန္ဒိယအနောက်မြောက်ဘက်မှစ၍ ဖော်ပြရမည်ဆိုသော် ပထမကျောက်စာတစ်စုကို အသောကမင်း တရားကြီး ခံတော်မူရာ

www.burmeseclassic.com



ပါဠလိပုတ်နေပြည်တော်မှ မိုင်ပေါင်းတစ်ထောင် ကျော်ကွာ ပက်သျှဝါမြို့မှ အရှေ့မြောက်မိုင်ပေါင်းလေးဆယ်ကွာ အိန္ဒိယ အနောက်မြောက်တိုင်း၊ ပက်သျှဝါဒီစတြိတ် ယုစုဖဇယ်ဆဗ္ဗအေဝီဇံနယ် သဟဗာဇဂရှိဝါရွာ၌ တွေ့ရှိလေသည်။ ထိုကျောက်စာတို့မှာ အမှတ် ၁ က အမှတ် ၁၄ အထိ ကျောက်စာတို့ဖြစ်၍ ၎င်းကျောက်စာ ၁၄ ခု အနက် အမှတ် ၁၂ မှတစ်ပါး ကျန်အားလုံးတို့ကို ရွာ၏ အရှေ့တောင်ဘက်တောင်ကုန်းတွင် အကျယ် ၂၄ ပေ၊ အမြင့် ၁၀ ပေရှိ ကျောက်တုံး ကြီး၏ အရှေ့ဘက်နှင့် အနောက်မျက်နှာပြင် နှစ်ခုစလုံး၌ရေးထိုးထား၏။

ဘာသာပါဠိတို့ကို သဘောအတိုင်းကိုးကွယ်လိုရာ ကိုးကွယ်ကြစေခြင်းပြသော အမှတ် ၁၂ ကျောက်စာမှာကား လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်းက ကွယ်လွန်သူ ဆာတယ်ရိုးဒီးဆိုသူ ပုဂ္ဂိုလ်ကြီး တစ်ဦးတွေ့ရှိခဲ့၍ ဆိုခဲ့သော သဃဗာဇဂရှိဝါရွာ ကျောက်တုံးကြီးမှ ကိုက် ၅၀ ခန့်ကွာ၊ တသီးတခြားကျောက်တုံးပေါ်တွင် ရေးထိုးထား၏။

ထိုကျောက်စာ ၁၄ ခုစလုံးမှာ မပျက်စီး၊ ကောင်းမွန်စွာရှိနေသည်ဖြစ်သောကြောင့် ကျောက်စာလိုက်စာသူတို့ အဖို့ အကျိုးများစေ လေသည်။

အစဉ်အတိုင်း ဒုတိယကျသော ကျောက်စာမှာ အက်ဗော့ဘာဘတ်မြို့မှ မြောက် ၁၅ မိုင်ခန့်ကွာ အိန္ဒိယအနောက်မြောက်တိုင်း၊ မဟာဇရဒီစတြိတ်မာနသေရာ၌ရှိ၏။ ထိုကျောက်စာ၌ ရှုတို့ နေထိုင်ရာ ဒေသနှင့် မနီးသည့်မြင် လှုတို့သွားလာရာ ပယ်းစခန်းလည်း



www.burmeseclassic.com

www.burmeseclassic.com



မတျသောကြောင့် ဤကဲ့သို့ နေရာဌာနကို ရွေးချယ်ခဲ့ခြင်းအကြောင်း ကို လက်ဦးအစ မသိကြဘဲ နောက်မှ ဒေါက်တာစတိန်းဆိုသူ ပုဂ္ဂိုလ်ကြီးတစ်ဦး ကထိုနေရာမှာ ရှေးက ဘုရားဖူးသွားရာ လမ်းကြီး တစ်လမ်းရှိခဲ့ကြောင်းကို တွေ့ရှိသည့်အခါမှ သိသာထင်ရှားလာ၏။ ထို့ဒုတိယ ကျောက်စာမှာ ရူပနာထအရပ်နှင့် ဝိရနာရအရပ်တို့ရှိ ကျောက်စာကဲ့သို့ ဘုရားဖူးသွားလာသူ ခရီးသည်တို့၏ မျက်စိတွင် ရုတ်တရက် တွေ့မြင်နိုင်အောင် ရေးထိုးထားခြင်းဖြစ်၏။ ၎င်းကျောက်စာမှာ သဟဗာဇဂရပဟိကျောက်စာကဲ့သို့ ပြည့်စုံစွာမပါရှိပေ။ ဆိုခဲ့သော အိန္ဒိယအနောက်မြောက်ရှိ ကျောက်စာနှစ်ခုစလုံးမှာ အယူဝါဒကို ကိုးကွယ်လိုရာ ကိုးကွယ်ကြစေခြင်းပြုကြောင်း အထူးဖော်ပြထားသည့် အတိုင်း မာနသေရကျောက်စာမှာ ကျောက်တုံး၏ တစ်ဖက် မျက်နှာ တစ်ခုတည်း၌ ရေးထိုးထား၍ သဟဗာဇဂရပဟိကျောက်စာမှာမူ တစ်သီးတစ်ခြား ကျောက်တုံး၌ရေးထိုးထားလေသည်။ ထိုကျောက်စာ နှစ်ခုစလုံးမှာလည်း လက်ျာမှ လက်ဝဲသို့ရေးသော "ခရောစသိ" ဟု ယခုအခါ ခေါ်ဝေါ်ကြသော "အရာမစ်" ဗျည်းအက္ခရာတို့ဖြင့် ရေးထိုးထားရာ ထိုဗျည်းအက္ခရာတို့မှာ သက္ကရာဇ် ၅၀၀ ပြည့်လောက် က အီရိရပ်အမည်ရှိ ပါရှားလူမျိုး အရာရှိတို့က စတင်အသုံးပြုခဲ့သော ဗျည်းအက္ခရာနှင့်တူပေသည်။

ကျောက်စာ ၁၄ ခုတို့၏ တတိယကျောက်စာမှာ မပျက်မစီး အကောင်းဆုံးဖြစ်၍ မဆူရီခေါ် တောင်ကုန်းမြို့၏ အနောက် ၁၅မိုင်တွာ

www.burmeseclassic.com

www.burmeseclassic.com



သဟာရမွှုမှ စက္ကရာတခေါ် တပ်မြို့သို့သွားရာလမ်း ယူနိုက်တက်ပရော် ဗင့်ပြည် ဒီရာနွန်းဒိစတြိတ် ကာလသိရွာမှ တောင်ဘက် တစ်မိုင်ခွဲကွာ ရှိ ကျောက်တုံးပေါ်၌ ခရစ်နှစ် ၁၈၆၀ ပြည့်တွင် တွေ့ရှိလေသည်။ ၎င်းကျောက်စာမှာ အောက်ခြေအဝန်း ၁၀ ပေ၊ ထိပ်အဝန်း ၆ပေရှိ ဂေါ်ဒန်ကျောက်ဖြူ တုံးကြီး၏ အရှေ့တောင်ဘက် မျက်နှာပြင်တွင် ရေးထိုးထား၏။ ၎င်းကျောက်တုံးကြီး၏ တစ်ဖက်မျက်နှာပြင်၌လည်း ဆင်ရုပ်ပုံထွင်းထားလျက် ဆင်ရုပ်အောက်က "ဆင်ပြောင်ကြီး" ဟု စာရေးထိုးထားလေသည်။ ရေးထိုးသော ကမ္ပည်းကျောက်စာတို့၏ ဗျည်းအက္ခရာမှာ မာနသေရ ကျောက်စာနှင့် သဟဗာဇဂရပ် ကျောက်စာမှတစ်ပါး ကျန်အားလုံးကုန်သော ကျောက်စာတို့မှာကဲ့သို့ လက်ဝဲမှ လက်ျာသို့ရေးသော ရှေးက ဗြဟ္မီအက္ခရာပုံဖြစ်၏။ ထိုဗြဟ္မီ အက္ခရာမှာ ယခု အိန္ဒိယ၊ မြန်မာပြည်၊ သီဟိုဠ်၊ ယိုးဒယား၊ တိဗက် စသည့်တိုင်းပြည်တို့၌ သုံးစွဲလျက် ရှိကြသော ဗျည်းအက္ခရာတို့ ဖြစ်ပေါ်လာရာ မူလအရင်းခံ အက္ခရာဖြစ်လေသည်။

ကျောက်စာ ၁၄ ခုတို့၏ မိတ္တူနှစ်ခုမှာ အိန္ဒိယနိုင်ငံအနောက် ဘက် ပင်လယ်ကမ်းခြေရှိ နေရာဒေသတို့၌ ထုတ်ပြန်ထားတော်မူခဲ့ လေသည်။ ဘုံဘိုင်မြို့မှ မြောက်ဘက်သာနဒိစတြိတ်ရှိ သောပါရမြို့၌ တွေ့ရှိသော ကျောက်စာအစအနတို့မှာ ကျောက်စာအမှတ် ၈ မှ ကျောက်စာအနည်းငယ်မျှသာပါရှိ၍ ထိုနေရာဒေသ၌ ကျောက်စာမိတ္တူ တစ်ခုရှိကြောင်း ထင်ရှားစွာဖော်ပြ၏။ သောပါရမြို့သည် ယခုထက်

www.burmeseclassic.com

www.burmeseclassic.com



တိုင် စည်ကားသောမြို့ကလေးတစ်မြို့ဖြစ်လေရာ ရှေးအခါက ကျော်စောသော သောပါရကဆိုသော ဆိပ်ကမ်းမြို့ဖြစ်၍ ဟိန္ဒူနှင့် ဗုဒ္ဓဘာသာဝင်တို့၏ အဆောက်အဦများရှိ၏။

ကျော်စောသော ဂိရနာရကျောက်စာမှာ ကာနယ်တော့ဒ် ဆိုသူ အင်္ဂလိပ်စစ်ဗိုလ်ကြီးတစ်ဦးက ခရစ်သက္ကရာဇ် ၁၈၂၂ ခုနှစ်တွင် လက်ဦးအစဖော်ပြခဲ့၍ အလွန်ထူထပ်သော တောတောင်ထဲတွင် မြေကြီးအောက်၌ နစ်မြုပ်နေခဲ့ရာမှ ထိုဒေသရှိ ပုဂ္ဂိုလ်တစ်ဦးက ဂျိန်း ဘာသာဝင်များ ဘုရားဖူးသွားလာရန် လမ်းကလေးတစ်ခု ဖောက်လုပ် သောအခါ တွေ့ရှိလေသည်။ ကသိဝါကျွန်းဆွယ်နယ်၏ မြို့တော်ဖြစ် သော ဇူနာဂရခေါ် ရှေးမြို့ဟောင်းသည် ဂိရနာရတောင်နှင့် ဒါတာတောင် နှစ်လုံးကြားတွင် တည်ရှိ၏။ မင်းတရားကြီး၏ ဘိုးတော်စန္ဒဂုတ်မင်း ကြီးလက်ထက်က တူးဖော်ခဲ့သော သုဒဿနရေအိုင်ကြီးမှာ ရေမြောင်း ရေတံခါးတို့နှင့်တကွ အကြီးအကျယ် စီမံပြုလုပ်ထားသဖြင့် ထိုတောင် ကြားတစ်ခုလုံးသို့ ရေပေးသွင်းခဲ့ဖူးလေသည်။ ဂိရနာရတောင်ရှိ ကမ္ပည်းကျောက်စာ ရေးထိုးထားသောကျောက်မှာ နှုံးပတ်ကျောက်တုံးကြီးဖြစ်၍ ဆိုခဲ့သော ရေအိုင်ကြီးအနီးတည်ရှိ၏။ ထိုရေအိုင်ကြီးမှာ ယခုအခါ မရှိတော့ချေ။ အမှတ် ၁ က ၁၄ အထိ ကျောက်စာ ၁၄ခုကို ကျောက်တုံးကြီး၏ အရှေ့မြောက်ဘက် မျက်နှာပြင်တွင် ရေးထိုးထား ၍ ထိပ်ပိုင်းက ရုဒြဒါနအမည်ရှိ မြို့ဝန်တစ်ဦး၏ ကမ္ပည်းစာရှိ၏။ ကျောက်တုံးကြီး၏ အနောက်ဘက်မျက်နှာပြင်၌မူ သကန္ဒဂုတ္တဘုရင်

www.burmeseclassic.com

www.burmeseclassic.com



၏ မြို့ဝန်ကရေးထိုးထားသော ကမ္ပည်းစာရှိပေသည်။ ထိုကျောက်စာ ၁၄ ခုမှာ များစွာပျက်စီးနေသော်လည်း ယခုအခါ အထူးစောင့်ရှောက်လျက်ထား၏။ ခရစ်နှစ် ၁၈၉၉ ခုနှစ်က ၁၉၀၀ ပြည့်နှစ်အတွင်း ပရိုဖက်ဆာရီး(စ)ဒေးဗစ်ဆိုသူ ပုဂ္ဂိုလ်ကြီးသည် ထိုကျောက်စာမှ ပဲ့ကျသော အစ ၂၈ကို တွေ့ခဲ့လေသည်။

ဆိုခဲ့သော ကျောက်စာ ၁၄ခုမှ တစ်ဆင့်ကူး၍ ရေးထိုးထားသော ကျောက်စာ ၂ ခုသည် ကလိင်္ဂတိုင်း နယ်နိမိတ်အတွင်း ဘင်္ဂလား ပင်လယ်ကမ်းခြေ အနီး၌ရှိ၏။ ၎င်းကျောက်စာ ၂ ခုအနက် တစ်ခုမှာ မြောက်ဖက်ကျ၍ ဩရိသပြည်ပူရီဒီစကြိုက် ဘူဝနေသာ မြို့တောင် ဖက် (၇) မိုင်ခန့်ကွာ ဓောလိရွာအနီး တောင်ထိပ်နှင့် ကပ်နေသော ကျောက်တုံးကြီး၏ မြောက်ဘက်မျက်နှာပြင်တွင် ရေးထိုးထားသည့် အပြင် ၎င်းကမ္ပည်းကျောက်စာအထက်ကလည်း ကျောက်ကိုထုလုပ်သောအမြင့် ၄ပေရှိ ဆင်၏ အရှေ့ပိုင်းပုံရှိလေသည်။ ကလိင်္ဂတိုင်းကို စိုးစံသော မင်းသား၏ စံရာ တောသာလိမြို့တော်ဟောင်းသည် အနီး ပတ်ဝန်းကျင်၌ ရှိတန်တူပေသည်။ အခြားကျောက်စာတစ်ခုမှာ တောင်ဖက်ကျ၍ မဒရပ်ပြည် ဂဉ္ဇာမဒီစတြိုက်၊ ဇောဂဓမည်သော ရှေးမြို့ဟောင်းကြီး၏ အလယ်ဗဟို၌ ပေါ်ထွက်နေသော အမြင့်ပေ ၁၂၀ ခန့်ရှိ လချေးကျောက်တောင်ပေါ်ရှိ ကျောက်တုံးကြီး၏ မျက်နှာပြင်တွင် ရေးထိုးထားလေသည်။

ကျောက်စာအငယ်တို့မှာကား အသောကမင်းတရားကြီး

www.burmeseclassic.com

www.burmeseclassic.com



ရေးထိုးတော်မူသော ကျောက်စာတို့တွင် လက်ဦးအကျဆုံးဖြစ်၍ ကျောက်စာ ၁၄ ခုကဲ့သို့ ဝေးကွာသောပြည်နယ်ဒေသတို့၌သာလျှင် တွေ့ရှိ၏။ ဒုတိယကျောက်စာအငယ်မှာ ဓမ္မတရားကို အကျဉ်းအားဖြင့် ဖော်ပြပါရှိသည့်အပြင် အခြားသော ကျောက်စာတို့မှာကဲ့သို့ မတွေ့ဘဲ ရေးပုံရေးနည်းတစ်မျိုးဖြင့် ရေးထိုးထား၍ မိုက်စိုးပြည်နယ်၌သာ တွေ့ရှိလေသည်။ ၎င်းဒုတိယကျောက်စာအငယ်၏ မိတ္တူသုံးခုမှာလည်း ပထမကျောက်စာအငယ်၏ နောက်ဆက်တွဲအဖြစ် စိုက်ထူထားရှိပေသည်။ ဤနောက်ဆက်တွဲ ကျောက်စာကို သုဝဏ္ဏဂိရိမြို့တော်၌ စံတော်မူသော မြို့စားမင်းသား၏ အမိန့်တော်နှင့် ရေးထိုး၍ ထုတ်ပြန်တော်မူထားသည့် လက္ခဏာရှိ၏။

မိုက်စိုးပြည်နယ်ရှိ ကျောက်စာနှစ်ခုစလုံးမှာ ၎င်းပြည်နယ်မြောက်ပိုင်း စိတလဒုရဂ်ဒိစတြိတ်ရှေးမြို့ဟောင်းကြီး၏ နေရာအနီးသိဒ္ဓာပုရ ဇတိဂ်ရာမေသသရ၊ ဗြဟ္မာဂိရိစသော ၃ နေရာ၌ တစ်နေရာနှင့် တစ်နေရာ နီးကပ်လျက်တွေ့ရှိရ၏။ ကျောက်စာအငယ် ၁ ၏ ကွဲလွဲသော အဓိပ္ပာယ်ပါရှိသော ကျောက်စာတို့သည် ဘီဟားပြည်တောင်ပိုင်း၊ သဟာဗာဒ်ဒိစတြိတ်၊ သဟာသရာမမြို့၌လည်းကောင်း၊ အိန္ဒိယအလယ်ပိုင်းပြည် ဇဗလပုရဒိစတြိတ်၊ ရူပနာထမြို့၌လည်းကောင်း နိုင်ဇံပြည်မက်သကိအရပ်၌လည်းကောင်း ရာဇပုတတ္တနပြည် ဗေရာတ အရပ်၌လည်းကောင်းရှိကြ၏။ ထိုကျောက်စာတို့မှာ မင်းတရားကြီး၏ ဘာသာရေးအကြောင်းအရာတို့ပါရှိသည့်အပြင် "သေးသိမ်သူ ကြီးကျယ်သူမတူ အားလုံး

www.burmeseclassic.com



သူတိုင်း တရားတော်ကို ကိုယ်တိုင်ကိုယ် ကျင့် ကြိုးစားအားထုတ်ကြစေ” ဆိုသော မင်းတရားကြီး၏ လက်သုံးတော်စကားကို အထပ်ထပ်တိုက်တွန်းနှိုးဆော်ချက်ပါရှိ၏။ သို့ကြောင့် ထိုကျောက်စာ အငယ် (၁) ကို တစ်နေရာနှင့် တစ်နေရာ ဝေးကွာသော တသီးတခြားနေရာ (၅) နေရာတို့၌ ရေးထိုးစိုက်ထူထားခြင်းအားဖြင့် ကျောက်စာပါဩဝါဒကို အရေးတကြီးဟု သဘောထားကြောင်းထင်ရှား၏။

ရူပနာထ ကျောက်စာမှာ လူသူရောက်ပေါက်ရန် ခဲယဉ်းသော ရှို့မြောင်တောင်ကြား၌ ရေးထိုးထားလေသည်။ ထိုနေရာဒေသမှာ အလွန်ဆန်းကြယ်သော ကန်သုံးထပ်ရှိ၍ ဟိန္ဒူဘာသာဝင်တို့အထွဋ်အမြတ်ပြုလုပ်သည့်နေရာဖြစ်၏။ ကျောက်စာရေးထိုးထားသော ကျောက်တုံးကြီးသည် အောက်ဆုံးရေကန်၏အနီး သစ်ပင်ကြီးအောက်၌ရှိလေသည်။

သဟာသရာမ ကျောက်စာမှာ ထိုသဟာသရာမမြို့မှ အရှေ့ဘက်တောင်ထိပ်အနီး လိုဏ်ဂူရှိ ကျောက်တုံး၏ မျက်နှာပြင်တွင်ရေးထိုးထား၏။

ဗေရာထကျောက်စာမှာ ခရစ်နှစ် ၁၈၇၂ ခု ၁၈၇၃ ခုနှစ်အတွင်းက ကာလိုင်းဆိုသူ ပုဂ္ဂိုလ်ကြီးတစ်ဦး ရှာဖွေတွေ့ရှိခဲ့၍ ထိုဗေရာတခေါ် ရှေးမြို့ဟောင်းကြီးအနီး ပဏ္ဍုတောင်ခြေရင်း အိမ်ယာ ဏရှိ မီးတောင်ကျောက်တုံးကြီး၏ တောင်မျက်နှာအောက်ပိုင်း၌ ရေးထိုးထား၏။

ထူးဆန်းသော ဘာဗြူကျောက်စာမှာ မင်းတရားကြီး

www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်မြတ်နိုးတော်မူသော ဘုရားဟောကျမ်းဂန် (၇) စောင်ကို ဖော်ပြ ထား၍ ထိုဘာဗြူမြို့အနီး အခြားတောင်ကုန်းရှိ ဗုဒ္ဓဘာသာကျောင်း၏ ပရိဝုဏ်အတွင်း ကျောက်တုံးပေါ်တွင် ရေးထိုးထား၏။ ၎င်းကျောက်တုံး ကို ယခုအခါ ဘင်္ဂလားပြည် ကလကတ္တားမြို့၌ သိမ်းဆည်းထားလေ သည်။

အသောကမင်းတရားကြီးနှင့် ၎င်း၏မြေးတော်တို့က အာဇီဝက ရဟန်းတို့အတွက် ဂယာမြို့အနီး ဗရာဗရနှင့် နာဂါဇ္ဇုနီ တောင် ကုန်းတို့ရှိ မာကျောသော လချေးကျောက်ကြီးကို ထွင်းလုပ်ထားသော လိုဏ်ဂူတို့မှာ လှပသည်ဟု မဆိုနိုင်သော်လည်း အလွန်ဆန်းကြယ် အံ့သြဖွယ်ကောင်းသော လိုဏ်ဂူတို့ဖြစ်လေသည်။ အကြီးဆုံးလိုဏ်ဂူ မှာ မင်းတရားကြီး၏ မြေးတော် ဒသရထမင်း ဆောက်လုပ်လှူဒါန်း သော ဂေါပိကလိုဏ်ဂူဖြစ်၍ အလျား ၄၆ပေ ၅ လက်မ၊ အနံ ၁၉ပေ ၂ လက်မ၊ အမြင့် ၁၀ပေခွဲရှိသည့်အပြင် လိုဏ်ဂူအတွင်းတွင် မှန်ရောင်ကဲ့သို့ ချောမွတ်တောက်ပြောင် လျက်ရှိပေသည်။ ဤကဲ့သို့ လိုဏ်ဂူမျိုးကို ဆောက်လုပ်လှူဒါန်းရာ၌ ကြေးငွေအမြောက်အများ ကုန်ကျစရာရှိ၏။

အသောကမင်းတရားကြီးလက်ထက်က လက်မှုပညာမှာ အထက်တန်းသို့ရောက်ရှိခဲ့လေသည်။ ဘုရင်၏ ပိသုကာဆရာတို့သည် သစ်သားဖြင့်လည်းကောင်း၊ အုတ်ကျောက်တို့ဖြင့်လည်းကောင်း ဆောက်လုပ်သော အဆောက်အဦအမျိုးမျိုးတို့ကို အလှတင့်ကောင်းမွန် လှပအောင် ဆောက်လုပ်နိုင်ကြ၏။ မာကျောသော ကျောက်တုံးကြီးတို့

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း လိုဏ်ဂူများတွင်းလုပ်၍ အတွင်း၌ ချောမွတ်တောက်ပြောင်အောင် လုပ်ကိုင်ထားသည်မှာ ချီးမွမ်း၍ မကုန်နိုင်အောင်ဖြစ်ပေသည်။ ကျောက်တုံး၊ ကျောက်ပြားတို့တွင် ပန်းပုရုပ်လုံးစသဖြင့် ထုလုပ်ထားပုံမှာလည်း ထိုကျောက်ဆစ်သမားတို့၏ ကျွမ်းကျင်တတ်မြောက်ပုံကို တွေ့မြင်သိရှိရပေသည်။ ကျောက်တိုင်များထိပ်တွင် ထုလုပ်၍တင်ထားသော ခြင်္သေ့ရုပ်တို့မှာကား အကောင်းဆုံးဖြစ်၏။ ဆာရ်နသ် (ဓေါ်)မိဂဒါဝုန်အရပ်၌တွေ့ရှိသော ခြင်္သေ့ရုပ်နှင့်စပ်၍ ကျောက်တိုင်ပေါ်မှ ကျိုး၍ ပြုတ်ကျနေသော ခြင်္သေ့ရုပ် ၄ ကောင်မှာ အလယ်က စကြာပုံကိုမှီ၍ ရုံလျက်လိုင်နေပုံဖြစ်ရာ အလွန်နှံ့ခန့်ငြားလှပသည့်အတိုင်း အကောင်းဆုံးလက်ရာ ဖြစ်ပေသည်ဟု ဆာဂျွန်မာရှယ်ဆိုသူ အိန္ဒိယနိုင်ငံကျောက်စာဌာန အရာရှိကြီးက ပြောဆိုလေသည်။

မင်းတရားကြီးလက်ထက်က ကျောက်ဆစ်သမားကြီးတို့၏ ကျွမ်းကျင်တတ်မြောက်ပုံသည် ထိပ်ဆုံးသို့ရောက်ရှိခဲ့သည့်အတိုင်း ခရစ်နှစ် ၁၉၀၀ မှ ၂၀၀၀ အတွင်း လက်မှုပညာသည်တို့ လိုက်၍ မမီနိုင်အောင်ဖြစ်၏။ မာကျောသော သဲကျောက်တုံးကြီးတို့ကို ပေ ၃၀ မှ ၄၀ ထိ ရှည်လျားသော ကျောက်တိုင်များဖြစ်အောင် ထုလုပ်ထားသည်မှာ အချိုးအစားကျနကောင်းမွန်သည့်အပြင် ချောမွတ် တောက်ပြောင်အောင် တိုက်ပွတ်ထားပုံမှာလည်း ယခုခေတ်ကာလ ပန်းရံဆရာတို့ မသိနားမလည်နိုင်အောင်ဖြစ်၏။

သို့သော် မင်းတရားကြီးလက်ထက်က ပန်းပု၊ ပန်းနွယ်၊ ရုပ်လုံးစသဖြင့် အမျိုးမျိုးထုလုပ်ခဲ့သော်လည်း မြတ်စွာဘုရား၏ ရုပ်ပွား

www.burmeseclassic.com

www.burmeseclassic.com



တော် ကိုမူ ထုလုပ်ခြင်းအလျဉ်းမတွေ့ရချေ။ ပလ္လင်တော်၊ ခြေရာတော်၊ စကြာပုံ စသည်တို့ကိုသာ ထုလုပ်ခဲ့ကြ၏။

ကျောက်စာတို့ကို ရေးထိုးရာ၌ အက္ခရာနှစ်မျိုးကို အသုံးပြုခဲ့လေရာ လက်ျာမှ လက်ဝဲသို့ရေးသော ခရောစသိအက္ခရာမှာ အိန္ဒိယနိုင်ငံ အနောက်မြောက်ဘက်ရှိ ကျောက်စာတို့၌သာ အသုံးပြုလေသည်။ ဗြာဟ္မီအက္ခရာမှာကား ဒေဝနာဂရီနှင့် ယခုရှိကြသော အိန္ဒိယအက္ခရာတို့၏ဖြစ်ပေါ်ရာ မူလအရင်းခံ အက္ခရာဖြစ်၍ အသောကမင်းတရားကြီး၏ ကျောက်စာအများတို့၌ တွေ့ရ၏။ ဘူးလားဆိုသူ ကျောက်စာဘက် တွင် အထူးကျွမ်းကျင်တတ်မြောက်သော ပညာရှိကြီးတစ်ဦးက ထိုအက္ခရာမှာ မက်စိုပိုတေးမီးယားပြည်မှ အိန္ဒိယနိုင်ငံတွင်းသို့ သက္ကရာဇ် ၇၀၀ သို့မဟုတ် ၈၀၀ လောက် ရောက်ရှိလာသော အက္ခရာဖြစ်သည်ဟု အဆိုရှိ၏။

အိန္ဒိယနိုင်ငံ၏ ယဉ်ကျေးခြင်းမူရင်းအစကို ပြည့်စုံလုံလောက်စွာ စိစစ်ကြည့်ရှုခြင်းမရှိကြသေးချေ။ သို့သော် အိန္ဒိယနိုင်ငံတွင်းသို့ အတတ်ပညာရပ်တို့သည် အီဂျစ်ပြည်နှင့် အာရှတိုက်တို့မှ ရေကြောင်းဖြင့်လည်းကောင်း၊ ကုန်းကြောင်းဖြင့်လည်းကောင်း ဝင်ရောက်လာခဲ့သည်ကို မထင်မရှား မှေးမှိန်စွာ တွေ့မြင်ရလေသည်။ ရှေးကဂရိတ်အင်ပါယာနိုင်ငံကြီး၏ ခမ်းနားကြီးကျယ်ခြင်းသည် အိန္ဒိယနိုင်ငံသားတို့၏ စိတ်အာရုံတွင် စွဲလမ်းစေသည့်အပြင် မောရိယမင်းတို့ လက်ထက် အိန္ဒိယနိုင်ငံ၏ ယဉ်ကျေးခြင်းမှာလည်း ပါရှားလူမျိုးတို့၏ သဘောလက္ခဏာ သက်ဝင်နေကြောင်းကို များစွာသော အချက်

www.burmeseclassic.com

www.burmeseclassic.com



အလက်တို့က သက်သေပြလျက်ရှိ၏။

အမိန့်တော်ပြန်တမ်းတို့ကို ကျောက်တုံး ကျောက်ပြားပေါ်တွင် ရေးထိုး၍ ထုတ်ပြန်ခြင်းသဘောမှာ ဒါရိုရပ်အမည်ရှိ ရှေးပါရှားဘုရင်ကြီး၏ လုပ်လေ့လုပ်ထရှိသော သဘောနှင့်တူသည့်အပြင် "ဘုန်း တော်အလွန်ကြီးတော်မူသော ဘုရင်မင်းမြတ်ကြီးသည် ဤသို့မိန့်တော် မူ၏" တူ၍ အစချီသော စကားမှာလည်း ထိုပါရှားဘုရင်ကြီး၏ အသုံး အနှုန်းမျိုးပင်ဖြစ်လေသည်။ အတတ်ပညာရပ်တို့နှင့် စပ်၍ အိန္ဒိယနိုင်ငံ သည် အာရှတိုက်၊ ဂရိတ်နိုင်ငံတို့နှင့် ဆက်သွယ်လာခဲ့သည့် အကြောင်း အရာတို့မှာ များစွာ ရှုပ်ထွေးနေသည်ဖြစ်သောကြောင့် ရုတ်တရက် ရေးသားဖော်ပြရန် မလွယ်ကူချေ။ သို့ရာတွင် အိန္ဒိယနိုင်ငံ၌ မောရိယ မင်းတို့လက်ထက်က လက်မှုပညာရပ်တို့မှာ မည်သည်က တုပနည်းယူ ၍ လုပ်ကိုင်ခဲ့သည်ဆိုစေကာမူ ထိပ်တန်းသို့ ရောက်ခဲ့သည်ဖြစ်ရကား ကမ္ဘာ၏ လက်မှုပညာဆိုင်ရာ ရာဇဝင်တွင် စာတင်လောက်အောင် ဖြစ်ပေသတည်း။

ဆိုခဲ့သည့်အတိုင်း အသောကမင်းတရားကြီး၏ ကမ္ဗည်း ကျောက်စာတို့မှာ အိန္ဒိယနိုင်ငံအနောက်မြောက်ဘက်အရပ် ဒေသတို့တွင် အရပ်သုံးဖြစ်သော "ခရောစသိ" အက္ခရာဖြင့် ရေးထိုးခဲ့၍ ကျန် ကမ္ဗည်းကျောက်စာအများတို့မှာတား ဗြဟ္မီအက္ခရာဖြင့် ရေးထိုးထားလေသည်။ ဘာသာစကားမှာ မင်းတရားကြီးလက်ထက်က သုံးစွဲပြောဆိုသော ပြာကရိဘာသာ

www.burmeseclassic.com

www.burmeseclassic.com



စကားဖြစ်၍ သသ်ကရိုက်ဘာသာနှင့် နီးစပ်၏။ အင်ပါယာနိုင်ငံကြီး အတွင်းကျသော ပြည်နယ်တို့၌ ထုတ်ပြန်သော အမိန့်တော်တို့မှာမူ မာဂဓဘာသာဖြစ်လေသည်။

ယခုအခါ ရှာဖွေ၍ တွေ့ရှိသော ကမ္ဘည်းကျောက်စာတို့ကို ဆီနတ်ဆိုသူနှင့် သောမတ်ဆိုသူ ကျောက်စာဘက်တွင် အထူးကျွမ်းကျင်သော ပညာရှိကြီးတို့၏အယူအဆအတိုင်း အမျိုးအစားခွဲခြားလျက် ရေးထိုးသော သက္ကရာဇ်နှင့်တကွ ပြဆိုရမည်ဆိုသော် အောက်ပါအတိုင်းဖြစ်၏။

ကျောက်စာ ရေးထိုးသောသက္ကရာဇ်
(ခရစ်တော်မပေါ်မီ သက္ကရာဇ်ကိုဆိုလိုသည်)

| | |
|---|---|
| ကျောက်စာအငယ် | ၂၅၇ ခု |
| ဘာဗြူကျောက်စာ | ၎င်း |
| ကျောက်စာ ၁၄ ခု | ၂၅၇ခုနှစ်၊ ၂၅၆ ခုအတွင်း |
| ကလိင်ကျောက်စာ | ၂၅၆ခု၊ သို့မဟုတ် ၂၅၅ ခု |
| ကျောက်တိုင် (၇) | ၂၄၃ခုနှင့် ၂၄၂ခုအတွင်း |
| ကျောက်တိုင်အငယ် | ၂၄၃ခုမှ ၂၃၂ ခုအထိ |

အထွေထွေ။ ရေးထိုးသော သက္ကရာဇ်
မင်းတရားကြီး၏လိုဏ်ဂူကျောက်စာ ၂၅၇ခုနှင့်

www.burmeseclassic.com

www.burmeseclassic.com



၂၅၀ပြည့်အတွင်း

အထိမ်းအမှတ်ကျောက်စာ ၂၄၉၇

မြေးတော်ဒဿရထမင်းတို့၏ လိုဏ်ဂူကျောက်စာ ၂၃၂ ခု

တွေ့ရှိသော ကျောက်တိုင်များ

၁။ ဒေလီတောပရာကျောက်တိုင်။ ။ ဒေလီမြို့အနီး ဖရော့ဇာဘာတ်မြို့ဟောင်းရှိ ကောတီလတောင်ထိပ်၌ရှိ၏။

၂။ ဒေလီမိရထကျောက်တိုင်။ ။ ဒေလီမြို့ ကုန်းရိုးတန်းပေါ်၌ရှိ၏၊ ကျိုးပဲ့ပျက်စီးနေသည်။ တိုင်ထိပ်ကဒုအရုပ်လည်းမရှိ။

၃။ လွှေဟာဗဒကျောက်တိုင် ။ ။ အလာဟာဘာတ်မြို့ခံတပ်အတွင်း စစ်တန်းလျားအနီးရှိ၏။

၄။ လောရိယာအရ ရာဇကျောက်တိုင် ။ ။ ဘီဟာပြည် ဇမ္ပာရန်ဒိစတြိတ် ကေသရိယာစေတီမှ အနောက်မြောက်မိုင် ၂၀ ကွာ အရရာဇာမဟာဒေဝ၏ ဟိန္ဒူဘာသာဘုရားရှိနိုး ကျောင်း အနောက်တောင်ဘက် တစ်မိုင်ကွာ လောရိယာ၏ ကျေးရွာ ဇနပုဒ်ကလေး၌ရှိ၏။ တိုင်ထိပ်၌ မူလက ဂဠုန်ရုပ်ရှိခဲ့၏။ ဆိုဒ်သော်ယခုမရှိတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



၅။ လောရိယာ နန္ဒင်ရဟာကျောက်တိုင် ။ ။ စမ္ပာရန်ဒိစတြိတ်၊ ဗေတ္တိယာမှ အနောက်မြောက် ၁၅ မိုင်ကွာ မထိယာမှ မြောက် ၃ မိုင်ကွာ ဗေတ္တိယာမှ နီပေါလမ်းပေါ် လောရိယာရွာကြီး အနီး၌ရှိ၏။

၆။ ရာမပုဝါကျောက်တိုင်။ ။ စမ္ပာရန် ဒိစတြိတ် ဗေတ္တိယာမှ အရှေ့မြောက်မိုင် ၂၀ ကွာ ဝိပရိယာရွာ အရှေ့မြောက် တစ်မိုင်ကျော်ကွာ ရာမပုဝါခေါ် ကျေးရွာဇနပုဒ်ကလေး၌ရှိ၏။ တိုင်ထိပ်မှ ခြင်္သေ့ရုပ်ကို အနီးရှိမြေကြီးထဲမှ မကြာမီက တွေ့၏။

၇။ သာဉ္စိကျောက်တိုင်။ ။ အိန္ဒိယအလယ်ပိုင်းပြည် ဘောပါ လနယ် သာဉ္စိစေတီတော်ကြီး တောင်ဘက်အဝင်ဝ၌ရှိ၏။ တိုင်ထိပ်မှ ခြင်္သေ့ရုပ် ၄ကောင်ပုံမှာ ကျိုးကျ၍ မြေကြီးပေါ် ၌ရှိ၏။

၈။ သာရနာထကျောက်တိုင် ။ ။ ဗာရာဏသီမြို့မှ မြောက် ၃ မိုင်ခွဲကွာ ဓိကဒါဝုန်ခေါ် ဆာရ်နသ်အရပ်ရှိ ဓဂတသီဟစေတီ၏ အနောက်မြောက်၌ရှိ၏။ တိုင်ထိပ်မှ ခြင်္သေ့ရုပ် ၄ ကောင်မှာ ကြောပုံကို မိုင်းမျက်ထိုင်နေပုံဖြစ်၍ အလွန်ကောင်းမွန်လှပ၏။ သို့သော် အောက်သို့ကျိုးကျ၍ မကြာမီကမှ တွေ့လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

၉။ ရှမိနဒေဝီကျောက်တိုင်။ ။ ဗြိတိသျှပိုင် ဘာရတီး ဒီစတြိတ် ဒူလဟာမှ အရှေ့မြောက် ၆ မိုင်ကွာ၊ နီပေါမြို့နယ် ဘဂဝါနပုရ ရွာမြောက်ဘက် ၂ မိုင်ကွာ၊ ပဒရိယာမှ မြောက်၁ မိုင်ကွာ ရှမိနဒေဝီ ခေါ် ပူဇော်ရာဌာန၌ရှိ၏။ တိုင်ထိပ်မှ အရုပ်မရှိတော့ချေ။

၁၀။ နိဂလိဝကျောက်တိုင်။ ။ ဗြိတိသျှပိုင် ဘာဝစတီးဒီစတြိတ် နီပေါမြို့နယ် နိဂလိဝရွာအနီး နိဂလိဝမြစ်၏ အနောက်ဘက် ကမ်း၌ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



၅

## အသုရာ

"အသုရာ" ဆိုသောအကြောင်းနှင့်စပ်၍ စာပေလိုက်စားသူ ပညာရှိသူတစ်ဦးတစ်ယောက်မျှ ယနေ့အထိ ရှာဖွေစူးစမ်းခြင်းမရှိကြသေးဖြစ်ပေသည်။ သို့သော် ပညာရှိအချို့ကမူ ဗေဒင်ကျမ်း၊ ဘူးရားကျမ်းတို့၌ ပါရှိသော "အသုရာ" ဆိုသည်မှာ အာရှရိပြည်သား လူမျိုးတစ်မျိုးဖြစ်ဟန်တူကြောင်းနှင့် ရေးသားဖော်ပြကြကုန်၏။ ဤသို့ရေးသားဖော်ပြကြသည်မှာလည်း ရှေးပဝေဏီက အေရိယံလူမျိုးတို့နှင့် ထိုဆိုခဲ့သော အာရှုရိပြည်သားတို့သည် အိန္ဒိယနိုင်ငံ၏ အပဖြစ်သော မက်စိုပိုတေးမီးယားပြည် သို့မဟုတ် အာရှတိုက်အလယ်ပိုင်းပြည်နယ် တစ်ရပ်တွင် တစ်ဦးနှင့်တစ်ဦး စစ်မက်ဖြစ်ပွားတိုက်ခိုက်ခဲ့ကြခြင်း အကြောင်းအရာ ရှေးမှတ်တမ်းတို့ကို ရည်ညွှန်းသဖြင့် ရေးသားဖော်ပြခြင်းပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် အိပ်- အိပ်- ဇီလဆင်ဆိုသူပညာရှိတစ်ဦးက အသုရာဆိုသောလူမျိုးသည် အိန္ဒိယနိုင်ငံတွင် ရှေးက လူမျိုးတစ်မျိုး ဖြစ်၍ ၎င်းအသုရာတို့၏ တိုင်းပြည်မြို့ရွာများကို နတ်တို့ ဖျက်ဆီး ပစ်ခဲ့ သည်ဟုဆို၏။ ကေအမ်ဘနာဂျီဆိုသူ ပညာရှိတစ်ဦးကမူ အသုရာဆိုသော လူမျိုးသည် အာဝရှုရီပြည်သားတို့ပင်ဖြစ်ကြသည်ဟု ဆိုသည့်အပြင် ပါရှားပြည် အာရှုရီပြည်ဆိုင်ရာ မြားသွားသဏ္ဍာန်ရှိ ရှေးကမှည်း စာတမ်းတို့၌ပါရှိသော အသုရာဆိုသည့်စကားမှာ ဇေဒင်ကျမ်း၊ ဟူးရားကျမ်းတို့၌ ဖော်ပြသော အသုရာဆိုသည့် စကားနှင့် အတူတူပင်ဖြစ်သည်ဟုဆိုပေသည်။ ပရော်ဖက်ဆာ ရာဂျဝဒီးကလည်း အသုရာဆိုသော အကြောင်းကို များမကြာမီက ရေးသားဖော်ပြခဲ့ရာ ၎င်းရေးသားသော အကြောင်းစာတမ်းတွင် အေရိယံ လူမျိုးနှင့် အသုရာလူမျိုးတို့သည် အိန္ဒိယနိုင်ငံ၌ တစ်ဦးနှင့် တစ်ဦး တစ်ဖက်နှင့်တစ်ဖက် အပြင်းအထန် စစ်မက်တိုက်ခိုက်ခဲ့ကြ သည်ဟု ဖော်ပြပါရှိ၏။

ထိုစာတမ်းကို ထောက်သဖြင့်လည်း အေရိယံလူမျိုးတို့က အိန္ဒိယနိုင်ငံတွင်းသို့ ဝင်ရောက်လာခဲ့ကြောင်းမှာ ထင်ရှားလေသည်။ ဇေဒင်ကျမ်း၊ ဟူးရားကျမ်းနှင့် ပုရာဏ၊ ကဗျာ၊ လင်္ကာ၊ မော်ကွန်းတို့ကို အသေအချာ ရှာဖွေစုံစမ်း၍ ကြည့်ရှုမည်ဆိုလျှင် အသုရာလူမျိုးတို့ အိန္ဒိယနိုင်ငံတွင်းသို့ ဝင်ရောက်လာခြင်းနှင့် တိုင်းနိုင်ငံ တည်ထောင်နေ ထိုင်ကြခြင်းအကြောင်းတို့ကို တွေ့ရှိရပေလိမ့်မည်။ အိန္ဒိယနိုင်ငံသို့ အသုရာလူမျိုးတို့ ဝင်ရောက်၍ အခြေစိုက်စုနေထိုင်သည့် နေရာဒေသ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ယူနိုင်တက်ပရောဇင့်ပြည် အနောက်ဘက်၌ တွေ့ရှိ၏။ ဖိုင်းအသုရာလူမျိုးတို့မှာ စစ်မက်လိုလား တိုက်ခိုက်တတ်သော လူမျိုး တူ၍လည်း သိရပေသည်။

သို့ဖြစ်၍ အာရှုရီပြည်သား အသုရာလူမျိုးတို့သည် အိန္ဒိယ နိုင်ငံ၌ အေရိယံလူမျိုးတို့ ဝင်ရောက်လာသည့်အခါကပင် ရှိနေခဲ့ကြပြီး ဖြစ်ခဲ့သော် ထိုအသုရာလူမျိုးတို့၏ ယဉ်ကျေးမှုအတတ်ပညာ တစ်စုံ တစ်ရာကို အိန္ဒိယနိုင်ငံ၌ တွေ့ရှိခဲ့ဖူးလေသလောဟု အမေးပြဿနာ ပေါ်ပေါက်လာ၏။ အာရှုရီပြည်သား အသုရာလူမျိုးတို့၏ လက်ဦးအကျ ဆုံးဖြစ်သော လက်စလက်နတို့မှာ အိန္ဒိယနိုင်ငံ၏ ရှေးဟောင်း အဆောက်အဦတို့၌ တွေ့ရှိရလေသည်။ စင်စစ်မူကား အိန္ဒိယနိုင်ငံ၏ ယဉ်ကျေးခြင်းဆိုသည်မှာ မောရိယမင်းတို့ မပေါ်ပေါက်မီအခါကပင် အေရိယံလူမျိုးနှင့် အသုရာလူမျိုးတို့၏ ရောပြွမ်းပါဝင်ထားသော ယဉ်ကျေးခြင်းဖြစ်ပေသတည်း။

**(ဝရိဆက်ဆာ ဘန်ဒကားရေးသားသောစာအုပ်မှ ထုတ်နုတ် ချက်)**

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

## အသောကမင်းတရားကြီးနှင့် ကမ္ဘာ့ရာဇဝင်

ယခင်စာမျက်နှာအခန်းတို့၌ အသောကမင်းတရားကြီး၏ အကြောင်းအရာ အထွေထွေတို့ကို ရေးသားဖော်ပြခဲ့ပြီးဖြစ်ပေရာ ထိုမင်းတရားကြီးမှာ ကမ္ဘာ့ရာဇဝင်တွင် မည်သည့်အာတန်းအဆင့်သို့ ရောက်ရှိခဲ့သည်ကို ထပ်မံရေးသားဖော်ပြရန်လို၏။ သို့သော် ဤသို့ ရေးသားဖော်ပြရန်မှာလည်း ထိုမင်းတရားကြီး၏ လုပ်ကိုင်ဆောင်ရွက်သမျှတွင် မူလစိတ်ရင်းခံသဘောထားကို သိရှိနားလည်မှသာလျှင် ဖြစ်နိုင်ပေမည်။ မင်းတရားကြီးသည် မိမိ၌ မည်သို့သော စိတ်ရင်းသဘောထားရှိကြောင်း ကို ထုတ်ဖော်ပြောဆိုခဲ့ဖူးပါသလော။ ကျောက်စာအမှတ် ၆ တွင် "ကမ္ဘာတစ်လောကလုံး၏ ကောင်းကျိုး

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာအတွက် ဆောင်ရွက် ရန်တာဝန်ထက် ကြီးလေးသော တာဝန်ဟူ၍ သည်မရှိ၊ ငါ၏ ကြိုးပမ်းအား ထုတ်လုပ်ကိုင်ဆောင်ရွက် သမျှတို့မှာလည်း ခပ်သိမ်းနေထိုင်သော သတ္တဝါတို့အား ဤပစ္စုပ္ပန်ဘဝ၌ ချမ်းသာ သုခ ဖြစ်စေရုံမျှသာမက နောင်တမလွန်ဘဝပါ ကောင်းရာသုဂတိသို့ ရောက်ရှိကြစေခြင်းငှာ ငါ၌ဆောင်ရွက်အပ်သည့် တာဝန်တည်း ဟူသော ကြွေးမြီမှ လွတ်ကင်းစေရန်ဖြစ်၏" ဟု မင်းတရားကြီးက ထုတ်ဖော်ရေးထိုးထားခဲ့လေသည်။ ယင်းသို့ ထုတ်ဖော်ရေးထိုးထား ခဲ့ခြင်းကို ထောက်ရှုသဖြင့် မင်းတရားကြီး၏ စိတ်ရင်းသဘောထားမှာ သိသာထင်ရှားလေတော့၏။

ကမ္ဘာတစ်လောကလုံးဟု ဆိုရာ၌ ကမ္ဘာတစ်လောကလုံးရှိ လူတို့သာမဟုတ်ဘဲ ခပ်သိမ်းကုန်သော သက်ရှိသတ္တဝါအပေါင်း တို့ကိုပါ ဆိုလိုရာရောက်ပေသည်။ ဒုတိယအချက်၌ ထိုသတ္တဝါ အပေါင်းတို့အား ပစ္စုပ္ပန်ဘဝသာမက နောင်တမလွန်ဘဝပါ ကောင်းကျိုးချမ်းသာရရှိကြ စေရန် တာဝန်မှာ မိမိ၏ အကြီးဆုံးသော တာဝန်ဟူ၍ မှတ်ယူစွဲပိုက်တော်မူခဲ့၏။ ဓမ္မတရားတော်ကို လိုက်နာကျင့်ဆောင်ကြစေရန် စီမံဆောင်ရွက်တော်မူခြင်းမှာကား လူတို့အား ပစ္စုပ္ပန်ဘဝသာမက နောင်တမလွန်ဘဝပါ ကောင်းကျိုး ချမ်းသာ ရကြစေခြင်းငှာဖြစ်ပေသည်။ ဤသို့ စီမံဆောင်ရွက်တော် မူခြင်းသည် အဘယ်မျှ ကျယ်ဝန်းကြီးမားလေသည်ကိုလည်း ကြည့်ရှုကြဦးစို့။ ကျောက်စာ အမှတ် (၆) တွင် "ကမ္ဘာတစ်လောက လုံးနှင့် ခပ်သိမ်းကုန်သော သက်ရှိသတ္တဝါအပေါင်းတို့အတွက်" ဟု

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြထားရှိ၏။ သက်ရှိသတ္တဝါဟု ဆိုရာ၌ (၁) လူ၊ (၂) တိရစ္ဆာန် (၃) အခြားသော သတ္တဝါများဟူ၍ သုံးမျိုးခွဲခြား ရှိ၏။ ပစ္စုပ္ပန်ဘဝ၏ ကောင်းကျိုး ချမ်းသာအတွက် ဆောင်ရွက်ချက်နှင့် စပ်၍ ကျောက်တိုင်အမှတ် ၇ တွင် ရေးထိုးထားသည်မှာ လမ်းကြီး လမ်းငယ် အသွယ်သွယ်တို့၌ ပညောင်ပင်တို့ကို စိုက်ပျိုးစေလေပြီး ထိုပညောင်ပင်တို့သည် လူနှင့် တိရစ္ဆာန်တို့အား အရိပ်ဆာယာကို ပေးဆောင်ကြပေကုန်အံ့။ သရက်ခြံတို့ကို စိုက်ပျိုးလုပ်ကိုင်စေလေပြီ။ ရေတွင်းရေကန်နှင့်တကွ ဇရပ်တန်ဆောင်းတို့ကိုလည်း ဆောက်လုပ် တူးဖော်စေလေပြီ။ ထို့ကြောင့် မင်းတရားကြီးသည် မိမိ၏ ဓမ္မတရားတော်ကို ပြန့်ပွားအောင် လုပ်ကိုင်ဆောင်ရွက်ရာ၌ လူတို့သာမက တိရစ္ဆာန်တို့ပါ ချမ်းသာသုခဖြစ်ကြစေရန် စီမံချက်ပါရှိကြောင်း တွေ့မြင်ရပေသည်။

သို့ရာတွင် ဤစီမံချက်တို့မှာ မိမိ၏ တိုင်းနိုင်ငံအတွင်း၌သာ ဖြစ်၍ ကမ္ဘာတစ်လောကလုံးသို့ချဲ့ထွင်စီမံနိုင်ခြင်း ရှိပေလိမ့်မည် မဟုတ်ဟု ယုံမှား သံသယဖြစ်သော်ကား ကျောက်စာအမှတ် (၂) ကို ရည်ညွှန်းကြရာ၏။ ထိုကျောက်စာတွင် မင်းတရားကြီးသည် ဆိုခဲ့သော ကုသိုလ် ဖြစ်အလုပ်တို့သာမက လူနှင့် တိရစ္ဆာန်တို့အတွက် ဆေးဝါးကုသရန် စီမံဆောင်ရွက်ချက်များပါ ဖော်ပြထားရှိပြန်ပေလ သည်။ အထူးမှတ်သား သတိပြုရန်ကား မင်းတရားကြီးက ဝါသည် ဤအရာတို့ကိုပါ ၎င်း၏ တိုင်းနိုင်ငံအတွင်း၌သာမဟုတ်ဘဲ စောဠ၊ ပဏ္ဍယ၊ သကျပုတြ၊ ကေရလပုတြ၊ တမ္ဗပဏ္ဏိစသော တိုင်းပြည်တို့

www.burmeseclassic.com



အပြင် အန္တိယောဂအမည်ရှိ ဂရိတ် ဘုရင်နှင့်တကွ အခြားသော ဂရိတ်ဘုရင်လေးဦးတို့၏ တိုင်းနိုင်ငံတို့၌ပါ စိုးမိုးအောင်ရှက်တော်မူသည်" ဟု မိန့်တော်မူခြင်းပင်ဖြစ်ပေသည်။ သို့ဖြစ်၍ မင်းတရားကြီး၏ စိုးမိုးအောင်ရှက်ချက်တို့မှာ မိမိ၏ တိုင်းနိုင်ငံအတွင်း၌သာမက ကမ္ဘာတလောကလုံးတွင် ထိုစဉ်အခါက သိရှိတော်မူ သလောက် တိုင်းနိုင်ငံအားလုံးတို့ပါ ချဲ့ထွင်စိုးမိုးတော်မူခဲ့ကြောင်း ထင်ရှား၏။

အထက်ပါအချက်တို့ကို စဉ်းစားသော် မင်းတရားကြီးသည် ငါ၏အောင်ရှက်အပ်သော တာဝန်မှာ ငါ၏ တိုင်းနိုင်ငံရှိ လူတို့အတွက်သာမဟုတ်ဘဲ ခပ်သိမ်းကုန်သော လူသတ္တဝါအပေါင်းတို့အတွက် ဖြစ်သည်ဟု မှတ်ယူတော်မူကြောင်း သဘောသက်ရောက်လာ၏။ ကလိင်္ဂတိုင်းရှိ ကျောက်စာနှစ်ခုစလုံးတို့၌ မင်းတရားကြီးက ငါသည် ငါ၏ သားတော်သမီးတော်တို့အတွက် ဤပစ္စုပ္ပန်ဘဝသာမက နောင်တမလွန်ဘဝ၏ ကောင်းကျိုးချမ်းသာကိုပါ လိုလားတော်မူသကဲ့သို့ လူခပ်သိမ်းတို့အတွက်လည်း ထပ်တူထပ်မျှ လိုလားတော်မူကြောင်းနှင့် ရေးထိုးထားရှိ၏။ ဆိုခဲ့သော ကလိင်္ဂကျောက်စာနှစ်ခုအနက် ဒုတိယ ကျောက်စာ၌လည်း "လက်အောက်ခံလူမျိုးတို့၏စိတ်မှာ မင်းတရား ကြီးသည် ငါတို့၏ သခင်သဖွယ်တူပါပေသည်။ ငါတို့အား သူ့ကိုယ်ကို ချစ်သကဲ့သို့ ချစ်ခင်ခြင်းရှိပါပေသည်။ ငါတို့ကား မင်းတရားကြီး၏ သားသမီးသဖွယ် ဖြစ်ပါပေသည်ဟူ၍ အောက်မေ့ သဘောထားလာကြစေရန် စိုးမိုးအောင်ရှက်ရမည်ဟု အရာရှိအမှုထမ်းတို့အား ဆင့်ဆိုထားတော်မူကြောင်းနှင့်" ဖော်ပြပါရှိ၏။ ဤဖော်ပြချက်

www.burmeseclassic.com

www.burmeseclassic.com



အရ အသောကမင်းတရားကြီးသည် မိမိ၏ တိုင်းနိုင်ငံရှိလူတို့သာ မဟုတ် နိုင်ငံခြား တိုင်းပြည်ဒေသတို့ရှိ လူတို့ကိုပါ ကမ္ဘာတစ်လောကလုံးရှိ သတ္တဝါတို့ အား ရင်ဝယ်သားကဲ့သို့ သဘောထားတော်မူကြောင်းထင်ရှား၏။ သို့ကြောင့် အသောကမင်းတရားကြီး၌ ထားရှိတော်မူသော စိတ်ရင်း သဘောထား၏ အတွင်းသို့တိုင်ရောက်အောင် ထုတ်ခြင်းပေါက် သိမြင်နိုင်ပေတော့သည်။

ယင်းသို့ ကြီးကျယ်မြင့်မြတ်လှသော စိတ်ရင်းသဘောထားတို့သည်ကား မည်သည့်အခြေခံမှ ပေါ်ပေါက်လာပေသနည်းဟူသော အမေးပြဿနာတစ်ရပ်သည် ထွက်ပေါ်လာ၏။ ဘုရားဟောပါဠိကျမ်းဂန်တို့ကို အထူးသဖြင့် ဒီဃနိကာယ်ကျမ်းကို ဖတ်ရှုဖူးသူတို့သည် အသောကမင်းတရားကြီးမှာ စကြဝတေး မင်းမြတ်မင်းအဖြစ်ကို လိုလားမှတောင့်တတော်မူကြောင်း သိရှိလာပေလိမ့်မည်။ ထိုဒီဃနိကာယ်ကျမ်း၌ စကြဝတေးမင်းမြတ်မင်းတို့၏ သုံးဆယ့်နှစ်သွယ်သော လက္ခဏာကြီးငယ်တို့အကြောင်းကို ပြဆိုထားသည့်အပြင် ဤသို့သော လက္ခဏာ တို့နှင့် ပြည့်စုံသောသူတို့မှာ လောကီစည်းစိမ်ကို စွန့်ပယ်သည်ဆိုလျှင် ရဟန္တာအဖြစ် ဘုရားအဖြစ်သို့ ရောက်ရှိသည်ဟု ရေးသားထား၏။ ထို ဒီဃနိကာယ်ကျမ်း၌ပင် ရှေးပဝေဏီက စကြဝတေးမင်းမြတ်မင်းတို့သည် အဆက်ဆက် အုပ်စိုးလာခဲ့ပြီးသည့်နောက် တရားမစောင့်သောမင်းများ နောင်တစတစ ပေါ်ပေါက်လာခဲ့ကြရာ လောက၌ မကောင်းမှုအမျိုးမျိုးတို့မှာ ဖြစ်ပေါ်လာ၍ လူတို့၏ သက်တမ်းမှာလည်း တို၍လာခဲ့ကြောင်းနှင့် ဖော်ပြထား

www.burmeseclassic.com

www.burmeseclassic.com



ပေသည်။

စကြဝတေးမန္တတ်မင်းတို့၏ စောင့်ထိန်းအပ်သော တရားတို့သည်ကား ပြည်သူဆင်းရဲသားတို့နှင့်တကွ ရဟန်းပုဏ္ဏား၊ သားငှက်တိရစ္ဆာန်တို့ပါမကျန် ရင်ဝယ်သားနှင့်မခြား တရားသဖြင့် စောင့်ရှောက်အုပ်ချုပ်ခြင်းလည်းကောင်း၊ ရဟန်းပုဏ္ဏားတို့က အဘယ်အရာသည်ကောင်း၏။ အဘယ်အရာကား မကောင်း၊ အဘယ်အမှုကို လုပ်အပ်၏။ အဘယ်အမှုကို မလုပ်အပ်ဟူ၍ မိန့်ဆိုသမျှကို လိုက်နာဆောင်ရွက်ခြင်းဖြစ်ပေသည်။ ဒီဃနိကာယ်ကျမ်းပါ ဤအချက်တို့ကို ဖတ်ရှုသည်ဆိုလျှင် အသောကမင်းတရားကြီး၏ ပြုမူလုပ်ကိုင်ပုံတို့မှာ တစ်ထပ်တည်းကျနေသည်ကို တွေ့ရှိကြပေလိမ့်မည်။ သို့ကြောင့် အသောကမင်းတရားကြီးမှာ ဤကဲ့သို့ လုပ်ကိုင်ဆောင်ရွက်သမျှတို့တွင် မည်သည့်စိတ်ရင်းသဘောထားရှိသည်ကို သိနားလည်လောက်ပေပြီဖြစ်ရာ ၎င်းမင်းတရားကြီးမှာ ကမ္ဘာ့ရာဇဝင်တွင် မည်သည့်အတန်း အဆင့်သို့ ရောက်ရှိခဲ့သည်ကိုသာ ဆုံးဖြတ်ရန်လိုတော့၏။

အသောကမင်းတရားကြီးအား အနောက်နိုင်ငံ ပညာရှိတို့က ရှေးကောရာဇ်ဘုရင်ကြီးအချို့နှင့် နှိုင်းယှဉ်ဖော်ပြကြကုန်၏။ ရီး(စ)ဒေဗစ်နှင့် အခြားပညာရှိအချို့တို့သည် အသောကမင်းတရားကြီးအားရှေးရောမအင်ပါယာနိုင်ငံ ကွန်စတန်တင် ဘုရင်ကြီးကဲ့သို့ သာသနာကို ချီးမြှင့်၍ ပြန့်ပွားထွန်းကားအောင် ဆောင်ရွက်ခြင်း၌ တူညီသည်ဟု ရေးသားဖော်ပြကြလေသည်။ သို့သော် ကွန်စတန်တင်ဘုရင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



သည် တိုးတက်နေသော ခရစ်ယာန်ဘာသာကို ဝင်ရောက်အားပေးခြင်းဖြစ်၍ အသောကမင်းတရားကြီးမှာကား ဆုတ်ယုတ်လာစ ဗုဒ္ဓဘာသနာတော်တွင် ပါဝင်ချီးမြှင့်ရခြင်းဖြစ်၏။ ကွန်စတန်တင်ဘုရင်ကြီးသည် အလွန်ထက်မြက်လိမ်မာ၍ ထက်မြက်လိမ်မာသည့်အတိုင်း ကြီးကျယ်သော ဧကရာဇ်ဘုရင်ကြီးဖြစ်လာလေသည်။

အသောကမင်းတရားကြီးမှာမူ ကြီးကျယ်မြင့်မြတ်သော စိတ်ရင်းသဘောထားရှိရာ ထိုစိတ်ရင်းသဘောထားကို ဗုဒ္ဓဘာသာအတွက် ကမ္ဘာတစ်လောကလုံးဆိုင်ရာ ဘာသာကြီးအဖြစ်သို့ ရောက်ရှိလာအောင် အသုံးချခြင်းပြုလုပ်၏။ ကွန်စတန်တင်ဘုရင်ကြီးသည် နိုင်ငံရေးကို အကြောင်းခံ၍ မိမိ၏ တိုင်းနိုင်ငံသားတို့အား ဘာသာဝါဒတွင် ကိုးကွယ်လိုရာ ကိုးကွယ်နိုင်ကြစေရန် အခွင့်အရေးပေး၏။ အသောကမင်းတရားကြီးမှုကား နိုင်ငံရေးနှင့် တစ်စုံတစ်ရာ ပတ်သက်စပ်ဆိုင်ခြင်းမရှိဘဲ၊ မိမိတို့၏ တိုင်းနိုင်ငံသားတို့အား ဘာသာဝါဒတွင် ကိုးကွယ်လိုရာ ကိုးကွယ်ကြစေခြင်းပြုသည်မှာ အစစ်အမှန်ဖြစ်သည့် အတိုင်း အသက်ထက်ဆုံး ခွင့်ပြုခဲ့ခြင်းဖြစ်၏။ ကွန်စတန်တင် ဘုရင်ကြီးမှာမူ မိမိပေးပြီးသော အခွင့်အရေးကို ပြန်လည်ရုပ်သိမ်းရုံမျှသာမက ထိုဘာသာကိုပင် တဖန်ပြန်၍ ဖိစီးနှိပ်ကွပ်ခဲ့လေသည်။

အသောကမင်းတရားကြီးနှင့် နှိုင်းယှဉ်ဖော်ပြသော ရောမနိုင်ငံ မာကပ်အောလီယက်ဆိုသော အခြားဘုရင်ကြီးတစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



လည်းရှိသေး၏။ ထိုဘုရင်ကြီးမှာ လူသတ္တဝါတို့အား ကရုဏာတရား နှင့် ပြည့်စုံသော ဘုရင်ကြီးဖြစ်သည်ဟု ပြောဆိုရေးသားကြ၏။ သို့သော် ထိုဘုရင်ကြီး မှာ ကြီးကျယ်သော ရောမမင်းမျိုးဖြစ်၍ ရောမမင်းမျိုးတို့၏ စိတ်နေသဘောထားရှိရာ ရောမလူမျိုးတို့၏ အကျိုးစီးပွားရေးနှင့် မသင့်လျော် ဟု ထင်မြင်လာသည်နှင့် ချက်ခြင်း ခရစ်ယာန်ဘာသာကို မကိုးကွယ် စေရဟု ပိတ်ပင်တားမြစ်ခြင်း ပြုလုပ်၏။ အိန္ဒိယနိုင်ငံ၏ ဗုဒ္ဓဘာသာ ကောရာဇ်ဘုရင်ကြီးမှာကား ထိုသို့ စိတ်သဘောထားမျိုးမဟုတ်ဘဲ မည်သည့်ဘာသာသာ၊ မည်သည့် လူမျိုးကိုမျှ ဖိစီးနှိပ်ကွပ်ခြင်း အလျဉ်း မရှိသည့်အပြင် ကမ္ဘာတစ် လောကလုံးရှိ လူခပ်သိမ်းနှင့်တကွ သားငှက် တိရစ္ဆာန်အပေါင်းတို့ပါ ချမ်းသာသုခဖြစ်ကြစေရန် စီမံအားထုတ်တော် မူလေသည်။

အနောက်နိုင်ငံပညာရှိတစ်ဦးကလည်း အသောက မင်းတရားကြီးအား ရှေးက အဲလ်ဖရက်ဘုရင်ကြီး ရှားထမိုင်း ဘုရင်ကြီး၊ အိုမာ၏ လစ်ဘုရင်ကြီးတို့နှင့် နှိုင်းယှဉ် ဖော်ပြခြင်းပြု၏။ တိုင်းနိုင်ငံကို အကြီး အကျယ်စိုးရင်အုပ်ချုပ်နိုင်သော ဘုရင်ကြီးများ စစ်မက်တွင် ရဲရင့်စွန့်စားစွာ တိုက်ခိုက်ဝံ့သော ဘုရင်ကြီးများ ရှိခဲ့ကြလေသည်။ သို့ရာတွင် အသောကမင်းတရားကြီးမှာ ကမ္ဘာတစ် လောကလုံး ယနေ့ထက်တိုင် ထင်ရှားကျော်ကြားလာခဲ့သည်မှာ အား လူတို့၏ လောကီလောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာ အတွက် သယ်ပိုးဆောင်ရွက်ဖော်မူခြင်းကြောင့်သာလျှင်ဖြစ်၏။ သို့ဖြစ်၍ ဤကဲ့သို့ သယ်ပိုးဆောင်ရွက် ခြင်းမျိုးနှင့် မင်းတရားကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



တုပ၍ နှိုင်းယှဉ်ဖော်ပြနိုင်သော ဘုရင်ဟူ၍ တစ်ပါးမျှမရှိဖြစ်ချေသည်။

အိန္ဒိယနိုင်ငံတွင် မဂိုအင်ပါယာနိုင်ငံကြီးကို တည်ထောင်ခဲ့သော အက္ကဘာဘုရင်ကြီးမှာလည်း ဟိန္ဒူ ဗြာဟ္မဏ၊ ဗုဒ္ဓဘာသာ၊ ဂျိန်းဘာသာ၊ ပါရစီဘာသာ၊ နေ၊ လ၊ နက္ခတ်ကို ကိုးကွယ်သော ဘာသာစသဖြင့် ဘာသာအမျိုးမျိုး လူအမျိုးမျိုးတို့အား မိမိတို့ ကိုးကွယ်လိုရာ ကိုးကွယ်စေခြင်းပြုသည်မှာ အသောကမင်းတရားကြီးနှင့် တူညီပေသည်ဟု ပြောဆိုကြ၏။ သို့သော်လည်း အက္ကဘာဘုရင်ကြီးမှာ နိုင်ငံရေးနားလည်တတ်မြောက်သူ လောကီလူမှုတွင် ကျွမ်းကျင်လိမ္မာ သူဖြစ်သည့်အတိုင်း မိမိ၏ တိုင်းနိုင်ငံနှင့် မိမိ၏ကိုယ်ရေးအတွက် ဘာသာရေးကြောင့် တစ်စုံတစ်ရာ ထိခိုက်ခြင်းမရှိစေရန် အထူးသတိပြုခဲ့လေသည်။ သတိပြုသည့်အတိုင်း လည်း ဘာသာရေးတွင် လွတ်လပ်ခွင့်ပေးလိုက်ခြင်းကြောင့် မဟာမေဒင်လူမျိုးတို့က မခံမရပ်နိုင်ဖြစ်လာကြသောအခါ လည်းကောင်း၊ ခရစ်ယာန်သာသနာပြု ဆရာတို့နှင့် စပ်၍ ဘင်္ဂလားပြည်ရှိ မဟာမေဒင်လူမျိုးတို့က ဆူပူလှုပ်ရှားလာကြသော အခါလည်းကောင်း ထိုဘာသာရေး လွတ်လပ်ခွင့်ကိုချက်ခြင်း ရုတ်သိမ်းခြင်းပြု၏။

ဥရောပတိုက် ရာဇဝင်ဆရာကြီးတို့၏ ထင်မြင်ချက်တွင် အလက်ဇန္ဒာ၊ ဆီးဇာ၊ နပိုလျံဆိုသော ယောက်ျားကောင်း အာဇာနည် သုံးယောက်တို့အား ဤကမ္ဘာလောက၏ အကြီးကျယ်ဆုံးသော ဧကရာဇ်ဘုရင်ကြီးတို့ဖြစ်ကြပေသည်ဟု သဘောထားကြ၏။ ထိုထို ပုဂ္ဂိုလ်ကြီးသုံးဦးတို့ကား အသောကမင်းတရားကြီးထက် တိုင်းနိုင်ငံကို

www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ်စီရင်အုပ်ချုပ်ခြင်း၊ စစ်မက်ကို အကြီးအကျယ် တိုက်ခိုက်ခြင်းပြုနိုင်ကြသည်မှာ မှန်ပေလိမ့်မည်။ သို့သော် တိုင်းနိုင်ငံကို စီရင်အုပ်ချုပ်ခြင်း၊ စစ်မက်ကို တိုက်ခိုက်ခြင်း၊ အကြီးအကျယ်ပြု လုပ်နိုင်ကြသောကြောင့် ကြီးကျယ်မြင့်မြတ်သော ပုဂ္ဂိုလ်ကြီးတို့ ဖြစ်ကြ ပေသည်ဟု ဆိုနိုင်ပါမည်လော။ ဤအမေးပြဿနာနှင့်စပ်၍ အိပ်ဂျီဝဲလ် ဆိုသူနာမည်ကျော် အင်္ဂလိပ်စာရေးဆရာကြီးတစ်ဦးက ၎င်း၏ "ကမ္ဘာ့ ရာဇဝင်ချုပ်" တွင် ထိုထိုပုဂ္ဂိုလ်ကြီးတို့၏ အကြောင်းများကို ရေးသား ထားလေသည်။

အိပ်ဂျီဝဲလ်က ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတို့ဆိုသည်မှာ ဤကဲ့ သို့ ကမ္ဘာကျော်လောက်အောင် ကမ္ဘာလောက၏ ကောင်းကျိုးချမ်းသာ အတွက် အဘယ်မျှ သယ်ပိုးဆောင်ရွက်ခဲ့သည့်အကြောင်းအရာကို စဉ်းစားဆင်ခြင်ခြင်းပြု၏။ ဤသို့ စဉ်းစားဆင်ခြင်ရာ၌ အလက်ဇန္ဒာ၊ ဆီးဇာ၊ နပိုလျံဆိုသော ပုဂ္ဂိုလ်သုံးဦးတို့မှာ ကမ္ဘာ့ရာဇဝင်တွင် ထင်ပေါ် ကျော်စောနေသည့်အတိုင်း ကမ္ဘာလောက၏ ကောင်းကျိုးချမ်းသာအ တွက် မည်သည့်နေရာက ဆောင်ရွက်ခဲ့ကြပါလေသနည်းဟု စစ်ဆေး ခြင်းပြုလုပ်၏။ အလက်ဇန္ဒာသည် အရှေ့ဘက် တိုင်းနိုင်ငံတို့တွင် ဂရိတ် လူမျိုးတို့၏ ယဉ်ကျေးခြင်းကို ပြန့်ပွားအောင် လုပ်ကိုင်ဆောင်ရွက်ခဲ့ ပါသလော။ မဆောင်ရွက်ခဲ့ချေ။ အက်ဒရာတစ်ပင်လယ်မှသည် ဗ္ဗာန္ဒူမြစ် သို့တိုင် ကမ္ဘာမြေပြင်တလျှောက်မှာ အလက်ဇန္ဒာ၏ လက်အောက်သို့ တရံရောအခါက ကျရောက်ခဲ့၏။ ထိုကမ္ဘာမြေပြင် တလျှောက်လုံးတွင်လည်း ၎င်း၏ တိုက်ခိုက်အောင်မြင်ခြင်းနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



ဂရိတ်လူမျိုးတို့၏ စိုးမိုးအုပ်ချုပ်ရေးကို စိုက်ထူသွားခဲ့သည်မှာ မှန်ပေသည်။ သို့ရာတွင် ဂရိတ်လူမျိုးတို့၏ အတတ်ပညာနှင့် ယဉ်ကျေးမှုကိုမူကား ထိုနယ်မြေ ဒေသများ၌ ပြန့်ပွားအောင် ဆောင်ရွက်ခဲ့ခြင်းမရှိဖြစ်၏။ သို့ဖြစ်၍ အလ္လက်ဇန္ဒာသည် နယ်ပယ်ဒေသတို့ကို တိုက်ခိုက်အောင်မြင်၍ ဘုန်း တန်ခိုး တိုးတက်ကြီးမားလာသလောက် ဂုဏ်မာနရောက်ခဲ့ရာ။ သေရည် သေရက်ကို အလွန်အကျူးသောက်စားမူးယစ်ပြီးလျှင် လူတို့အား သနားမဖက်ရက်ရက်စက်စက် သတ်ဖြတ်ခြင်းပြုလုပ်၏။ ထို့နောက် သေရည်သေရက် သောက်စားရာမှ အဖျားရောဂါ စွဲကပ်လာခဲ့ရာ အသက်၃၃နှစ်အရွယ်ကောင်းအခါတွင် ဗာဗုလုံမြို့၌ အနိစ္စရောက် ငလေသည်။ အလ္လက်ဇန္ဒာအနိစ္စရောက်သည်နှင့် တစ်ပြိုက်နက်တည်း ၎င်းတည်ထောင်သော ဂရိတ်အင်ပါယာနိုင်ငံကြီးမှာ ပြိုကွဲပျက်စီး၍ လာခဲ့လေသည်။

ဆီးဇာနှင့်ပတ်သက်သူသည်လည်း အလ္လက်ဇန္ဒာကဲ့သို့ပင်ဖြစ်၏။ ရာဇဝင်ဆရာကြီးတို့က ဆီးဇားမှာ ကြီးကျယ်သော ဉာဏ်ပညာနှင့် ပြည့်စုံပါပေသည်ဟု ပြောဆိုကြကုန်၏။ သို့သော် ဆီးဇားအား အဘယ် ကဲ့သို့ တွေမြင်ခဲ့ကြရပေသနည်း။ ဆီးဇားမှာ ဘုန်းတန်ခိုးတိုးတက် ကြီးမားလာသည့်အခါ၌ ကြီးကျယ်သော ဉာဏ်ပညာနှင့်သာ အမှန်ကိုပြည့်စုံခဲ့သည်ဆိုငြားအံ့၊ ကမ္ဘာလောက၏ ကောင်းကျိုး ချမ်းသာအတွက်များစွာသည်ပိုးဆောင်ရွက်နိုင်ခဲ့ပေလိမ့်မည်။ သို့သော် ဤသို့ဆောင်ရွက်မည့်အစား ဆီးဇားအား ဇာချစ့်ပြည်၌

www.burmeseclassic.com



ကာလီယိုပက်ထရာဆိုသော မာယာသယ်ဘုရင်မနှင့်သာလျှင် ကာမဂုဏ်လိုက်စာပျော်ပါးလျက်နေခဲ့သည်ကို တွေ့ကြရလေသည်။ ယင်းသို့ ကာမဂုဏ်လိုက်စားသည့်အခါ မှာလည်း ဆီးဇားသည် အသက်ငယ်ရွယ်သူမဟုတ်ဘဲ ၅၄နှစ်ဇရာ အရွယ်ဖြစ်၏။

နပိုလျံနှင့်စပ်၍မူကား တစ်ကမ္ဘာလုံးကို အခြေအနေပြောင်းဆန်အောင် လုပ်လိုက်ပြီးသည့်နောက် တစ်ကမ္ဘာလုံးဆိုင်ရာ သမ္မတနိုင်ငံကြီး တည်ထောင်ရန် ကမ္ဘာနှင့်အဝန်း ငြိမ်းချမ်းသာယာရန် ဆိုသော ၎င်း၏ ပဋိညာဉ်ဝန်ခံချက်တို့ကို များစွာသော လူတို့၏ နှုတ်ဖျားမှ တီးတိုးစကားပြောဆိုနေခဲ့ကြကုန်၏။ နပိုလျံသည် အကယ်တန္တု ကြီးကျယ်သော စိတ်ကူးအကြံဉာဏ်နှင့်ပြည့်စုံခဲ့သည်မှန်သော်လည်းကောင်း၊ အများအကျိုးအတွက် တစ်ဖက်သတ်ဆောင်ရွက်လိုသော စိတ်ဆန္ဒရှိခဲ့သည်မှန်သော်လည်းကောင်း၊ လူဇာတိအမျိုးသားတို့၏ ကောင်းကျိုးချမ်းသာကို များစွာ သယ်ပိုးဆောင်ရွက်နိုင်ခဲ့လေသည်။ သို့သော်လည်း ၎င်းမှာ ကြီးကျယ်သော စိတ်ကူးအကြံဉာဏ်နှင့်လည်းမပြည့်စုံ၊ အများအကျိုးအတွက် တစ်ဖက်သတ်ဆောင်ရွက်လိုသော စိတ်ဆန္ဒလည်း မရှိဖြစ်ပေရကား နောက်ချေးပုံပေါ်ရှိ ကြက်ဖတိန်ညင် ကဲ့သို့ အစွင့်အဖရဲတည်းဟူသော တောင်ထိပ်ပေါ်တွင် ဟန်ချီလျက်သာ အချိန်ကုန်ရှာလေတော့သတည်း။ နပိုလျံသည် ၎င်း၏ ပြင်သစ်နိုင်ငံ အတွက် အကျိုးကျေးဇူးကို လုပ်ကိုင်ဆောင်ရွက်ခဲ့သည်ကား မှန်၏။ သို့ရာတွင် ကမ္ဘာလောကရှိ လူတို့၏ ကောင်းကျိုးချမ်းသာကိုမူ သယ်ပိုး ဆောင်ရွက်ခဲ့ခြင်းအလျင်း

www.burmeseclassic.com

www.burmeseclassic.com



မရှိချေ။ ဤသည်တို့ကား အိပ်ဂျီဝဲလ်ဆိုသူ နာမည်ကျော် အင်္ဂလိပ် စာရေးဆရာကြီး၏ သဘောထင်မြင်ချက်ပေ တည်း။

အသောကမင်းတရားကြီးမှာကား မည်သို့သော စိတ်ရင်း သဘောထားရှိပေသနည်း။ ၎င်းမှာ စကြဝတေးမန္ဓာတ်မင်းတို့၏ စိတ်ရင်းသဘောထားမျိုးရှိသည့်အားလျော်ညီစွာ ကမ္ဘာတစ်လောက လုံးရှိ လူတို့သာမက သားငှက်တိရစ္ဆာန်တို့ပါမကျန် ကောင်းကျိုး ချမ်းသာ ကိုရှေးရှုမြော်ခေါ်တော်မူခဲ့လေသည်။ (ဝါ) တစ်နည်းအားဖြင့် ဆိုသော်ကား မင်းတရားကြီးသည် ထိုသို့သော စိတ်ရင်းသဘောထား ရှိသည့်အတိုင်း ကမ္ဘာတစ်လောကလုံး၏ လောကီ၊ လောကုတ္တရာ နှစ်ဖြာချမ်းသာအတွက် ဆောင်ရွက်တော်မူခဲ့၏။ မောရိယ အင်ပါယာနိုင်ငံကြီးသည် ထိပ်တန်းအခြေသို့ရောက်ရှိခဲ့ရာတွင် အသောကမင်းတရား ကြီးမှာ မိမိ၏ တန်ခိုးအာဏာနှင့်တကွ ရှိရှိသမျှ ရွှေငွေဘဏ္ဍာပစ္စည်း တို့ကိုပါ မိမိ၏ စိတ်ရင်းစေတနာရှိသည့် အလျောက် ထမြောက်အောင်မြင်ခြင်းသို့ရောက်စေရန်အလို့ငှာ အသုံးချ၍ အားသွန်ကြိုးပမ်းတော်မူ ခဲ့ခြင်းဖြစ်၏။

သို့ဖြစ်၍ အိပ်ဂျီဝဲလ်ဆိုသူ အင်္ဂလိပ်စာရေးဆရာကြီးက "ကမ္ဘာ့ရာဇဝင်အစောင်စောင်တို့တွင် ထင်ပေါ်ကျော်ကြားကြကုန်သော ကေရာဇ်ဘုရင်ကြီးပေါင်းများစွာတို့အနက် အသောကမင်းတရားကြီး တစ်ဦးတစ်ယောက်တည်းသာလျှင် ကြယ်တာရာအလား ထင်ရှားခြင်း ရှိ၏။ ၎င်း၏ ဘွဲ့နာမည်တော်ကိုဆိုလျှင် ဘော်လ္ဂါမြစ်မှသည် ဂျပန်နိုင်ငံ သို့တိုင်ရောက်အောင် ယခုထက်ထိ ရိုသေလေးမြတ်ခြင်းရှိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



တရုတ်၊ တိဗက်၊ အိန္ဒိယစသော တိုင်းနိုင်ငံတို့၌လည်း ၎င်း၏ကြီးကျယ်မြင့်မြတ်ခြင်းအကြောင်းအရာတို့ကို ကောင်းစွာသိမှီးသိမ်းဆည်းလျက် ထားရှိကြပေသည်။ ယခုခေတ် ယခုကာလရှိကြကုန်သော လူအပေါင်းတို့သည် ကွန်စတန်တင်ဘုရင်ကြီးနှင့် ရှားလမိုင်းဘုရင်ကြီးတို့ထက် အသောကမင်းတရားကြီး၏ဘွဲ့နာမည်တော်ကိုသာ အမြတ်တနိုး ပြုလုပ်ပြောဆိုလျက်ရှိကြကုန်၏" ဟု အဆိုရှိလေသည်။

အသောကမင်းတရားကြီးအား ထိုထိုရာဇဝင်ထင်ရှားသော ဆာရာဇ်ဘုရင်ကြီးတို့နှင့် နှိုင်းယှဉ်ဖော်ပြရမည်ဆိုလျှင်လည်း တစ်ဦးတစ်ယောက်တည်းနှင့် မနှိုင်းယှဉ် အဖော်ပြနိုင်ဘဲ ယုတ်စွအဆုံး သုံးဦးသော ဧကရာဇ်ဘုရင်ကြီးတို့နှင့်သာ နှိုင်းယှဉ်ဖော်ပြခြင်းပြုနိုင်ပေလိမ့်မည်။ ဤအချက်၌ ဒေါက်တာကော်ပိုလ်စတင်ပြောဆိုသကဲ့သို့ အသော ကမင်းတရားကြီးသည် သာသနာကို အားပေးချီးမြှင့်ခြင်းတွင် ကွန်စတန်တင်ဘုရင်ကြီးနှင့် တူ၍ ဂျူဒါသမက အလက်ဇန္ဒာဘုရင်ကြီးကဲ့သို့ လူမျိုးတို့၏ စိုးမိုးအုပ်ချုပ်ခြင်းကို ကမ္ဘာမြေပြင်တလျှောက် ပြန့်နှံ့အောင် ဆောင်ရွက်သည့်နည်းတူ သာသနာတော်ကို ကမ္ဘာတလောကလုံး ပြန့်ပွားအောင် ဆောင်ရွက်တော်မူသည့်အပြင် နပိုလီယံ ဘုရင်ကြီးမှာလည်း ဂုဏ်ပကာသနမဖက်ဘဲ မေတ္တာတရားသက်သက်ဖြင့် ဆောင်ရွက်တော်မူခြင်းဖြစ်လေသည်။

ဗုဒ္ဓဘာသာ သာသနာ့ရာဇဝင်တွင် အသောကမင်းတရားကြီးသည်ကား ဂေါတမမြတ်စွာဘုရား၏ နောက်ဒုတိယအကြီးအကျယ်ဆုံးသော ပုဂ္ဂိုလ်ကြီးပင်ဖြစ်၏။ သို့ဖြစ်၍ ဒေါက်တာမဟာဗိုဓိဆိုသ

www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ စိန့်ပေါ်ဆိုသော ခရစ်ယာန်တမန်တော်ကြီးတစ်ဦးတည်းနှင့်သာလျှင် အသောကမင်းတရားကြီးအား နှိုင်းယှဉ်ဖော်ပြမည်ဆိုက ဖော်ပြနိုင်ပေလိမ့်မည်။ စိန့်ပေါ်သည် ယေရှုသခင်ဟောကြားသောတရားတို့ကို လူတိုင်းလူတိုင်း နာယူနိုင်ကြစေရန် အတားအဆီးအချုပ်အချယ်မရှိ ဖွင့်ပေးခဲ့၏။ ၎င်းက ထာဝရဘုရား၏ မေတ္တာတော်သည် မိုးကောင်းကင်ကဲ့သို့ ကျယ်ဝန်း၍ ကရုဏာတော်သည်လည်း လေကဲ့သို့ အတိုင်းမသိ ပွင့်လင်း၏ဟု မိန့်ဆိုလေသည်။ ထို့အတူ အသောကမင်းတရားကြီး လည်း ဗုဒ္ဓဘာသာတရားတော်မှာ မဂဓတစ်တိုင်းတည်း၏ ဘာသာတရား တော်ကဲ့သို့ ဖြစ်နေရာမှ အတိုင်းတိုင်း အနိုင်နိုင်ငံ လူအမျိုးမျိုး၊ ဘာသာ အမျိုးမျိုးတို့ ခံယူလိုက်နာနိုင်ကြစေရန် စီမံအားထုတ်လုပ်ကိုင်ဆောင်ရွက်တော်မူခဲ့လေသည်။ သို့ကြောင့် အသောကမင်းတရားကြီးသည် ဗုဒ္ဓဘာသာ သာသနာတော်၏ အားပေးချီးမြှင့်သူမျှသာမကဘဲ၎င်းဗုဒ္ဓဘာ◌ာ၏ တမန်တော်ကြီး စင်စစ်ဖြစ်ပေသည်။

အသောကမင်းတရားကြီး စီမံဆောင်ရွက်ချက်ဖြင့် အိန္ဒိယနိုင်ငံ၌ အကျိုးများစွာ ဖြစ်ထွန်းလာခဲ့သည်တို့ကိုလည်း ပြဆိုပေဦးအံ့။ အိန္ဒိယနိုင်ငံသည် အလွန်ကျယ်ဝန်းကြီးမား၍ တိုင်းပြည်နယ်ပယ်အများနှင့် လူအမျိုးမျိုး၊ ဘာသာအမျိုးမျိုး ရောပြွမ်းလျက်ရှိရာ၊ အသောကမင်းတရားကြီးလက်ထက်၊ ၎င်းအိန္ဒိယတစ်နိုင်ငံလုံးကို အေရိယံနိုင်ငံကြီးအဖြစ်သို့ရောက်အောင် ဆောင်ရွက်တော်မူခဲ့လေသည်။ အိန္ဒိယနိုင်ငံတွင် တိုင်းပြည်နယ်ပယ်အများ ပါဝင်လျက်ရှိရာ

www.burmeseclassic.com

www.burmeseclassic.com



ထိုတိုင်းပြည်နယ်ပယ်များရှိ လူအမျိုးမျိုးတို့၌ သုံးစွဲပြောဆိုကြသော ဘာသာစကားလည်း အမျိုးမျိုး ကွဲပြားလျက်ရှိခဲ့၏။ သို့သော် အသောက မင်းတရားကြီးလက်ထက်တွင် မိမိ၏ အယူဝါဒကို ပြန့်ပွားအောင် အကြီးအကျယ် ကြိုးပမ်းအားထုတ်ခဲ့ရာ ထိုတိုင်းပြည်နယ်ပယ် အများနှင့် လူအမျိုးမျိုးတို့မှာ တစ်တိုင်းနှင့်တစ်တိုင်း၊ တစ်ပြည်နှင့် တစ်ပြည်၊ လူတစ်မျိုးနှင့်တစ်မျိုးစသဖြင့် ကူးလူးဆက်ဆံခြင်းဖြစ် လာကြရကား အများနားလည်အောင် သုံးစွဲပြောဆိုနိုင်ရန် ဘာသာ စကားမှာ လိုလားလာခဲ့၏။

သို့လိုလားလာသည့်အတိုင်းလည်း ပါဠိဘာသာစကား သို့မဟုတ် ပြာကရိဘာသာစကားမှာ အိန္ဒိယ တစ်နိုင်ငံလုံး၏ အများ သုံးစွဲပြောဆိုသော ဘာသာစကားဖြစ်လာခဲ့လေသည်။ ပါဠိဘာသာ စကားသည် အရင်းမူလအားဖြင့်အိန္ဒိယနိုင်ငံ၏ တစ်တိုင်းတစ်ပြည်ဆိုင် ရာ သုံးစွဲပြောဆိုခဲ့သော ဘာသာစကားမျှသာဖြစ်၍ အချို့က ထင်မှတ် သကဲ့သို့ ကြံစည်ပြုလုပ်ထားသော ဘာသာစကားမဟုတ်ချေ။ ၎င်းပါဠိ ဘာသာစကားသည် ပြာကရိဘာသာစကား၏ ဖြစ်ပွားလာရင်း မူလ ဘာသာစကားပင်ဖြစ်ကောင်းဖြစ်ပေလိမ့်မည်ဆိုခဲ့သည့်အတိုင်း အိန္ဒိယ တစ်နိုင်ငံလုံးတွင် အများသုံးစွဲပြောဆိုရန် ဘာသာစကားတစ်မျိုးတည်း ဖြစ်ပေါ်လာခဲ့ရာ ဘာသာရေးဆိုင်ရာ စာပေကျမ်းဂန်တို့မှာ ပါဠိဘာသာ ဖြင့် ရေးတင်မှတ်သားထားခဲ့၏။ သို့သော် ထိုစာပေကျမ်းဂန်တို့မှာ မူလက မဂဓဘာသာဖြင့် ရေးတင်လျက်ရှိခဲ့ရကား ၎င်းမဂဓဘာသာ မှ တစ်ဖန် ပါဠိဘာသာသို့ ပြန်ဆိုရေးသားရလေသည်။ ဤသို့ပြည်ဘား

www.burmeseclassic.com

www.burmeseclassic.com



အသောကမင်းတရားကြီး၏ ဂုဏ်ကျေးဇူးပေတည်း။

တိယကျေးဇူးကို ရှာပြန်သော် အိန္ဒိယနိုင်ငံတွင် ရှေးယခင်က သစ်ဖြင့်ဆောက်လုပ်သော အဆောက်အဦ၊ သစ်ကိုထုလုပ်သော ပန်းပု၊ ရုပ်လုံး စသည်ဖြင့်သာလျှင်ရှိခဲ့လေရာ ကျောက်ဖြင့် ဆောက်လုပ်သော အဆောက်အဦ၊ ကျောက်ကိုထုလုပ်သော အရာဝတ္ထု စသည်တို့မှာ အသောကမင်းတရားကြီး လက်ထပ်ကျမှ သာလျှင် ဖြစ်ပေါ်လာခဲ့ပေသည်။ ကျောက်ဆစ်သမားတို့၏ အတတ်ပညာသည် ရှေးပဝေဏီကပင် ပေါ်ပေါက်ခဲ့သည်မှန်သော် လည်း တိမ်မြုပ်ပျောက်ကွယ်နေခဲ့ရာ အသောကမင်းတရားကြီးသည် မိမိ၏ ဓမ္မတရားသြဝါဒ စာတမ်းတို့ကို အစွန်ရှည်ကြာ မြဲမြံခိုင်မာစေရန် ကြံစည်တော်မူသောအခါမှ ရှေးက ကျောက်ဆစ်ပညာကို စိတ်ကားရလာခဲ့ခြင်းဖြစ်၏။ စိတ်ကူးရသည့် အတိုင်းလည်း မိမိ၏ ဓမ္မတရားသြဝါဒ စာတမ်းတို့ကို ကျောက်တုံး ကျောက်ပြားပေါ်တွင် လည်းကောင်း၊ ကျောက်တိုင်ပြုလုပ်၍လည်းကောင်း၊ ကျောက်ဂူ လိုဏ်ခေါင်းထွင်းလုပ်၍လည်းကောင်း အမျိုးမျိုး ပြုလုပ်ရေးထိုးစေ လေသည်။ သို့ကြောင့် ကျောက်ဆစ်ပညာမှာ ပြန်လည်ထွန်းကားလာ ပြီးသော် တစ်ဆင့်ထက် တစ်ဆင့် တိုးတက်ကောင်းမွန်လာခဲ့သည့် အတိုင်း အိန္ဒိယနိုင်ငံတွင် ကျောက်ဖြင့်ပြုလုပ်ထားသော အဆောက် အဦတို့မှာ ကမ္ဘာ၏ အံ့သြဖွယ်ရာဖြစ်အောင် ယခုအခါသို့တိုင် တည်ရှိ လာပေသည်။

အသောကမင်းတရားကြီးသည် ဗုဒ္ဓဘာသာ သာသနာကို

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယတစ်နိုင်ငံလုံးနှင့်တကွ အတိုင်းတိုင်းအနိုင်နိုင်ငံတို့ပါ ကမ္ဘာတစ်လောကလုံး ပြန့်ပွားထွန်းကားအောင် ဆောင်ရွက်နိုင်ခဲ့သည်မှာလည်း ဤသို့ဆောင်ရွက်နိုင်လောက်အောင် ကြီးကျယ်သော "အိန္ဒိယာ" နိုင်ငံကြီး၏အရှင် ဧကရာဇ်ဘုရင်ကြီးဖြစ်သောကြောင့်ပေတည်း။ အသောကမင်းတရားကြီးသည်ကား စင်စစ်အားဖြင့်ဆိုသော် ဗုဒ္ဓဘာသာ သာသနာ၏ ဘဏ္ဍာစိုးကြီးနှင့်လည်း တစ်နည်းအားဖြင့် တူချေသည်။ သို့သော် အသောကမင်းတရားကြီး ကွယ်လွန်သည်မှာ နှစ်ပရိစ္ဆေဒ ရှည်လျားကြာမြင့်လေပြီဖြစ်သော်လည်း ၎င်း၏ နှုတ်တော်မှ မြွက်ကြားခဲ့သော စကားသံတို့မှာမူ ယခုအခါသို့တိုင် ကြားသိရဘိသကဲ့သို့ ရှိနေသေးပေသည်။ အကြောင်းမူကား မှန်ကန်သော စကားတို့ကို စိတ်အားထက်သန်စွာနှင့် မြွက်ကြားတော်မူခဲ့ခြင်းကြောင့်ပေတည်း။

ဆိုခဲ့သည့်အတိုင်း အသောကမင်းတရားကြီးသည် မိမိ၏ တိုင်းနိုင်ငံသာမက ကမ္ဘာတစ်လောကလုံး လူနှင့်တကွ သက်ရှိသတ္တဝါအပေါင်းတို့အား ကြွင်နာဖွယ်ထောက်ထားခြင်းဖြစ်ကြစေရန် ကြံရွယ်စီမံတော်မူခဲ့ကြောင်းကို သိမြင်ရပေပြီ။ ထိုမှတစ်ပါး မင်းတရားကြီး၏ သာသနာပြုကိစ္စကြောင့်လည်း အိန္ဒိယနိုင်ငံ၌ ထူးသောဆုလာဘ်ကြီး နှစ်ခုကို ဖြစ်စေခဲ့ကြောင်း တွေ့မြင်ရပေပြီ။ သို့သော် မင်းတရားကြီး၏ သာသနာပြုကိစ္စအားဖြင့် အိန္ဒိယနိုင်ငံ၏ စိတ်နှလုံးကို သိမ်မွေ့နူးညံ့ခြင်း ဖြစ်စေခဲ့ရာ လောက၏ ဂုဏ်အကျိုးစီးပွားတည်းဟူသော တိုင်းနိုင်ငံ တိုးတက်ကြီးပွားမှုမှာကား ဆုတ်ယုတ်ပျက်ပြားလာရသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ပြောဆို ကြပေသည်။ လူတို့မည်သည် မိမိတို့၏ စိတ်နေသဘောထားအတိုင်း ပြောဆိုကြသည်မှန်၏။ သို့ပြောဆိုကြစေကာမူလည်း မင်းတရားကြီး၏ ဆောင်ရွက်တော်မူခြင်းအားဖြင့် ကမ္ဘာတစ်လောကလုံးတွင် သာသနာရောင် ထွန်းလင်းတောက်ပြောင်လာခဲ့သည်မှာကား အတိုင်းမသိ၊ ကြီးစွာသော အကျိုးတရားပင်ဖြစ်ကြောင်း ကောင်းစွာ ထင်ရှား ပေသတည်း။

www.burmeseclassic.com


www.burmeseclassic.com



သာရနာထ ကျောက်တိုင်ပုံ ။
ဆာရ်နသ် ခေါ် မိဂဒါဝုန်တော၌ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



လုမ္ဗနီ ကျောက်တိုင်ရှိ ကျောက်စာပုံ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၇)

## ကမ္ပည်း
## ကျောက်စာတော်များ
## မြန်မာဘာသာပြန်ချက်

### ကျောက်စာအငယ်ငါးခု
### ဗြဟ္မဂိရိကျောက်စာ
### အမှတ် ၁။

သုဝဏ္ဏဂိရိမြို့တွင် စိုးစံတော်မူသော သားတော်မင်းသားနှင့် အမတ်ကြီးတို့သည်။ ဣသိလမြို့ရှိ အမတ်ကြီးတို့အား ဘေးဘယာကင်း ဝေးစေကြောင်း၊ မေတ္တာရေသွန်းလောင်းလျက် အောက်ပါအတိုင်း ကြား သိစေ အပ်ပါသည်။

ဒေဝါနံပိယ–မည်သော မင်းတရားကြီးသည်။ ဤသို့အမိန့်

www.burmeseclassic.com

www.burmeseclassic.com



တော်ရှိ၏။

ငါသည် ဗုဒ္ဓဘာသာ ဥပသကာဖြစ်လာသည်မှာ နှစ်နှစ်ခွဲ ကျော်လွန်လေပြီ။

သို့သော် ငါသည်။ သံဃာတော်တို့ထံ ဆည်းကပ်၍ တရားတော်ကို စိတ်အားထက်သန်စွာ ကြိုးစားအားထုတ်ခဲ့သည်ကား စင်စစ်အားဖြင့် တစ်နှစ်၊ တစ်နှစ်ကျော်သာရှိသေး၏။

ထိုကာလအတွင်း နတ်တို့နှင့် မရောပြွမ်း မဆက်ဆံရကုန်သော ဇမ္ဗူဒိပ် ကျွန်းရှိသူတို့အား ယခုအခါ နတ်တို့နှင့် ရောပြွမ်း ဆက်ဆံခြင်း ဖြစ်လာစေလေပြီ။

ဤသည်ကား တရားတော်ကို အားထုတ်ခြင်း၏ အကျိုးပေးတည်း။ ကြီးကျယ်သောသူတို့ချည်းသာမဟုတ်။ သေးသိမ်သောသူတို့သည်လည်း ကြိုးစားအားထုတ်ချေက ကြီးစွာသော နတ်ပြည်ချမ်းသာကို ရရှိခံစားနိုင်ကြကုန်၏။

အောက်ပါအကျိုး၌၊ ဤအမိန့်တော်ကို ထုတ်ပြန်စေလေသည်။ သေးသိမ်သောသူ၊ ကြီးကျယ်သောသူ၊ မည်သူမဟူ၊ ဆိုခဲ့သည့်အတိုင်း၊ ကြိုးစားအားထုတ်နိုင်ကြပါစေ။ ငါ၏နိုင်ငံတော်-နယ်စွန်-နယ်ဖျားနေသူ လူတို့သည်လည်း၊ ဤအမိန့်တော်ကို ကြားသိနားလည်နိုင်ကြစေ။ ဤသို့ ကြိုးစားအားထုတ်ခြင်းသည် အစွန်ရှည်ကြာ-မြဲမြံနိုင်မာခြင်းဖြစ်ကြစေ ကုန်။

ဤအမိန့်တော်ကို မင်းတရားကြီးသည် တိုင်းခမ်းလှည့်လည်တော်မူသည်တွင် ၂၅၆-ကြိမ်တိုင်ထုတ်ပြန်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှတ်(၂)

ဒေဝါနံပိယ–မည်သော မင်းတရားကြီးသည် ဤသို့တဖန်မိန့်ဆိုတော်မူပြန်၏။

မိဘတို့၏စကားကို နားထောင်ကြစေ၊ လူကြီးသူမတို့၏ဆိုဆုံးမကို နာယူကြစေ၊ သက်ရှိသတ္တဝါတို့အား သနားကြင်နာခြင်းရှိမြဲကြစေ၊ မှန်ကန်သောစကားကို ပြောဆိုကြစေ၊ ဤဓမ္မတရားတို့ကို လိုက်နာကျင့် ဆောင်ကြကုန်။

ထို့နည်းအတူ တပည့်တို့သည် ဆရာသမားတို့အား ရိုသေကိုင်း ရှိုင်းကြစေ၊ ဆွေမျိုး ညာတကာ တို့အား ကောင်းစွာပြုမူကျင့်ဆောင်ကြစေ။

ဤသည်ကား ရှေးအစဉ်အလာထုံးနည်းဖြစ်၍ အသက်ရှည်ခြင်းသည်မည်ပေ၏။

ထို့ကြောင့် လိုက်နာကျင့်ဆောင်ကြရာ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဘာဖြူ–သို့မဟုတ် ဗေရာဇာကျောက်စာ
## အမှတ်(၃)

၄ မဂဓတိုင်းကြီးအရှင်၊ ပိယဒဿီဘွဲ့တော်ရှိသော မင်းတရားကြီးသည်၊ သံဃာတော်တို့အား၊ အရိုအသေရှိခိုးပူဇော်ကာဖြင့်၊ အနာရောဂါကင်းရှင်းကြောင်း ချမ်းသာစွာနေရကြောင်းကို လျှောက်ကြား မေးမြန်းတော်မူပြီးလျှင် အရှင်ဘုရားတို့ အကျွန်ုပ်သည် ဘုရား၊ တရား၊ သံဃာတော်တို့ကို အဘယ်မျှကြည်ညိုမြတ်နိုးကြောင်း သိတော်မူကြကုန် ပြီ အသျှင်ဘုရားတို့ ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံသော မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်အပေါင်း

www.burmeseclassic.com

www.burmeseclassic.com



တို့သည်ကောင်းစွာ ဟောကြားတော်မူသော တရားတော်များသာဖြစ်ပါပေသည်။

သို့သော်အသျှင်ဘုရားတို့ တရားတော်တို့တွင် "မှန်သောတရားသည် မြဲမြံသည်ရှိပေအံ့" ဟူသည်နှင့် အညီ ထိုတရားတော်စုကို အကျွန်ုပ်အား ရွေးကောက်စစ်ထုတ်နိုင်ရန် ခွင့်ပြုတော်မူကြပါကုန်။

ထိုတရားတော်စုသည်ကား . . .

(၁) ဝိနယသမုခသုတ်

(၂) အရိယဝံသသုတ်

(၃) အနာဂတဘယသုတ်

(၄) မုနိသုတ်

(၅) မောနေယျသုတ်

(၆) ဥပတိဿပတိသသုတ်

(၇) ရာဟုလောဝါဒသုတ်

အသျှင်ဘုရားတို့ ဤတရားတော်စုကို ရဟန်းတော်တို့နှင့် ဘိက္ခုနီတို့သည် မပြတ်နာယူ နှလုံးသွင်းခြင်း၊ ဥပါသကာ-ဥပါသိကာတို့ သည်လည်း မပြတ်နာယူနှလုံးသွင်းဖြစ်ကြစေလိုပါ၏။

ဤသို့အားဖြင့် အကျွန်ုပ်၏ အလိုဆန္ဒကို သိကြစေခြင်းငှာ၊ ဤတရားတော်ကို ရေးထိုးစေတော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကလိင်ကျောက်စာ
## (ဓေါလိ)
## အမှတ်(၄)

ဒေဝါနံပိယမည်သော မင်းတရားကြီး၏ အမိန့်တော်မြွက်အတိုင်း တောသာလိမြို့ အမတ်ကြီးတို့အား အောက်ပါအတိုင်းကြားသိပေအပ်စေသည်။

ငါ၏စိတ်တွင်မှန်သည်ဟု ထင်မြင်သမျှတို့ကို သို့ထင်မြင်သည့်အတိုင်းဖြစ်မြောက်အောင် ကိုယ်တိုင်ကြိုးစား၍ ဆောင်ရွက်လိုသောသဘောဆန္ဒရှိတော်မူ၏။ ဤသို့ဆောင်ရွက်ရန်နည်းကား သင်တို့အား အမိန့်ညွှန်ကြားပေးခြင်းပင်ဖြစ်ပေသည်။

သင်တို့သည် ထောင်ပေါင်းများစွာသော လူတို့အား

www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်နေကြသည်ဖြစ်၍ ထိုလူအပေါင်းတို့၏ လေးမြတ်ကြည်ညိုခြင်းကိုခံယူကြရမည်ဖြစ်ရာသည်။

ခပ်သိမ်းသော လူတို့သည် ငါ၏သားသမီးများဖြစ်ကြကုန်၏။ ငါသည် ငါ၏သားသမီးတို့အတွက် ဤပစ္စုပ္ပန်ဘဝနှင့် နောင်တမလွန်ဘဝ၌ ကောင်းကျိုးချမ်းသာကို လိုလားတော်မူသကဲ့သို့ လူခပ်သိမ်းတို့အတွက်လည်း ထိုနည်းတူ လိုလားတော်မူ၏။

ယခု ငါ၏ ဆိုလိုရင်းမှာ အဘယ်သို့တိုင် အဓိပ္ပါယ်ရောက်သည်ကို သင်တို့သိကြကုန်မည် မဟုတ်ချေ။

သို့သော် အချို့တို့ကား လုံးဝဥသုံ ကုန်စင်အောင် မသိစေကာမူ အနည်းအကျဉ်းသိနားလည်ကြပေအံ့။

သို့ကြောင့် ဤအချက်ကို သင်တို့ သတိပြုကြကုန်၊ တရားရာဇဝတ် စီရင်အုပ်ချုပ်ရေးတွင် လူတဦးတယောက်သည် အနှောင့်အဖွဲ့သော် ဖင်း ခံရတတ်လေသည်။

ဤသို့ခံနေရသည့် အခါ၌ ထိုသူက အနှောင့်အဖွဲ့မှ လွတ်မြောက်ရန် ကြိုးစည်ကြိုးစားကာမူ အခြားများစွာသော ခံနေရသူတို့မှာကား၊ မကြိုးစည် မကြိုးစားနိုင်ကြဘဲ ခံမြဲခံနေကြရကုန်၏။

ဤကိစ္စမျိုးတွင် အသင်အမတ်ကြီးတို့သည် ထိုခံနေရသူအားလုံးတို့အား တရားအားဖြင့် ဖြစ်စေခြင်းငှာအားထုတ် ကြရာသည်။

သို့သော် အားထုတ်ရန်မှာ ငြူစူခြင်း၊ လုံ့လမရှိခြင်း၊ ရှေ့ဘက်ခြင်း၊ အဆောတလျှင်ပြုခြင်း၊ မစွဲမမြဲခြင်း၊ ပျင်းရိခြင်း၊ ငိုင်းမှိုင်းခြင်းစသော သဘောမျိုးရှိချေသော်ကား မဖြစ်မြောက် မှော်ကွက်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ သဘောထားမျိုး မပေါ်ပေါက်စေရန် သင်တို့ကြိုးစား အပ်ကြပေသည်။

မူလလိုရင်းမှာ ရှုံ့လရှိခြင်း၊ အဆောတလျှင်မပြုခြင်း ပင်ဖြစ်၏။ တရားရာဇဝတ် စီရင်အုပ်ချုပ်ရေးတွင် ထိုင်းမှိုင်းသူတို့သည်ကား ကြီးပွားချမ်းသာခြင်းမဖြစ်ကြကုန်၊ ကြီးပွားခြင်းဖြစ်စေရန် မနေ မနားကြိုး စားအားထုတ်ကြရာ၏။

ဤအချက်ကို ဂရုပြုသူတို့သည် ဤသို့ပြောဆိုကြပေအံ့။ "သင်သည် မင်းတရားကြီးအပေါ် ဆောင်ရွက်အပ်သော တာဝန်ကို ကြေပွန်အောင် ဆောင်ရွက်ရာသည်။ ဤသည်တို့ကား မင်းတရားကြီး ၏ အမိန့်ဩဝါဒ ဖြစ်ကုန်၏"

အမိန့်ဩဝါဒအတိုင်း လိုက်နာဆောင်ရွက်က အကျိုးကျေးဇူး ခံစားရ၍ မလိုက်နာမဆောင်ရွက်သော်ကား ကြီးစွာသောအပြစ် ဖြစ်လေသည်။

အမိန့်ဩဝါဒအတိုင်း မလိုက်နာမဆောင်ရွက်သူသည် နတ်ပြည်ချမ်းသာကိုလည်း မရ၊ မင်းတရားကြီး၏ နှစ်သက်မြတ်နိုးခြင်း ကိုလည်း မခံရဖြစ်တတ်၏။

အမိန့်အတိုင်း မလိုက်နာမဆောင်ရွက်သူတို့အား ငါမင်းတရားကြီးသည် အဘယ်ကဲ့သို့ နှစ်သက်မြတ်နိုးခြင်း ဖြစ်နိုင်ပါ အံ့နည်း။

သို့သော် ဤအမိန့်ဩဝါဒအတိုင်း လိုက်နာဆောင်ရွက်သူတို့ ကား နတ်ပြည်ချမ်းသာကို ရရှိရုံမျှမက၊ ငါမင်းတရားကြီးအပေါ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ရှက်သင့်သော ဝတ်ဝန်ကိုလည်း ကြေပြွန်စွာဆောင်ရွက်ရာရောက်၏။

ဤကျောက်စာတော်ကို အာသဠှိနက္ခတ်နှင့်ယှဉ်သော တိဿ နေ့တိုင်း လူအပေါင်းတို့ သိရှိစေရန် ပြန်ကြားကြစေ။

ထိုတိဿနေ့တစ်နေ့နှင့် တစ်နေ့ စပ်ကြားနေ့တို့၌လည်း တစ်ဦး တစ်ယောက်တည်းသောသူကိုပင်ဖြစ်စေ၊ သိရှိစေရန် ပြန်ကြားကြစေ။

ဤသို့ပြုခြင်းဖြင့် သင်တို့သည် ရည်ရွယ်ရင်းအတိုင်း အောင်မြင်ရာရောက်စေလိမ့်သတည်း။

ဤကျောက်စာတော်ကို တောသာလိမြို့ရှိ တရားရာဇဝတ် ဆိုင်ရာ အရာရှိတို့သည် ပြည်သူဆင်းရဲသားတို့အား အကြောင်းမဲ့ နှောင်ဖွဲ့ခြင်း၊ ညှဉ်းပန်းခြင်းမရှိစေခြင်းငှာ ဤနေရာ၌ ရေးထိုးစေတော် မူ၏။

ထိုမှတစ်ပါး ငါ၏ အမိန့်သြဝါဒအတိုင်း ထိုတရားရာဇဝတ် အရာရှိတို့သည် လိုက်နာဆောင်ရွက်ခြင်းရှိမရှိကို စစ်ဆေးကြည့်ရှုရန် အလို့ငှာလည်း ယဉ်ကျေးသိမ်မွေ့သော အမတ်ကြီးတို့အား ငါးနှစ်တစ် ကြိမ်ကျ နယ်လှည့်ထွက်စေတော်မူပေအံ့။

ဥဇ္ဇေနီပြည်တွင် စိုးစံတော်မူသော မင်းသားသည်လည်း ထိုနည်းအတူ ယဉ်ကျေးသိမ်မွေ့သော အမတ်ကြီးတို့အား ဆိုခဲ့သော ကိစ္စအလို့ငှာ သုံးနှစ်တစ်ကြိမ်ထက်မနည်း စေလွှတ်ပေအံ့။

ထိုနည်းအတူ တက္ကသိုလ်ပြည်မှလည်း စေလွှတ်ပေအံ့။ ဆိုခဲ့သော အမတ်ကြီးတို့သည် နယ်လှည့်ထွက်ကြသည့်အခါ မိမိတို့၏

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရာ အလုပ်ဝတ္တရားကိုလည်း မမေ့မလျော့ကြဘဲ ထိုတရားရာဇဝတ် *အရာရှိတို့အား မင်းတရားကြီး၏ အမိန့်ဩဝါဒအတိုင်း လိုက်နာဆောင်ရွက်ခြင်းရှိမရှိ စစ်ဆေးကြည့်ရှုကြစေ။

www.burmeseclassic.com

www.burmeseclassic.com



ကာလိင်္ဂကျောက်စာ

ဓောဂဒ

အမှတ် ၅

ဒေဝါနံ ပိယမည်သော မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူ၏။

မင်းတရားကြီး၏ အမိန့်တော်မြွက်အတိုင်း သမာပမြို့ရှိ အမတ်ကြီးတို့အား အောက်ပါအတိုင်း ကြားသိစေအပ်ပေသည်။

ငါ၏စိတ်တွင် မှန်သည်ဟု ထင်သမျှကို သို့ထင်မြင်သည့်အတိုင်း ဖြစ်မြောက်အောင်ကိုယ်တိုင်ကြိုးစား၍ ဆောင်ရွက်လိုသော သဘောဆန္ဒရှိတော်မူ၏။

ဤသို့ ဆောင်ရွက်ရန်နည်းမှာကား သင်တို့အား အမိန့်ညွှန်ပေးခြင်းပင်ဖြစ်ပေသည်။

ခပ်သိမ်းသော လူတို့သည် ငါ၏ သားသမီးများဖြစ်ကြကုန်၏။

www.burmeseclassic.com



တမလွန်ဘဝပါ ကောင်းကျိုးချမ်းသာကို လိုလားတော်မူသကဲ့သို့ လူ ခပ်သိမ်းတို့အတွက်လည်း ထိုနည်းအတူ လိုလားတော်မူ၏။

ငါတိုက်ခိုက်သိမ်းပိုက်ခြင်းမပြုသော ငါ၏နိုင်ငံတော် နယ်စွန် နယ်ဖျားနေ လူတို့က "မိမိတို့ နယ်စွန်နယ်ဖျားနေ လူတို့နှင့် စပ်၍ မင်းတရားကြီးသည် မည်သို့သော သဘောထားတော်မူသနည်း" ဟု သိလိုကြပေအံ့။

ထိုနယ်စွန်နယ်ဖျားနေ လူတို့နှင့်စပ်၍ ငါ၏သဘော သည် ကား ငါ့အား မကြောက်မရွံ့ကြဘဲ ယုံကြည်ကိုးစားကြစေရန် လည်း ကောင်း၊ ငါမင်းတရားကြီးထံမှ ဆင်းရဲဒုက္ခကိုမဟုတ်ဘဲ ချမ်းသာ သုခကိုသာရမည်ဟူ၍ မှတ်ယူကြစေရန်လည်းကောင်း မင်းတရားကြီး သည် အပြစ် ချမ်းသာခွင့် ပေးနိုင်သရွေ့ကိုလည်း ပေးတော်မူလိမ့် မည်ဟု သဘောပိုက်ကြစေရန်လည်းကောင်း၊ ဓမ္မတရားကိုကျင့် ဆောင်စေခြင်းငှာ မင်းတရားကြီးက တိုက်တွန်း နှိုးဆော်သည်ဟု သိနားလည် ကြစေရန်လည်းကောင်း၊ ဤသို့ ကျင့်ဆောင်ခြင်းအားဖြင့် ဤပစ္စုပ္ပန်ဘဝနှင့် နောင်တမလွန်ဘဝပါ၊ ကောင်းကျိုးချမ်းသာကို ရရှိကြမည်ဟု ယုံမှတ်ကြစေရန်လည်းကောင်း ဖြစ်ပေသည်။

ငါသည် ထိုနယ်စွန်နယ်ဖျားနေ လူတို့အတွက် ရှက်ဆောင် အပ်သောတာဝန်မှ ကင်းလွတ်စေခြင်းအလို့ငှာ ငါ၏ ခိုင်မြဲသော ပြဌာန် ချက်ကို သင်တို့အား ယခုမိန့်ကြားတော်မူပြီ။

သို့ကြောင့် သင်တို့၏ အလုပ်ပတ္တာရားကို ကြေပွန်အောင် ဆောင်ရွက်ရာရောက်စေခြင်းငှာ နယ်စွန်နယ်ဖျားနေသူတို့အား ဖင်၊

www.burmeseclassic.com

www.burmeseclassic.com

တရားကြီးသည် ဖခင်သဖွယ် တူပေသည်ဟူ၍လည်းကောင်း၊ မင်းတရား ကြီးသည် မိမိ၏ကိုယ်ကိုချစ်သည်နှင့်ထပ်တူ ထိုသူတို့အား ချစ်ခင်ခြင်း ရှိသည်ဟူ၍လည်းကောင်း ထိုသူတို့ကိုယ်တိုင်ကလည်း ငါတို့သည် မင်းတရားကြီး၏ သားသမီးများဖြစ်ကြသည်ဟူ၍ လည်းကောင်း၊ စိတ်သဘောပေါ်ပေါက်လာကြအောင် ဆောင်ရွက်ကြ လော။

ယခု ငါ၏ အလိုဆန္ဒကို သင်တို့အား မိန့်ကြားတော်မူပြီ။ ငါ၏နိုင်ငံတော်ရှိ ပြည်နယ်အရပ်ရပ်တို့တွင် ဤကိစ္စအတွက် ဆောင်ရွက် ရန် အရာရှိတို့ကိုလည်း ခန့်ထားပေအံ့။

သင်တို့သည် ထိုနယ်စွန်နယ်ဖျားနေသူတို့အား ငါ၏ အပေါ်၌ ယုံကြည်ကိုးစားစိတ်ပေါ်ပေါက်အောင် ဆောင်ရွက်နိုင်သည့်အပြင် ထိုသူတို့၏ ပစ္စုပ္ပန်တမလွန်ကောင်းကျိုးချမ်းသာအတွက်လည်း ဆောင် ရွက်နိုင်ကြကုန်၏။

ဤအတိုင်း သင်တို့လိုက်နာဆောင်ရွက်ကြသည်ဆိုက သင်တို့ သည် နတ်ပြည်ချမ်းသာကို ရရှိနိုင်၍ ငါ၏အပေါ် ဆောင်ရွက်အပ်သော တာဝန်မှလည်း ကျေပွန်ရာရောက်ပေသည်။ အသင်အဲမတ်ကြီးကို့သည် ငါ၏နိုင်ငံတော်အစွန်အဖျားနေ လူတို့အား ငါ၏အပေါ်ယုံကြည်ကိုးစားစိတ် ပေါ်ပေါက်စေရန်လည်းကောင်း၊ ထိုသူတို့အား ဓမ္မတရားကို ကျင့်ဆောင်ကြစေရန် လည်းကောင်း၊ အခါခပ်သိမ်းကြိုးစားအားထုတ်နိုင်ကြစေခြင်းငှာ ဤကျောက်စာတော် ကို ဤနေရာ၌ ရေးထိုးစေတော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကျောက်စာတော် ၁၄ ခု

## သဟာဗာဇဂရတိ်ကျောက်စာ

### အမှတ် ၁

ဒေဝါနံပိယမည်သော မင်းတရားကြီးသည် ဤဓမ္မတရားတော် ဒကျောက်စာကို ရေးထိုးစေတော်မူ၏။

*ဤပါဋလိပုတ်နေပြည်တော်အတွင်း သက်ရှိသတ္တဝါတို့ကို သတ်ဖြတ်၍ ယဇ်ပူဇော်ခြင်းမရှိစေရ၊

ပျော်ပွဲသဘင်တို့ကိုလည်း စီမံကျင်းပခြင်းမရှိစေရ၊

မင်းတရားကြီးသည် ပျော်ပွဲသဘင်တို့တွင် အပြစ်များစွာ ရှုမြင် တော်မူလေသည်။

သို့သော် အချို့သော ပျော်ပွဲသဘင်တို့မှာကား အကျိုးရှိရာရှိကြောင်း ဖြစ်သည်ဟူ၍ မှတ်ယူတော်မူ၏။

ယခင်အခါက မင်းတရားကြီး၏ နန်းတော်စားဖိုဆောင်တွင် သိန်းပေါင်းများစွာသောတိရစ္ဆာန်တို့ကို ဟင်းလျာအလို့ငှာ နေ့စဉ်နေ့တိုင်း သတ်ဖြတ်ခဲ့၏။

ယခု ဤကျောက်စာတော်ကို ရေးထိုးတော်မူသောအခါ၌

www.burmeseclassic.com

www.burmeseclassic.com



တား ဥဒေါင်းနှစ်ကောင်၊ ဒရယ်တစ်ကောင် ပေါင်းသုံးကောင်ကိုသာ နေ့စဉ် သတ်ဖြတ်၍ ထိုဒရယ်မှာလည်း နေ့စဉ်သတ်ဖြတ်ခြင်း မရှိတော့ချေ။

ဤသုံးကောင်သောတိရစ္ဆာန်တို့ကိုပင် နောင်သတ်ဖြတ်စေလိမ့်မည်မဟုတ်ဖြစ်ပေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ဝိရုနာရကျောက်စာ

## အမှတ် ၂

ဒေဝါနံပိယမည်သော မင်းတရားကြီး၏ စိုးပိုင်ရာနိုင်ငံတော် အတွင်းရှိရှိသမျှ နယ်ပယ်ဒေသတို့နှင့်တကွ တိုင်းစွန်နယ်ဖျားရှိကြကုန်သော စောဠ၊ ပဏ္ဍယ၊ သကျပုတြ၊ ကေရလပုတြ၊ တမ္ဗပဏ္ဏိစသော တိုင်းပြည်တို့အပြင် အန္တိယောဂအမည်ရှိ ဂရိတ်ဘုရင်နှင့် ၎င်း၏ ပြည်နီးချင်း ဂရိတ်ဘုရင်တို့ပိုင် တိုင်းနိုင်ငံဟူသရွေ့တို့၌ မင်းတရားကြီးသည် လူတို့အတွက်၎င်း တိရစ္ဆာန်တို့အတွက်လည်းကောင်း ဆေးဝါးကုသရန် နှစ်မျိုးနှစ်စားတည်ထောင်ထားတော်မူ၏။

လူတို့အတွက်လည်းကောင်း တိရစ္ဆာန်တို့အတွက်လည်းကောင်း၊ အသုံးဝင်သော ဆေးပင်၊ ဝါးပင်တို့ကိုလည်း မရှိကင်းမဲ့သမျှ အရပ်ဒေသတို့၌ ဆောင်ယူစိုက်ပျိုးထားစေလေပြီ။

သစ်မြစ်၊ သစ်ဥတို့နှင့်တကွ သစ်သီးပင်တို့ကိုလည်း မရှိကင်းသမျှ အရပ်ဒေသတို့၌ ဆောင်ယူစိုက်ပျိုးထားစေလေပြီ။

လမ်းကြီး၊ လမ်းငယ် အသွယ်သွယ်တို့၌လည်း တိရစ္ဆာန်တို့နှင့် လူတို့၏ အကျိုးငှာ ရေတွင်းရေကန်တူးဖော် လုပ်ကိုင်၍ သစ်ပင်တို့ကိုပါ စိုက်ပျိုးထားစေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



## ဝိရနာရ ကျောက်စာ
### အမှတ်(၃)

ဒေဝါနံပိယသမည်သော မင်းတရားကြီးသည် ဤသို့မိန့်ဆိုတော်မူ၏။

ငါသည် အဘိသိက်ခံ၍ ၁၂ နှစ်မြောက်သောအခါ အောက်ပါအတိုင်း အမိန့်ထုတ်ပြန်တော်မူလေသည်။

ငါ၏စိုးပိုင်ရာ နိုင်ငံတော်အတွင်း ရှိရှိသမျှအရပ်ဒေသဘိုင်း၌ "ယုတ" "ရာဇုက" "ပြာဒီသိက" စသော နိုင်ငံဝန်ထမ်း အရာရှိကြီးငယ်တို့သည် မိမိတို့ဆိုင်ရာ နယ်ပယ်အတွင်း လူတို့အား အောက်ပါ ဓမ္မတရားတော်ကို ညွှန်ကြားပြသရန် အလို့ငှာလည်းကောင်း၊ အခြားသောအလုပ်ကိစ္စတို့ကို ဆောင်ရွက်ရန်အလို့ငှာလည်းကောင်း၊ ငါးနှစ်လျှင် တစ်ကြိမ်၊ အလှည့်ကျနယ်လှည့်ထွက်ကြစေ။

မိဘတို့၏စကားကို နားထောင်ခြင်းသည် ကောင်းကျိုးမည်၏။

အဆွေခင်ပွန်းချစ်ကျွမ်းဝင်သူ၊ ဆွေမျိုးညာတကာတို့နှင့်တကွ ရဟန်းပုဏ္ဏားတို့အား ရက်ရက်ရောရော ပေးကမ်းခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



လှူဒါန်းခြင်းသည် ကောင်းကျိုးမည်၏။

တိရစ္ဆာန်တို့၏ အသက်ကို မသတ်ဖြတ်ခြင်းသည် ကောင်းကျိုးမည်၏။

အသုံးအစွဲမများဘဲ ပစ္စည်းဥစ္စာ သင့်တော်ရုံမျှရှိခြင်းသည် ကောင်းကျိုးမည်၏။

မျိုးမတ်တို့အဖွဲ့က "ယုတ"ခေါ် အရာရှိတို့အား ဤဓမ္မတရားတော်တို့ကို ရေးတင်မှတ်သားခြင်းပြုကြစေ။

www.burmeseclassic.com

www.burmeseclassic.com


(ဝိရနာရကျောက်စာ)

အမှတ် – ၄

ရှေးလွန်ခဲ့သော နှစ်ပရိစ္ဆေဒ ရာပေါင်းများစွာအတွင်းက တိရစ္ဆာန်တို့အား သတ်ဖြတ်ခြင်း၊ သက်ရှိသတ္တဝါတို့အား ထိခိုက်နာကျင်စေခြင်း၊ ဆွေမျိုးညာတကာနှင့် ရဟန်းပုဏ္ဏားတို့အား ကောင်းစွာ မပြုမူ၊ မကျင့်ဆောင်ခြင်းစသည်တို့သည် တိုးပွားများပြားခဲ့လေကုန်၏။

သို့သော်ယခုမူကား ဒေဝါနံပိယမည်သောမင်းတရားကြီးသည် ဓမ္မတရားတော်ကို ကျင့်ဆောင်တော်မူခြင်းဖြင့် လူတို့အား ဖေလရသား၊ ဆင်ယဉ်၊ မီးတောက်မီးလျှံစသော အံ့ဖွယ်သရဲထူးကဲသော အရာတို့ကိုပြကာ စစ်ခရာသံအစား တရားစည်ကြီးကို မြည်ဟီးကြွေးကြော်စေ ခဲ့လေသည်။

ရှေးလွန်ခဲ့သော နှစ်ပရိစ္ဆေဒ ရာပေါင်းများစွာအတွင်းက မဖြစ်ပေါ်ခဲ့ဘူးသော်လည်း ယခုမူကား မင်းတရားကြီးကိုယ်တိုင်က ဓမ္မတရားတော်ကို သွန်သင်ဆုံးမ ပြသတော်မူခြင်းအားဖြင့် တိရစ္ဆာန်တို့၏ အသက်ကို မသတ်ဖြတ်ခြင်း၊ သက်ရှိသတ္တဝါတို့ကို နာကျင်အောင် မပြုခြင်း၊ ဆွေမျိုးညာတကာနှင့် ရဟန်းပုဏ္ဏားတို့ကို

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာ ပြုမူ ဆောင်ရွက်ခြင်း၊ မိဘတို့၏စကားကို နားထောင်ခြင်း၊ လူကြီးသူမတို့၏ ဆိုဆုံးမကို နာယူခြင်းစသည်တို့သည် တိုးပွား များပြားလျက်ရှိလာကုန်၏။

ဤနည်းဖြင့် အခြားများစွာသောနည်းတို့ဖြင့် ဓမ္မတရားတော်ကို လိုက်နာကျင့်ဆောင်ကြခြင်းတည်းဟူသော အလေ့အကျင့်တို့သည် တိုးပွားများပြားလာစေလေပြီ။

မင်းတရားကြီးသည် ဤဆိုခဲ့သော အလေ့အကျင့်တို့ကို တိုးပွားများပြားစေရန် အခါခပ်သိမ်း ဆောင်ရွက်တော်မူပေအံ့။

သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်တို့ သည်လည်း ဤဆိုခဲ့သော အလေ့အကျင့်တို့ကို တိုးပွားများပြားစေ ခြင်းငှာ ဤကမ္ဘာ၏ အာယုကပ်ကုန်ဆုံးသည့်တိုင်အောင် ဆောင်ရွက်ကြစေ၊ မိမိတို့ ကိုယ်တိုင်က ဓမ္မတရားတော်ကို ကောင်းစွာ စောင့်ထိန်းကျင့်ဆောင်ခြင်းဖြင့် လူတို့အား ဓမ္မတရားတော်ကို သွန်သင်ဆုံးမပြသနိုင်ကြစေကုန်။

ဤသို့ ဓမ္မတရားတော်ကို သွန်သင်ပြသခြင်းသည်ကား အမွန်မြတ်ဆုံးသော အလုပ်ပေတည်း။

ဤဓမ္မတရားတော်ကို ကျင့်ဆောင်ရန်မှာလည်း စာရိတ္တ မကောင်းသူတို့အတွက် မဖြစ်နိုင်ပေ။

သို့ကြောင့် ဤဓမ္မတရားတော်ကို မပျော့မလျော့ တိုးပွားများ ပြားအောင် ဆောင်ရွက်ခြင်းသည် ကောင်းကျိုးမည်၏။

သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်

www.burmeseclassic.com

www.burmeseclassic.com



တို့သည် ဤမွေ့တရားတော်ကို တိုးပွားများပြားအောင် မပေါ့မလျော့ အထူး ဆောင်ရွက်ကြစေခြင်းငှာ ဤကျောက်စာတော်ကို ရေးထိုး တော်မူ၏။

ဤကျောက်စာတော်ကို ဒေဝါနံပိယမည်သော မင်းတရား ကြီးသည် အဘိသိက်ခံ၍ ၁၂နှစ်မြောက်သောအခါ ရေးထိုးစေ တော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မာရသေရကျောက်စာ

အမှတ် (၅)

ဒေဝါနံပိယမည်သော မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူ၏။

ကောင်းမှုကုသိုလ်ဟူသည် ပြုနိုင်ခဲ၏။

ကောင်းမှုကုသိုလ်ကို စတည်ပြုလုပ်သူသည် တစ်စုံတစ်ရာသော ခဲယဉ်းခြင်းကို အောင်မြင်ခြင်းမည်ပေသည်။

သို့သော် ငါမူကား များလှစွာသော ကောင်းမှု ကုသိုလ်တို့ကို ပြုတော်မူလေပြီ။

သို့ကြောင့် ငါ၏သား၊တော်အစဉ် မြေးတော်အဆက်၊ မြစ်တော် အညွန့်နှင့်တကွ နောင်အဆက်အနွယ်ဟူသရွေ့တို့သည် ကမ္ဘာ၏ အာယု ကပ် ကုန်ဆုံးသည့်တိုင်အောင် ဤသို့တိုက်စာ ကျင့်ဆောင်ကြကုန်အံ့။ ကောင်းမှုကုသိုလ်ကို ပြုရာမည်ပေလတ့်။

ဤသို့တိုက်စာ ကျင့်ဆောင်ခြင်းမရှိချေက မကောင်းမှုကို ပြုရာမည်ပေဂါဓို့သတည်း။

မကောင်းမှုဟူသည် ပြုရန်လွယ်ကူ၏။

ရှေးယခင်က ဓာတ်တော်ကြီးကြပ်ရေး အမတ်တို့သည် မရှိခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



ကုန်။

သို့သော်ငါသည် အဘိသိက်ခံ၍ ၁၃ နှစ်မြောက်သောအခါ ထိုတရားကြီးကြပ်ရေး အမတ်တို့အား ခန့်ထားတော်မူခဲ့လေပြီ။

တရားကြီးကြပ်ရေးအမတ်တို့အား အယူဝါဒအမျိုးမျိုး လူအမျိုးမျိုးနှင့်တကွ ယောနကတိုင်း ကမ္ဘောဇတိုင်း၊ ဂန္ဓာရတိုင်း ရာဋ္ဌိကတိုင်း၊ ပိတိနက်တိုင်းတို့အပြင် ငါ၏ နိုင်ငံတော်အနောက်ဘက် နယ်ခြားရှိ လူတို့အထဲတွင် ဓမ္မတရားတော်ကျင့်ဆောင်ရေးအတွက် အမှုတော်ကို ထမ်းရွက်ကြစေလေပြီ။

ထိုအမတ်တို့အား ကြေးကျွန်နှင့် သခင်၊ ပုဏ္ဏားနှင့် သူဌေးတို့ အထဲတွင်လည်းကောင်း၊ ခိုကိုးရာမဲ့သူနှင့် အသက်ကြီးသူတို့အထဲတွင် လည်းကောင်း အမှုတော်ကို ထမ်းရွက်ကြစေလေပြီ။

ထိုအမတ်တို့အား အနှောင်အဖွဲ့ခံနေရသူတို့အတွက် သားငယ်၊ သမီးငယ်ကလေးများ ရှိခဲ့သော်လည်းကောင်း၊ အသက်အရွယ်အိုမင်းမစွမ်းဖြစ်နေခဲ့သော်လည်းကောင်း၊ ရောဂါဝေဒနာစွဲကပ်နေခဲ့သော်လည်းကောင်း၊ အနှောင်အဖွဲ့မှ လွှတ်စေရန်လည်း၊ အမှုတော်ကို ထမ်းရွက်ကြစေလေပြီ။

ထိုအမတ်တို့အား ပါဋလိပုတ်နေပြည်တော်နှင့်တကွ အခြားသော မြို့ပြဟူသရွေ့တို့၌ နေထိုင်ကြကုန်သော ငါ၏ ဆွေတော်မျိုးတော် အပေါင်းတို့အထဲတွင်လည်း၊ အမှုတော်ကို ထမ်းရွက်ကြစေလေပြီ။

ဤအကျိုးမှာ ဤဓမ္မတာရားတော် ကျောက်စာကို ရေးထိုးစေတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဝိရနာရကျောက်စာ
## အမှတ် ၆

ဒေဝါနံ ပိယမည်သော မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူ၏။

ရှေးအခါက မင်းရေးကိစ္စတို့ကို အချိန်မရွေး လုပ်ကိုင်ဆောင်ရွက်ခြင်းလည်းကောင်း၊ ပြည်ရေးကိစ္စတို့ကို အချိန်မရွေး လျှောက်ကြားတင်သွင်းခြင်းရင်း၊ မရှိခဲ့ကြကုန်။

သို့သော် ငါသည် အောက်ပါအတိုင်း စီမံတော်မူခဲ့ပြီ။

ငါသည် ပွဲတော်တည်နေသည့်အခါဖြစ်စေ မောင်းမဆောင်၌ စံနေသည်ဖြစ်စေ၊ အတွင်းဆောင်တွင်စံနေသည့်အခါဖြစ်စေ၊ မြင်းတင်းကုပ်၊ နွားတင်းကုပ်တို့၌ ရှိနေသည့်အခါဖြစ်စေ၊ ဝေယာဉ်တို့ကို စီးနေသည့်အခါ ဖြစ်စေ၊ ဥယျာဉ် ပန်းခြံများသို့ ထွက်နေသည့်အခါဖြစ်စေ၊ နေရာ ဌာန အခါကာလမရွေး ပြည်ရေးကိစ္စတို့ကို လျှောက်ကြားတင်သွင်းစေရန် ဆုပ်ရာအရာရှိတို့အား စန့်ထားတော်မူလေပြီ။

ငါသည် ပြည်သူတို့၏ မှုခင်းကိစ္စတို့ကို နေရာ၊ ကာလ အခါမရွေး ဆောင်ရွက်တော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



ငါ၏ နှုတ်မှ မြွက်ကြားသော အလျှုတော် အမိန့်တော်တို့နှင့် စပ်၍သော်၎င်း၊ သို့မဟုတ် မှုးတော်မတ်တော်တို့အား လွှဲအပ်ထားသော အရေးတကြီးကိစ္စတို့နှင့် စပ်၍သော်၎င်း၊ သို့မဟုတ် မှုးမတ်တို့ အဖွဲ့၌ အငြင်းတစ်စုံတရာဖြစ်ပွားခဲ့သော်၎င်း၊ သို့မဟုတ် အဆိုပြုဆင်ချက် တင်သွင်းခဲ့သော်၎င်း၊ ငါ့အား အချိန်နေရာ မရွေးချက်ခြင်း ဆောလျှင် စွာလျှောက်တင်ကြစေ။

ငါသည် ဤသို့ အမိန့်တော်ရှိ၏။

ငါသည် မင်းရေးကိစ္စ ပြည်ရေးကိစ္စတို့ကို လုပ်ကိုင်ဆောင်ရွက်သမျှတို့၌ အားရတင်းတိမ်ခြင်းမရှိပေ။

ငါသည် လူခပ်သိမ်းတို့၏ ကြီးပွားချမ်းသာအတွက် ဆောင်ရွက်အပ်သောတာဝန်ကို ငါ၏တာဝန်ဟူ၍ မှတ်ယူတော်မူ၏။

သို့သော် လိုရင်းမူလကား မင်းရေးကိစ္စတို့ကို ကြိုးပမ်းအားထုတ် လုပ်ကိုင်ဆောင်ရွက်ခြင်းပင် ဖြစ်ပေသည်။

လူခပ်သိမ်းတို့၏ ကြီးပွားချမ်းသာအတွက် ဆောင်ရွက်အပ်သော တာဝန်ထက် ကြီးလေးသော တာဝန်ဟူသည်မရှိချေ။

သို့ကြောင့် ငါသည် ဤမျှလောက် ကြိုးပမ်းအားထုတ်ခြင်းပြုရာ ဤသို့အားထုတ်သမျှသည်လည်း သက်ရှိသတ္တဝါတို့အား ဤပစ္စုပ္ပန်ဘဝ၌ ချမ်းသာကြ၍ နောင်တမလွန်ဘဝ၌ ကောင်းရာသုဂတိသို့ ရောက်ရှိကြစေခြင်းငှာ ငါ၏ ဆောင်ရွက်အပ်သော တာဝန်မှ လွတ်ကင်းစေရန်ဖြစ်လေသည်။

ဤဓမ္မစာရေးတော် ကျောက်စာကို အစွန်...

www.burmeseclassic.com



ခြင်းငှာရင်း ငါ၏သားတော်အစဉ်၊ မြေးတော်အညွန့်တို့သည် လူခပ်သိမ်းတို့၏ ကြီးပွားချမ်းသာအတွက် ဆောင်ရွက်ကြစေခြင်းငှာ ရင်း ရေးထိုးစေ တော်မူ၏။

သို့သော် ကြီးစွာသောစိတ်အားထက်သန်ခြင်း မရှိဘဲ ဤအတိုင်း ဖြစ်မြောက်ရန်မှာကား ခဲယဉ်းလှပေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## သုတဘာဇဂရတိကျောက်စာ,

## အမှတ် (၇)

ဒေဝါနံပိယမည်သောမင်းတရားကြီးသည် အဲယူဝါဒအမျိုးမျိုးနှင့် လူမျိုးမျိုးတို့အား နိုင်ငံတော် အတွင်း အရပ်ဒေသဟူသရွေ့တို့၌ နေထိုင်ကြစေလိုသော သဘောဆန္ဒရှိတော်မူ၏။

ထိုအယူဝါဒ အမျိုးမျိုးနှင့် လူအမျိုးမျိုးတို့သည် ကိုယ့်ကိုယ်ကို စောင့်စည်းခြင်း၊ စိတ်နှလုံးဖြူစင်ခြင်း၊ နှစ်ခုစလုံးကို လိုလားကြကုန်၏။

လူတို့မည်သည် စိတ်ဆန္ဒအမျိုးမျိုးရှိတတ်ကြလေသည်။

သို့ကြောင့် မိမိတို့၏ တာဝန်ကို ကုန်စင်အောင်သော်၎င်း၊ သို့မဟုတ် အချို့တဝက်သော်၎င်း၊ ဆောင်ရွက်ကြပေလတံ့။

သို့သော် မိမိ၏အယူဝါဒကိုသာ ရက်ရောစွာလှူဒါန်းလျက် တပက်သတ်ယုံကြည် စွဲလမ်းနေစေကာမူ ကိုယ့်ကိုယ်ကို စောင့်စည်းခြင်း စိတ်နှလုံးဖြူစင်ခြင်း သူတလူးကျေးဇူးကို သိတတ်ခြင်း စိတ်အားထက်သန် မြဲမြံခြင်း မရှိကင်းမဲ့ချေသော်ကား၊ အသုံးမကျ ယုတ်နိမ့်လေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## သဟာဇာဇဂရုတိကျောက်စာ

## အမှတ်-၈

ရှေးအခါက ဒေဝါနံပိယ မည်သော မင်းတရားကြီးသည် အပျော် တိုင်းခမ်းလှည့်လည်တော်မူလေ့ရှိ၏။

ထိုသို့ အပျော်တိုင်းခန်းလှည့်လည်တော်မူရာ၌ သားသမင် လိုက်ခြင်းနှင့် အခြားသော ပျော်ပါးမှုတို့ကို ပြုလုပ်ပျော်ပါးတော်မူခဲ့ လေသည်။

သို့သော်မင်းတရားကြီးသည် အဘိသိက်ခံ၍ ၁၀နှစ်မြောက် သောအခါမူကား ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်သို့ ကြွမြန်းထွက် စံတော်မူ၏။

ဤသည်ကား ဓမ္မတရားတော်အထွက် တိုင်းခန်းလှည့်လည် ခြင်းဖြစ်ပေသည်။

ဤသို့ တိုင်းခန်းလှည့်လည်ရာ၌လည်း ရဟန်းပုဏ္ဏားတို့အား ဖူးမြော်ပူဇော်ခြင်း အသက်အရွယ်ကြီးရင့်သူတို့အား ဖူးမြော်ပူဇော်ခြင်း၊ အသက်အရွယ်ကြီးရင့်သူတို့အား ရွှေငွေတို့ဖြင့် ပေးကမ်းစွန့်ကြဲခြင်း၊ ပြည်သူဆင်းရဲသားတို့အား ဓမ္မတရားတော်ကို သွန်သင်ဆုံးမခြင်း စသ ဖြင့် ပြုတော်မူ၏။

မင်းတရားကြီး၏ နန်းစံနှစ် ဒုတိယကာလအပိုင်းအခြားသည် ဘား ကြီးစွာသော နှစ်သိမ့်ချမ်းသာခြင်း ဖြစ်ပေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ကာလသိကျောက်စာ

### အမှတ်-၉

ဒေဝါနံပိယမည်သော မင်းတရားကြီးသည် ဤသို့ မိန့်တော်မူ၏။

လူတို့သည် မကျန်းမာသည့်အခါလည်းကောင်း၊ သားသမီးတို့အား လက်ထပ်ထိမ်းမြားသည့်အခါလည်းကောင်း၊ သားသမီးဖွားမြင်သည့်အခါလည်းကောင်း ခရီးယာယီထွက်သည့်အခါလည်းကောင်း၊ ဤအခါတို့နှင့် ဤသို့သော အခါမျိုးတို့၌ အမျိုးမျိုးသော မင်္ဂလာတို့ကို ပြုလုပ်ကြကုန်၏။

ဤအခါတို့၌ မိခင်နှင့် ဇနီး မိန်းမဖြစ်သူတို့သည်ကား တိုး၍ ပင် မဖွယ်မရာ အကျိုးမရှိသည့် မင်္ဂလာအမျိုးမျိုးတို့ကို ပြုလုပ်တတ်ကြပေသည်။

မင်္ဂလာတို့ကိုကား စင်စစ်အားဖြင့် ပြုသင့်ပြုထိုက်ကြကုန်၏။

ဆိုခဲ့သော မင်္ဂလာပြုခြင်းတို့မှာမူ နည်းပါးသော အကျိုးသာရှိလေသည်။

သို့သော် ဓမ္မတရားတော်ကို ကျင့်ဆောင်ခြင်းမှာကား များစွာသောအကျိုးရှိ၏။

ကြေးကျွန်အစေခံတို့အား ကောင်း...

www.burmeseclassic.com

www.burmeseclassic.com



အရွယ် ကြီးသူတို့အား ရိုသေကိုင်းရှိုင်းခြင်း၊ တိရစ္ဆာန်တို့အား ထောက်ထားညှာတာခြင်း၊ ရဟန်းပုဏ္ဏားတို့အား လှူဒါန်းပေးကမ်းခြင်း ဤသည်တို့ကားဓမ္မတရားတော်ကို ကျင့်ဆောင်ခြင်းမည်ပေသည်။

ထို့ကြောင့် ဖခင်ဖြစ်စေ၊ သားဖြစ်စေ၊ ညီအစ်ကိုဖြစ်စေ၊ အရှင် သခင်ဖြစ်စေ၊ မိတ်ဆွေခင်ပွန်းဖြစ်စေ၊ အသိအကျွမ်းဖြစ်စေ၊ အိမ်နီး ပါးချင်းဖြစ်စေ၊ ဤအရာသည် ကောင်းကျိုးမည်၏။ ဤသို့ ကျင့်ဆောင် ခြင်းကို ကျင့်ဆောင်ရာ၏" ဟူ၍ ပြောဆိုသင့်ကြကုန်၏

အခြားသော မင်္ဂလာမှုတို့မှာကား အကျိုးရရှိခံစားနိုင်ရန် ယုံမှားဖွယ်ရှိ၏။

လူတစ်ဦးတစ်ယောက်သည် ဆိုခဲ့သော ကျင့်ဆောင်ခြင်းတို့ ဖြင့် မိမိ၏ ရည်သန်ရင်းသို့ရောက်နိုင်လေသည်။ သို့သော် ကျင့်ဆောင် ခြင်း မပြုကြကုန်။

ဆိုခဲ့သော ကျင့်ဆောင်ခြင်းတို့မှာ ဤပစ္စုပ္ပန်ဘဝ၌သာလျှင် အကျိုးရှိ၏။

သို့သော် ထိုသို့ ဓမ္မတရားတော်ကို ကျင့်ဆောင်ရန်အတွက် အချိန်ကာလ ကန့်သတ်ခြင်းမရှိပေ။

ဓမ္မတရားတော်ကို ကျင့်ဆောင်ခြင်းဖြင့် ဤပစ္စုပ္ပန်ဘဝ၌ မိမိ လိုလားချက်ကို မရစေကာမူ နောင်တမလွန်ဘဝ၌ အဆုံးအဆ မရှိသော ကောင်းကျိုးသည် ဖြစ်ပေါ်ရာ၏။

အကယ်၍ပစ္စုပ္ပန်ဘဝ၌ မိမိ၏ လိုလားချက်ကို ရရှိခဲ့သည်

www.burmeseclassic.com



လျှင်လည်း ဤပစ္စုပ္ပန်ဘဝ၌ လိုလားချက်ကိုလည်းကောင်း နောင်တမလွန်ဘဝ၌ အဆုံးအဆမရှိသော ကောင်းကျိုးကိုလည်းကောင်း နှစ်မျိုးစလုံးရရှိသည်မည်၏။

www.burmeseclassic.com

www.burmeseclassic.com



## ကာလသိကျောက်စာ

## အမှတ် (၁၀)

ဒေဝါနံပိယမည်သော မင်းတရားကြီးသည် ဤပစ္စုပ္ပန်ဘဝနှင့် နောင်တမလွန်ဘဝတို့၌ လူတို့အား ဓမ္မတရားတော်ကို နာယူခြင်း၊ ကျင့်ဆောင်ခြင်းဖြစ်စေနိုင်သော ဂုဏ်၊ တန်ခိုးတို့မှတစ်ပါး အခြားသော ဂုဏ်တန်ခိုးတို့မှာ များစွာသောအကျိုးကို ဆောင်နိုင်သောဂုဏ်တန် ခိုးတို့ဖြစ်သည်ဟူ၍ မှတ်ယူတော်မမူချေ။

ထိုသို့ဆောင်ကြဉ်းနိုင်သော ဂုဏ်တန်ခိုးတို့ကိုသာလျှင်လည်း မင်းတရားကြီးသည် လိုလားတော်မူလေသည်။

မင်းတရားကြီးသည် ဤမျှလောက်ကြိုးစားအားထုတ်သမျှသည်လည်း နောင်တမလွန်ဘဝ၌သာ အကျိုးခံစားရန်လည်းကောင်း၊ လူစပ်သိမ်းတို့အား နည်းပါးသောမကောင်းမှုအပြစ်မျှသာရှိစေရန်လည်းကောင်းဖြစ်ပေသည်။

သို့သော် နိမ့်ကျသောသူဖြစ်စေ၊ သို့မဟုတ် ကြီးကျယ်သောသူဖြစ်စေ၊ ကြီးစွာသော စိတ်အားထက်သန်ခြင်း မရှိဘဲလည်းကောင်း၊ အခြားသော လိုလားချက်ဟူသမျှကို စွန့်ပယ်ခြင်းမပြုဘဲလည်းကောင်း ဆိုခဲ့သည့်အတိုင်း ဖြစ်မြောက်နိုင်ရန် ခဲယဉ်းလှ၏။

ထိုနှစ်မျိုးနှစ်စားသော သူတို့တွင်လည်း ကြီးကျယ်သော သူတို့မှာ တိုး၍ ခဲယဉ်းလှပေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## သတ္တဗာဇဝရတိကျောက်စာ

## အမှတ် (၁၁)

ဒေဝါနံပိယမည်သော မင်းတရားကြီးသည် ဤသို့မိန့်ဆိုတော်မူ၏။

ဓမ္မတရားတော်ကို လှူဒါန်းရသည်နှင့် တူညီသော အလှူဒါန မည်သည်မရှိ၊ ဓမ္မတရားတော်ကိုကျွမ်းကျင်ရသည်နှင့် တူညီသော ချစ်ကျွမ်းဝင်သူ မည်သည်မရှိ၊ ဓမ္မတရားတော်ကို ပါဝင်ဆက်ဆံရသည်နှင့် တူညီသော ပါဝင်ဆက်ဆံရခြင်းမည်သည်မရှိ၊ ဓမ္မတရားတော်ကို ဆွေမျိုးတော်စပ်သည်နှင့် တူညီသော ဆွေမျိုးညာတကာမည်သည်မရှိ။

ဤဓမ္မတရားတော်တို့တွင် ကြေးကျွန်အစေခံတို့အား ကောင်းစွာပြုမူခြင်း၊ မိဘတို့၏ စကားကို နားထောင်ခြင်း၊ မိတ်ဆွေခင်ပွန်းချစ်ကျွမ်းဝင်သူနှင့်တကွ ဆွေမျိုးညာတကာတို့အား ပေးကမ်းစွန့်ကြဲခြင်း၊ ရဟန်းပုဏ္ဏားတို့အား လှူဒါန်းပေးကမ်းခြင်း၊ တိရစ္ဆာန်တို့၏ အသက်ကို မသတ်ဖြတ်ခြင်းစသည်တို့ ပါဝင်ကြကုန်၏။

ဖခင်ဖြစ်သူသည်လည်းကောင်း၊ သားဖြစ်သူသည်လည်းကောင်း၊ ညီအစ်ကိုဖြစ်သူသည်လည်းကောင်း အရှင်သခင်ဖြစ်သူသည်လည်းကောင်း၊ မိတ်ဆွေခင်ပွန်းအသိအကျွမ်းဖြစ်သူသည်လည်းကောင်း၊ အိမ်နီးနားချင်းဖြစ်သူသည်လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဤအရာတို့ကား ကောင်းကျိုးမည်၏။ ဤအရာတို့အား ကျင့်ဆောင်အပ်၏ဟူ၍ ပြောဆိုထိုက်ကြပေသည်။

ဤအတိုင်း လိုက်နာကျင့်ဆောင်သူသည် ဤပစ္စုပ္ပန်ဘဝ၌ ချမ်းသာသုခခံစားရ၍ နောင်တမလွန်ဘဝ၌လည်း အဆုံးမရှိသော ကောင်းကျိုးချမ်းသာကိုဖြစ်စေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဂိရနာရကျောက်စာ
## အမှတ် (၁၂)

ခေဝါနံပိယမည်သော မင်းတရားကြီးသည် အယူဝါဒရှိရှိသော ရဟန်းတို့နှင့်တကွ အိမ်ယာထောင်သူလူတို့အား အမျိုးမျိုးသော လှူဒါန်း ခြင်းတို့ဖြင့် လှူဒါန်းပူဇော်တော်မူ၏။

သို့သော် ဤသို့လှူဒါန်းခြင်းသည်လည်းကောင်း၊ ပူဇော်ခြင်း သည်လည်းကောင်း၊ အယူဝါဒရှိရှိသမျှတို့၏ အယူဝါဒ အနှစ်သာရကို တိုးတက်ပွားများအောင် ဆောင်ရွက်ရခြင်းထက် ကြီးကျယ်မွန်မြတ် သည် ဟူ၍ သဘောထားတော်မမူချေ။

အယူဝါဒရှိရှိသမျှတို့၏ အယူဝါဒ အနှစ်သာရကို တိုးတက်ပွား များအောင် ဆောင်ရွက်ရန်မှာလည်း နည်းလမ်းများစွာရှိ၏။

ထိုရင်းမူလကား မိမိတို့၏ နှုတ်ကို စောင့်စည်းခြင်းပင်ဖြစ်၍ မသင့်မလျော်သော အခါတို့၌ မိမိတို့၏အယူဝါဒကို ချီးမြှင့်ပြောဆိုခြင်း၊ တစ်ပါးသောအယူဝါဒကို ရှုံ့ချပြောဆိုမပြုခြင်း၊ သို့မဟုတ် မယုတ်မလွန် သင့်ရုံမျှသာ ပြောဆိုခြင်းဖြစ်ပေသည်။

သို့သော် တစ်ပါးသောအယူဝါဒတို့ကိုမူကား အခါခပ်သိမ်း ရိုသေလေးမြတ်ခြင်းရှိစေရမည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအတိုင်း လိုက်နာဆောင်ရွက်သူတို့မှာ မိမိ၏ ဤအယူဝါဒကို ချီးမြှင့်ခြင်းမည်သည့်အပြင် တစ်ပါးသောအယူဝါဒကိုလည်း အကျိုးရှိစေရာရောက်၏။

ဤအတိုင်း မလိုက်နာမဆောင်ရွက်သူတို့ကား မိမိ၏ အယူဝါဒကို ချီးမြှင့်ပြောဆို၍တစ်ပါးသောအယူဝါဒကို ထိခိုက်နစ်နာစေခြင်း မည်သည့်အပြင် တစ်ပါးသောအယူဝါဒကိုလည်း မတော်မတရားပြစ်မှားရာ ရောက်လေသည်။

မိမိ၏ အယူဝါဒကို ချီးမြှင့်ပြောဆို၍ တစ်ပါးသောအယူဝါဒကို ရှုံ့ချပြောဆိုသူသည် မိမိ၏အယူဝါဒကို ကြည်ညိုသောစိတ်ဖြင့် ကြီးကျယ်အောင် ဂုဏ်တင်ပြောဆိုစေကာမူ ဤသို့ ပြောဆိုခြင်းဖြင့် မိမိ၏ အယူ ဝါဒကို များစွာထိခိုက်နစ်နာစေရာ ရောက်လေသည်။

သို့ကြောင့်အမျိုးမျိုးသော အယူဝါဒရှိသူတို့သည် တစ်ဦး၏ အယူ ဝါဒကို တစ်ဦးကနာယူခြင်း၊ ရိုသေခြင်းသည်သာလျှင် ကောင်းကျိုးမည်၏။

မင်းတရားကြီးသည် အမျိုးမျိုးသော အယူဝါဒရှိသူတို့အား အသိပညာနှင့် ပြည့်စုံခြင်း၊ အယူဝါဒဖြူစင်ခြင်း ဖြစ်ကြစေရန်လိုလားတော်မူပေသည်။

မိမိတို့၏ အယူဝါဒကိုသာ စွဲလမ်းယုံကြည်ကြသူတို့သည် ဤသို့ ပြောဆိုကြရာ၏။

မင်းတရားကြီးသည် လှူဒါန်းခြင်း၊ ပူဇော်ခြင်းတို့ကို အယူဝါဒရှိအမျှ၏ အယူဝါဒအနှစ်သာရအတွက် တိုးတက်ပွားများအောင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ရခြင်းထက်၊ ကြီးကျယ်မွန်မြတ်သည်ဟူ၍ မှတ်ယူတော်မမူပေ။

ဤအကျိုးငှာလည်း တရားကြီးကြပ်ရေးအမတ်တို့ကိုလည်းကောင်း၊ မိမိတို့ကို စောင့်ရှောက်အုပ်ချုပ်သူ အမတ်တို့ကိုလည်းကောင်း၊ မြင်းတင်းကုပ်၊ နွားတင်းကုပ်ဆိုင်ရာ စစ်ဆေးအုပ်ချုပ်သူ အရာရှိ တို့ကိုလည်းကောင်း၊ အခြားသောအရာရှိတို့ကို လည်းကောင်း၊ များစွာ သော အရာရှိတို့ကို အမှုတော်ထမ်းရွက်ကြစေလေပြီ။

အကျိုးတရားများကား မိမိ၏ အယူဝါဒကို ချီးမြှင့်ရာရောက်၍ ဓမ္မတရားတော်ကိုလည်း ထွန်းလင်းတောက်ပြောင်စေရာရောက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## သဟာဇာဇဂရုတ်ကျောက်စာ
## အမှတ် (၁၃)

ဒေဝါနံပိယမည်သော မင်းတရားကြီးသည် အဘိသိက်ခံ၍ ၈နှစ်မြောက်သောအခါ ကလိင်္ဂတိုင်းကို တိုက်ခိုက်သိမ်းပိုက်တော်မူပေသည်။

သို့တိုက်ခိုက်သိမ်းပိုက်ရာတွင် တစ်သိန်းငါးသောင်းသောသူတို့မှာ သုံ့ပန်းအဖြစ် ဖမ်းဆီးခြင်းခံရ၍ တစ်သန်းသောသူတို့မှာ သတ်ဖြတ်ခြင်းခံရသည့်အပြင် ထို့ထက်မြောက်များစွာသော သူတို့မှာလည်း သေကျေပျက်စီးခြင်းခံကြရကုန်၏။

ကလိင်္ဂတိုင်းကို တိုက်ခိုက်သိမ်းပိုက်ပြီးသည့်နောက် မင်းတရားကြီးသည် ဓမ္မတရားတော်ကို စိတ်အားထက်သန်စွာ ကြိုးစားအားထုတ်ခြင်း၊ ဓမ္မတရားတော်ကို နှစ်သက်မြတ်နိုးခြင်း၊ ဓမ္မတရားတော်ကို လူတို့အား သွန်သင်ဆုံးမခြင်း ပြုလာတော်မူခဲ့၏။

ဤသည်ကားကလိင်္ဂတိုင်းကို တိုက်ခိုက်သိမ်းပိုက်မိခြင်းကြောင့် မင်းတရားကြီး၌ဖြစ်ပေါ်လာရသော နောင်တတရားပေတည်း။

ကလင်္ဂတိုင်းကို တိုက်ခိုက်သိမ်းပိုက်ရာ၌ ထိုကလိင်္ဂတိုင်းရှိ လူတို့မှာ သတ်ဖြတ်ခြင်း၊ သေကျေပျက်စီးခြင်း၊ သုံ့ပန်းအဖြစ် ဖမ်းဆီး

www.burmeseclassic.com

www.burmeseclassic.com



ခြင်း ခံကြရပေရာ ဤသို့ ခံကြရသည်ကို မင်းတရားကြီးသည် စိတ်မချမ်းမသာ ဝမ်းနည်းဖွယ်ရာ ဖြစ်ပါပေသည်ဟူ၍ မှတ်ယူတော်မူ၏။

ထို့ထက် ကလိင်္ဂတိုင်း၌ ရှိကြကုန်သော ရဟန်းပုဏ္ဏားမှစ၍ အခြားသော အယူဝါဒရှိသူနှင့် အိမ်ယာထောင်သူ လူတို့အနက် လူကြီးသူမတို့ကို ရိုသေသောသူ၊ မိဘတို့၏ စကားကို နားထောင်သောသူ၊ ဆရာသမားတို့၏ ဆိုဆုံးမကို နာယူသောသူ၊ မိတ်ဆွေခင်ပွန်း အပေါင်းအသင်း ဆွေမျိုးညာတကာမှစ၍ ကျေးကျွန်အစေခံတို့ကိုပါ ကောင်းစွာပြုမူဆောင်ရွက်သော သူတို့ပါရှိလေရာ ၎င်းတို့မှာလည်း ထိုနည်းအတူ ထိခိုက်နစ်နာခြင်း၊ သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်းခံကြရသည်ကို မင်းတရားကြီးသည်တိုး၍ ဝမ်းနည်းဖွယ်ရာဖြစ်ပါပေတကားဟူ၍ မှတ်ယူတော်မူလေသည်။

ထိုမှတစ်ပါး မိတ်ဆွေခင်ပွန်း၊ အပေါင်းအသင်း၊ ဆွေမျိုးညာတကာမှစ၍ ရှိကြသူတို့သည် ထိုထိုမိတ်ဆွေ ခင်ပွန်းအပေါင်းအသင်း၊ ဆွေမျိုးညာတကာတို့၌ ဆိုခဲ့သောကံကြမ္မာနှင့် ကြုံကြိုက်ကြသည်တွင် မိမိတို့ကိုယ်တိုင် တွေ့ဆုံကြုံကြိုက်ဘိသကဲ့သို့ ဖြစ်ကြကုန်လေရာ ဤသို့ ဖြစ်ကြရသည်ကိုလည်း မင်းတရားကြီးသည်တိုး၍ ဝမ်းနည်းဖွယ်ရာ ဖြစ်ပါပေတကားဟူ၍ မှတ်ယူတော်မူလေသည်။

ဤသို့သော ဘေးဒုက္ခတွင် လူတိုင်းပါဝင်ခံစားရသည့်အတိုင်း မင်းတရားကြီးသည် ဝမ်းနည်းဖွယ်ရာဖြစ်ပါပေတကားဟူ၍ မှတ်ယူတော်မူ၏။

အယူဝါဒတစ်ခုတစ်ခုကို ယုံကြည်စွဲလမ်းသူတို့ မနေမထိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြသောတိုင်းပြည်ဒေသဟူ၍ မရှိပေ။

သို့ကြောင့် ကလိင်္ဂတိုင်းကို တိုက်ခိုက်သိမ်းပိုက်ရာတွင် သတ်ဖြတ်ခြင်း၊ သေကျေပျက်စီးခြင်း၊ ဖမ်းဆီးခြင်းခံရသူအပေါင်းတို့ကို မဆိုထားဘိ၊ ထိုလူအပေါင်းတို့၏ အပုံတစ်ရာပုံ၍ တစ်ပုံမျှသော လူတို့ အဖို့ပင်လျှင်းကောင်း၊ အပုံတစ်ထောင်ပုံ၍ တစ်ပုံမျှသော လူတို့ အဖို့ပင် လည်းကောင်း၊ မင်းတရားကြီးသည် ကြီးစွာသော ဝမ်းနည်း ဖွယ်ရာ ဖြစ်ပါပေတကားဟူ၍ မှတ်ယူတော်မူလေသည်။

မင်းတရားကြီးသည် မိမိအား တစ်စုံတစ်ယောက်သောသူ က မတော်မတရားပြစ်မှားစေကာမူ ထိုသို့ ပြစ်မှားခြင်းမှာ အပြစ် ချမ်းသာခွင့်ပေးနိုင်သည်ဆိုက အပြစ်ချမ်းသာခွင့်ပေးမည်ဟူသော သဘောထားတော်မူ၏။

စိုးပိုင်ရာနိုင်ငံတော်အပါအဝင်ဖြစ်သော တောတောင်တို့၌ နေထိုင်ကြကုန်သူတို့ကိုလည်း မင်းတရားကြီးသည် အေးငြိမ်းချမ်းသာ အောင် ပြုမူဆောင်ရွက်တော်မူ၏။

ထိုသူတို့အား ကျူးလွန်သောအပြစ်မှ ရှက်ကြောက်ခြင်း ဖြစ်လာစေခြင်းငှာလည်း မင်းတရားကြီး၌ နှိပ်ကွပ်နိုင်သောတန်ခိုး အာဏာရှိတော်မူကြောင်းကို သိနားလည်လောက်အောင် ထုတ်ဖော် ပြန်ကြားစေတော်မူ၏။

မင်းတရားကြီးသည် လူခပ်သိမ်းတို့အပေါ် နာကျင်ခြင်းမပြု လိုသောသဘော၊ မိမိ၏စိတ်ကို ချုပ်တည်းလိုသောသဘော၊ သမာသမ မျှတတရားခြင်းဖြစ်စေလိုသော သဘောထားရှိတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ပြုလုပ်အောင်မြင်ခြင်းသည်သာလျှင် ဓမ္မတရားဖြင့် အောင်မြင်ခြင်းမည်ပေသည်ဟု မင်းတရားကြီးသည် နှလုံးပိုက်တော်မူ၏။

ဤသို့အောင်မြင်ခြင်းကိုလည်း မင်းတရားကြီးသည် ဤနိုင်ငံတော်နှင့်တကွ တိုင်းစွန်နယ်ဖျားနေ လူအပေါင်းတို့အထဲတွင်လည်းကောင်း၊ နိုင်ငံတော်မှ ယူဇနာပေါင်း ခြောက်ရာဝေးကွာသော အန္တိယောဂအမည်ရှိ ဂရိတ်ဘုရင်နှင့်တကွ တုလမယ်အမည်ရှိ ဂရိတ်ဘုရင်၊ အန္တိကာအမည်ရှိ ဂရိတ်ဘုရင်၊ မဂါအမည်ရှိ ဂရိတ်ဘုရင် အလိကာသုဒရ အမည်ရှိဂရိတ်ဘုရင်၊ လေးဦးတို့ပိုင် တိုင်းနိုင်ငံတို့အပြင် နိုင်ငံတော်၏ တောင်ဘက်ရှိ စောဠတိုင်း၊ ပဏ္ဍယတိုင်း၊ တမ္ဗပဏ္ဏိတိုင်းစသော တိုင်းပြည်တို့သို့တိုင်အောင်လည်းကောင်း အထပ်ထပ်အောင်မြင်ခြင်းဖြစ် တော် မူလေပြီ။

နိုင်ငံတော်အတွင်းနှင့်တကွ ယောနကတိုင်း ကမ္ဗောဇတိုင်း ဘောဇတိုင်း၊ ပိတိနက်တိုင်းတို့၌လည်းကောင်း အန္ဓတိုင်း၊ ပုလိဒတိုင်းတို့၌လည်းကောင်း၊ မင်းတရားကြီး၏ ဓမ္မတရားတော် ဩဝါဒတို့ကို လိုက်နာကျင့်ဆောင်ကြကုန်၏။

ထိုမှတစ်ပါး မင်းတရားကြီး၏ သံတမန်များ ခန့်ထားစေလွှတ် ခြင်းမရှိသော တိုင်းနိုင်ငံတို့၌လည်း မင်းတရားကြီး၏ ဓမ္မတရားတော် ဩဝါဒတို့ကို ကြားနာကြသည့်အတိုင်း လိုက်နာကျင့်ဆောင်ကြကုန်၏။

ဤသို့ တိုင်းနိုင်ငံအပေါင်းတို့၌ အောင်မြင်ခြင်းသည် စိတ်နှလုံး

www.burmeseclassic.com

www.burmeseclassic.com



တွင် နှစ်သက်ခြင်းပီတိဖြစ်စေလေသည်။

သို့သော် ဤသို့ စိတ်နှလုံးပီတိဖြစ်ခြင်းမှာကား စင်စစ်အား ဖြင့် နည်းပါးသော အကျိုးတရားမျှသာဖြစ်ပေသေး၏။

မင်းတရားကြီးသည် နောင်တမလွန်ဘဝ၌ ခံစားရရှိသည့် အကျိုးကိုသာလျှင် ကြီးကျယ်မွန်မြတ်ပေသည်ဟူ၍ မှတ်ယူ တော်မူလေသည်။

သို့ကြောင့် ဤဓမ္မတရားတော်ကျောက်စာကို သားတော် အစဉ် မြေးတော်အဆက်၊ မြစ်တော်အဆွန့်တို့သည် နောက်ထပ် တိုင်းနိုင်ငံတို့ကို တိုက်ခိုက်အောင်မြင်ရန် သဘောမထားကြသည့်အပြင် အကယ်၍ တိုက်ခိုက်လိုစေကာမူလည်း သနားကြင်နာခြင်း၊ နည်းပါးသော ဒဏ်ဒုက္ခမျှသာဖြစ်စေခြင်းဖြင့် ရောင့်ရဲစောင်းတိမ် ကြလျက်၊ ဓမ္မတရားဖြင့် အောင်မြင်ခြင်းသည်သာ မှန်ကန်သည့် အောင်မြင်ခြင်းဖြစ်သည်ဟူ၍ မှတ်ယူကြစေခြင်းအလို့ငှာ ရေးထိုးစေ တော်မူ၏။

ဤဓမ္မတရားဖြင့် အောင်မြင်ခြင်းသည်သာလျှင် ဤပစ္စုပ္ပန် ဘဝနှင့် နောင်တမလွန်ဘဝပါ ကောင်းကျိုးချမ်းသာကို ဖြစ်ထွန်းစေနိုင် လေသည်။

သို့ကြောင့် သားတော်အစဉ် မြေးတော်အဆက် မြစ်တော် အဆွန့်တို့သည် အခြားအားလုံးကုန်သော လိုလားချက်တို့ကို စွန့်ပစ် ကြ၍ ဓမ္မတရားကျင့်ဆောင်ခြင်း၌သာလျှင် နှစ်သက်ပျော်မွေ့ခြင်း ဖြစ် ကြစေကုန်။

www.burmeseclassic.com

www.burmeseclassic.com



# ဝိရနာရကျောက်စာ
## အမှတ် (၁၄)

ဤမြတ်စွာဘုရားတော် ကျောက်စာတို့ကို၊ ဒေဝါနံပိယမည်သော မင်းတရားကြီးသည် အကျဉ်းအားဖြင့်ရင်း၊ အကျယ်အားဖြင့်ရင်း၊ မကျဉ်း မကျယ်၊ အလယ်အလတ်အားဖြင့်ရင်း၊ ရေးထိုးစေတော်မူ -လေသည်။

ကျောက်စာတော်အားလုံးတို့ကား၊ အရပ်ဒေသတိုင်းနှင့်သင့် လျော်ခြင်းမရှိချေ။

ငါ၏ စိုးပိုင်ရာနိုင်ငံတော်သည်၊ အလွန်ကျယ်ဝန်းကြီးမား သည့်အတိုင်း၊ များစွာသော ကျောက်စာတို့ကို ရေးထိုးစေတော်မူ လေပြီ၊ နောက်ထပ်၍လည်း၊ ရေးထိုးစေတော်မူ ဦးမည်ဖြစ်၏။

အချို့သော ကျောက်စာတို့တွင် အလွန်နှစ်သက်ဖွယ်ကောင်း သောအချက်တို့ပါရှိသည်ဖြစ်ခြင်းကြောင့်၊ ထိုအချက်အလက်တို့ကို လူ တို့လိုက်နာကျင့်ဆောင်ကြစေခြင်းငှာ အထပ်ထပ်အခါခါမြွတ်ကြွေး လျက် ရေးထိုးထားစေတော်မူလေသည်။

သို့သော် ထိုကျောက်စာအချို့တို့မှာ နေရာဒေသကိုလိုက်၍ သော်ရင်း၊ သို့မဟုတ် နှုတ်ပယ်သင့်သော အကြောင်းရှိ၍သော်ရင်း၊

www.burmeseclassic.com

www.burmeseclassic.com



(သို့မဟုတ်) ရေးထိုးသူများယွင်း၍ သော်ရင်း၊ ပြည့်စုံမှန်ကန်စွာ ရေးထိုးထားခြင်းရှိပေလိမ့်မည် မဟုတ်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ကျောက်တိုင် ခုနှစ်လုံး
## အမှတ် (၁)

ဒေဝါနံပိယ- ပိယဒဿီ၊ ဘွဲ့တော်ရှိသော၊ မင်းတရားကြီးသည် ဤသို့မိန့်တော်မူ၏။

ဤဓမ္မတရားတော်-ကျောက်စာကို အဘိသိက်ခံ၍ ၂၆ကြိမ်မြောက်သောအခါ ရေးထိုးစေတော်မူလေသည်။

ပစ္စုပ္ပန်ဘဝနှင့်နောင်တမလွန်ဘဝတို့၏ ကောင်းကြိုးချမ်းသာသည်သည်မှာ ဓမ္မတရားတော်ကို အလွန်းအမင်းနှစ်သက်မြတ်နိုးခြင်းနှင့်တင်း၍လည်းကောင်း၊ အပြစ်ဒုစရိုက်များကို များစွာကြောက်ရွံ့ထိတ်လန့်ခြင်းနှင့်ကင်း၍လည်းကောင်း၊ ဓမ္မတရားတော်ကို အားသွန်ကြိုးပမ်းလိုသောစိတ်နှင့်ကင်း၍ လည်းကောင်း၊ ရရှိနိုင်ရန်ခဲယဉ်းလှပေသည်။

သို့သော် ငါ၏သွန်သင်ဆုံးမ ညွှန်ကြားချက်ဒဏ်တို့ဖြင့်ဓမ္မတရားတော်ကို အလေးဂရုပြုခြင်း နှစ်သက်မြတ်နိုးခြင်းတို့သည် တနေ့တခြားတိုးတက်ပွားများလာပေလိမ့်မည်။ နောင်ကိုလည်းထိုထက် တိုးတက်ပွားများလာပေဦးမည် ဖြစ်သတည်း။

ငါ၏ကိုယ်စား ခန့်ထားသူအရာရှိကြီးငယ်တို့သည်လည်း ဓမ္မတရားတော်ကို လိုက်နာကျင့်ဆောင်ကြသည့်အတိုင်း လူတို့ကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ထိုနည်းအတူ ပြုမူ ကျင့်ဆောင်ကြစေခြင်းငှာ တိုက်တွန်းနှိုးဆော်ကြပေလတ္တံ့။

နယ်ခြား တိုင်းနိုင်ငံတို့ရှိ အမတ်ကြီးတို့လည်း ထိုနည်းအတူ လုပ်ကိုင်ဆောင်ရွက်ကြပေလတ္တံ့။

ထိုထိုအမတ်ကြီးတို့အား ဆင့်ဆိုထားသော အမိန့်သြဝါဒတို့မှာကား လူတို့အား ဓမ္မတရားတော်နှင့်အညီ စောင့်ရှောက်ကြရန်လည်းကောင်း၊ ဓမ္မတရားတော်နှင့်အညီ စီမံခန့်ခွဲကြရန်လည်းကောင်း၊ ဓမ္မတရားတော်နှင့်အညီ နှစ်သိမ့်ချမ်းသာအောင် ပြုလုပ်ကြရန်လည်းကောင်း၊ ဓမ္မတရားတော်နှင့်အညီ နှုတ်စောင့်စည်းကြရန်လည်းကောင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အမှတ် (၂)

ဒေဝါနံပိယ ပိယဒဿီဘွဲ့တော်ရှိသော မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူ၏။

ဓမ္မတရားတော်ကို လိုက်နာကျင့်ဆောင်ခြင်းသည် ကောင်းကျိုးမည်၏။ သို့သော် ဓမ္မတရားတော်တို့တွင် အဘယ်အရာများ ပါဝင်ကြပေသနည်း။

ဓမ္မတရားတော်တို့တွင် မကောင်းမှုကင်း၍ များစွာသော ကောင်းမှုတို့သည်လည်းကောင်း၊ သနားကရုဏာတို့သည် လည်းကောင်း၊ ရက်ရောစွာ လှူဒါန်းပေးကမ်းခြင်းတို့သည် လည်းကောင်း၊ မှန်ကန်စွာ ပြောဆိုပြုလုပ်ခြင်းတို့သည်လည်းကောင်း၊ ကိုယ်စိတ်နှလုံးဖြူစင်ခြင်းတို့သည်လည်းကောင်း ပါဝင်ကြကုန်၏။

ငါသည် ဘာသာဝါဒနှင့် စပ်ဆိုင်သော အသိအမြင်တို့ကို လည်း များစွာသော နည်းလမ်းတို့ဖြင့် ပေးကမ်းဆောင်ကြဉ်းတော်မူခဲ့လေပြီ။

အခြေနှစ်ချောင်း အခြေလေးချောင်းရှိ သတ္တဝါ၊ ငှက်သတ္တဝါ၊ ရေတွင်ကျက်စားသောသတ္တဝါ၊ ထိုထိုသတ္တဝါတို့အား အသက်နှင့် ဘကွ ချမ်းသာကြရလေအောင် အမျိုးမျိုးသော အကျိုးကျေးဇူးတို့ကို

www.burmeseclassic.com

www.burmeseclassic.com



ငါသည် ဆောင်ကြဉ်းပြုလုပ်တော်မူခဲ့လေပြီ။

အခြားများစွာသော ကောင်းမှုကုသိုလ်တို့ကိုလည်း ငါသည် ပြုလုပ်တော်မူခဲ့လေပြီ။

သို့ကြောင့် ဤဓမ္မတရားတော်ကျောက်စာကို လူတို့သည် လိုက်နာကျင့်ဆောင်ကြစေရန်လည်းကောင်း ဤဓမ္မတရားတော် ကျောက်စာသည် အခွန့်ရှည်ကြာ မြဲမြံစွာတည်ရှိစေရန်လည်းကောင်း ရေးထိုးစေတော်မူ၏။

ဤအတိုင်း လိုက်နာကျင့်ဆောင်သူတို့သည် ကောင်းသော အမှုကို ပြုသည်မည်ပေလိမ့်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ် (၃)

ဒေဝါနံပိယပိယဒဿီဘွဲ့တော်ရှိသော မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူ၏။

လူတို့သည် မိမိတို့၏ ကောင်းမှုကိုသာ ရှုမြင်၍ ငါတို့တား ကောင်းမှုကိုပြုခဲ့လေပြီဟု အောက်မေ့တတ်ကြကုန်၏။

သို့သော် လူတို့သည် မိမိတို့၏ မကောင်းမှုကိုမူ မရှုမြင်ဘဲ ငါတို့ကား မကောင်းမှုကိုပြုခဲ့ချေပြီ။ ဤသို့မကောင်းမှုပြုခြင်းသည် အပြစ်ပါပေတကားဟူ၍ သဘောမထားတတ်ကြကုန်။

ဤသို့ ထိုးထွင်းသိမြင်နိုင်ရန်လည်း ခဲယဉ်းလှပေသတည်း။ သို့သော် ထိုးထွင်းသိမြင်သင့်ကြကုန်၏။

ကြမ်းကြုတ်ခြင်း၊ ရက်စက်ခြင်း၊ ဒေါသထွက်ခြင်း၊ မာန ဆောက်ခြင်း၊ ငြူစူခြင်းစသော ဤစိတ်သဘောတို့မှာ အပြစ်ဒုစရိုက် ဖြစ်ချေသည်။ ဤသို့သော စိတ်သဘောထားတို့ဖြင့် ငါ၏ကိုယ်ကို ပျက်စီးဆုံးရှုံးခြင်း မဖြစ်စေအံ့။

အောက်ပါအချက်တို့ကို အရေးသဖြင့် သိမြင်သင့်ကြကုန်၏။

ဤသို့ ပြုမူခြင်းကား ငါတို့အား ဤပစ္စုပ္ပန်ဘဝ၌ ချမ်းသာသုခ ဖြစ်စေရာ၏။ ဤသို့ ပြုမူခြင်းကား နောင်တမလွန်ဘဝ၌ ချမ်းသာသုခ ဖြစ်စေရာ၏။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ် (၄)

ဒေဝါနံပိယ ပိယဒဿီ ဘုရင့်တော်ချီသော မင်းတရားကြီးသည် ဤသို့မိန့်ဆိုတော်မူ၏။

ဤဓမ္မတရားတော် ကျောက်စာကို အဘိသိက်ခံ၍ ၂၆နှစ် မြောက်သောအခါ ရေးထိုးစေတော်မူလေသည်။

ငါ၏ "ရာဇုက"ခေါ် အရာရှိတို့သည် သိန်းပေါင်းများစွာသော သူတို့အား စီရင်အုပ်ချုပ်ကြကုန်၏။

ထိုအရာရှိတို့အား မိမိတို့သဘောအတိုင်း ဆုလာဘ်ပေးခြင်း လည်းကောင်း၊ ပြစ်ဒဏ်ပေးခြင်းလည်းကောင်း၊ ပြုလုပ်နိုင်ကြစေရန် လွှဲအပ်ထားတော်မူ၏။ ဤသို့ လွှဲအပ်ထားခြင်းမှာလည်း ထိုအရာရှိတို့ သည် မိမိတို့၏ အလုပ်ဝတ္တရားကို စိတ်ချလက်ချ စိုးရိမ်ကြောင့်ကြ ကင်းမဲ့စွာဖြင့် လုပ်ကိုင်ထမ်းရွက်နိုင်စေခြင်းငှာလည်းကောင်း၊ တိုင်းသူ ပြည်သားတို့၏ ကြီးပွားချမ်းသာကို စီမံဆောင်ရွက်နိုင်စေခြင်းငှာလည်း ကောင်း၊ တိုင်းသူပြည်သားတို့အား အကျိုးစီးပွားဖြစ်ထွန်းအောင် သည်ပိုး ဆောင်ကြဉ်းနိုင်စေခြင်းငှာလည်းကောင်း ဖြစ်ပေသည်။

ထိုအရာရှိတို့သည် အဘယ်အရာကား ချမ်းသာစေနိုင်သည်၊ အဘယ်အရာကား မချမ်းသာစေနိုင်သည်ကို သိနားလည်ကြပြီးသော် တိုင်းသူပြည်သားတို့အား ဤပဉ္စုပ္ပန်ဘဝနှင့် နောင်တမလွန်ဘဝ၌

www.burmeseclassic.com

www.burmeseclassic.com



ကောင်းချီးချမ်းသာ ရရှိစေခြင်းငှာ ဓမ္မတရားတော်ကို ကျင့်ဆောင်သူတို့မှတစ်ဆင့် တိုက်တွန်းနှိုးဆော်ကြစေကုန်။

ထိုအရာရှိတို့သည် ငါမင်းတရားကြီး၏ အမိန့်ဩဝါဒကို ရိုသေစွာ လိုက်နာကြစေကုန်။

ငါ၏ အလိုဆန္ဒကို သိကြကုန်သော "ပုရုသ" ခေါ် ကိုယ်စား ခန့်ထားသူ အရာရှိတို့၏ အမိန့်ဩဝါဒကိုလည်း ရိုသေစွာ လိုက်နာကြ စေကုန်။

ဤကိုယ်စားခန့်ထားသူ အရာရှိသည်လည်း "ရာဇုက" ခေါ် အရာရှိတို့က ငါ့အား နှစ်သက်ချမ်းသာအောင် ပြုနိုင်စေခြင်းငှာ တိုင်းသူပြည်သားတို့အား တိုက်တွန်းနှိုးဆော်ကြစေကုန်။

သားငယ်ကို သိမ်မွေ့သိတတ်သောနို့ထိမ်းထံ အပ်နှံထားသည့် အခါ ထိုနို့ထိမ်းသည် ငါ၏ သားငယ်ကို ကောင်းစွာ စောင့်ရှောက် ပြုစုနိုင်လိမ့်မည်ဟု ယုံကြည်စိတ်ချသကဲ့သို့ ငါသည်လည်း တိုင်းသူပြည်သားတို့အား ကြီးပွားချမ်းသာအောင် လုပ်ကိုင်ဆောင်ရွက်ကြစေရန် "ရာဇုက" ခေါ် အရာရှိတို့သို့ လွှဲအပ်ထားတော်မူ၏။

ထိုအရာရှိတို့သည် မိမိတို့၏ အလုပ်ဝတ္တရားတို့ စိတ်ချလက်ချ မကြောက်မရွံ့ အနှောင့်အယှက်ကင်းစွာဖြင့် ဆောင်ရွက်နိုင်ကြစေခြင်းငှာ အပြစ်ချမ်းသာပေးနိုင်ခွင့် အပြစ်စီရင်ချမှတ်နိုင်ခွင့်တည်းဟူသော အခွင့်အာဏာနှစ်ရပ်စလုံးကို သဘောအတိုင်း အသုံးပြုနိုင်စေရန် ထိုအရာရှိတို့အား လွှဲအပ်ထားတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



တရားရောဇဝတ်စီရင်ဆုံးဖြတ်ရာ၌ ဂတိမလိုက်မစား တရားသဖြင့် ဖြစ်စေရန်လည်းကောင်း၊ အပြစ်ဒဏ်စီရင်ချမှတ်ရာ၌ ဂတိ မလိုက်မစား တရားသဖြင့် ဖြစ်စေရန်လည်းကောင်း အလိုရှိအပ်၏။

၎င်း၏ အဓိပ္ပါယ်တော်သည်ကား သေဒဏ်ကျခံစေဟု အပြစ်ပေး စီရင်ထားသူကိုပင် စီရင်ခြင်းမပြုသေးဘဲ သုံးရက်တိုင် ဆိုင်းငံ့ထားနိုင် ခွင့်ပြုရန်ဖြစ်၏။

ဤနည်းအားဖြင့် ထိုသူတို့၏ အသက်ကို ချမ်းသာစေရန် ဆွေမျိုးတော်စပ်သူတို့က အရာရှိတို့ထံ လျှောက်ကြားပြောဆိုနိုင်ကြ ကုန်၏။ အကယ်၍ လျှောက်ကြားပြောဆိုမည့် ဆွေမျိုးတို့ မရှိဖြစ်စေ ကာမူ ထိုသူမှာ သေသည်၏ အခြားမဲ့ နောက်တမလွန်ဘဝ၌ ကောင်းရာ သုဂတိ (သို့) ရောက်စေခြင်းငှာ ထိုခွင့်ပြုသော သုံးရက် အတွင်း အလှူဒါနပေးခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း စသဖြင့် ပြုလုပ်နိုင်လေသည်။

၎င်း၏ အလိုဆန္ဒသည်ကား သေဒဏ်မှ ဆိုင်းငံ့သော နေ့ရက် စေ့ကုန်စေကာမူ ထိုသူမှာ ပြစ်ဒဏ်အတိုင်း စီရင်ခြင်းခံရသည့် နောက် နောင်တမလွန်ဘဝ၌ ကောင်းကျိုးချမ်းသာကို ရရှိစေနိုင်ရန် ဖြစ်၏။

ဤနည်းအားဖြင့် လူတို့အား ဓမ္မတရားကျင့်ရေး ကိုယ့်ကိုယ် ကို စောင့်စည်းရေး အလှူဒါနပေးကမ်းရေးစသည်များ တိုးပွားများ ပြားခြင်းသည် ဖြစ်စေနိုင်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



အမှတ် (၅)

ဓေဝါနံပိယ ပိယဒဿီဘွဲ့တော်ရှိသော မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူ၏။

ငါသည့် အဘိသိက်ခံ၍ ၂၆နှစ်မြောက်သောအခါ အောက်ပါ ကျေးငှက်သတ္တဝါတို့အား မဖျက်မဆီးစေရဟု တားမြစ်ပိတ်ပင်တော်မူ၏။ ထိုကျေးငှက်သတ္တဝါတို့သည်ကား ။ ။ ကြက်တူရွေး၊ သာလိကာ၊ တသ်ာ၊ ငန်း၊ လင်းနို့၊ လင်းဆွဲ၊ ရေလိပ်၊ ကုန်းလိပ်၊ အရိုးမရှိသည့်ငါးတစ်မျိုး၊ ငါးလင်ပန်း၊ ဖြူ၊ ရှဉ့်၊ သမင်၊ ဒရယ်၊ ဆတ်၊ သေးမဲ့နွား၊ ဖွတ်၊ ကြံ့၊ ချိုး၊ ခို၊ အသုံးမဝင်စားကောင်းသော အတောင်လည်းမဟုတ်သော ခြေလေးချောင်းရှိ တိရစ္ဆာန်အမျိုးမျိုးတို့ ဖြစ်ကြကုန်၏။

ကိုယ်ဝန်ရှိသော သို့မဟုတ် နို့စို့သားငယ်ရှိသော ဆိတ်မ၊ သိုးမ၊ ဝက်မတို့နှင့်တကွ ၎င်း၏ သားငယ်များပါ ခြောက်လသား အရွယ်ရောက်မချင်း မဖျက်မဆီးစေရ။

ကြက်ဖတို့ကိုလည်း သင်းခြင်း၊ ကွပ်ခြင်းမရှိစေရ။

ပိုးမွှားစသော သက်ရှိသတ္တဝါများဝင်နေသော ပေါင်းခွံ ဖွဲစသည် တို့ကိုလည်း မီးရှို့ခြင်းမပြုစေရ။

တောတောင်ချုံပုတ်တို့ကိုလည်း အကျိုးမဲ့သော်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း (သို့မဟုတ်) ထိုတောတောင်ချုံပုတ်ထဲရှိ သတ္တဝါများ သေကျေပျက်စီး ကုန်အောင်သော်လည်းကောင်း၊ တောမီးရှို့ခြင်း မပြုစေရ။

သက်ရှိသတ္တဝါတစ်ခုကို အခြားသက်ရှိ သတ္တဝါတစ်ခုဖြင့် အစာကျွေး၍ မွေးမြူခြင်းမရှိစေရ။

ငါးများကို ဖမ်းဆီးသတ်ဖြတ်ခြင်းမရှိစေရ။ ဖနွကြီးရက်ကြီး ဥပုသ်သီတင်းနေ့တို့၌လည်း ရောင်းချခြင်း မရှိစေရ။

ဆိုခဲ့သော နေ့ရက်တို့၌ ဆင်များထားရာ ဥယျာဉ်နှင့် တံငါတို့ ၏ အင်းအိုင်ချောင်းမြောင်းများရှိ အခြားသော သားငါးတိရစ္ဆာန်အထီး တို့ကိုလည်း သင်းခြင်းကွပ်ခြင်း မရှိစေရ။

ဆိုခဲ့သော နေ့ရက်တို့၌ မြင်းများ၊ နွားများကိုလည်း သံပူနှင့် ကပ်၍ အမှတ်အသားလုပ်ခြင်းမရှိစေရ။

ငါသည် အဘိသိက်ခံ၍ ၂၆နှစ်မြောက်အတွင်း အကျဉ်းသား တို့အား အကျဉ်းထောင်မှ လွှတ်စေခဲ့သည်မှာလည်း ၂၅ ကြိမ်တိုင်ရှိ လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ် (၆)

ဒေဝါနံပိယ ပိယဒဿိ ဘွဲ့တော်ရှိသော မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူ၏။

ငါသည် အဘိသိက်ခံ၍ ၁၂နှစ်မြောက်သောအခါ ဓမ္မတရားတော် ကျောက်စာတို့ကို လူတို့၌ ကြီးပွားချမ်းသာ ဖြစ်လာကြစေရန် လည်းကောင်း၊ ဓမ္မတရားတော်ကို တိုးတက်ကျင့်ဆောင်လာကြစေရန် လည်းကောင်း ရေးထိုးစေတော်မူ၏။

ငါ၏ တိုင်းနိုင်ငံရှိ လူခပ်သိမ်းတို့သည် မိမိတို့၏ အလေ့အကျင့်ဆောင်းတို့ကို စွန့်ပယ်ကြစေရမည်။

ဤသို့အားဖြင့် လူတို့၏ ကြီးပွားချမ်းသာရေးသည် ရှေ့ဆိုလာသည် ဖြစ်ပေသတည်း။

ငါသည် ငါ၏ ဆွေတော်မျိုးတော်တို့သာမဟုတ် သွေးနီးတော်စပ်၏ ဆွေမျိုးညာတကာတို့ကိုပါ ချမ်းသာသုခသို့ ပို့ဆောင်နိုင်စေခြင်းငှာ လည်းကောင်း၊ ချမ်းသာသုခသို့ရောက်အောင် သွန်သင်ဆုံးမနိုင်စေခြင်းငှာလည်းကောင်း အလေးဂရုပြုတော်မူ၏။

ထိုနည်းအတူ လူအမျိုးမျိုးအတွက်လည်း အလေးဂရုပြုတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးသော အယူဝါဒရှိသူတို့ကိုလည်း အမျိုးမျိုးသော ပူဇော်ခြင်းတို့ဖြင့် ပူဇော်တော်မူ၏။

သို့သော် ငါသည် နိုင်ငံတော်အတွင်း နေထိုင်ကြကုန်သော လူတို့၏ အခြေအနေကို ကိုယ်တိုင်တိုင်းခန်းလှည့်လည်၍ သွားရောက်ကြည့်ရှုရန်မှာ ငါ၏ အကြီးဆုံးသောတာဝန်ဟူ၍ မှတ်ယူတော်မူ၏။

ငါသည် အဘိသိက်ခံ၍ ၂၆နှစ်မြောက်သောအခါ ဤဓမ္မတရားတော်ကျောက်စာကို ရေးထိုးစေတော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှတ် (၇)

ဒေဝါနံပိယ ပိယဒဿီဘွဲ့တော်ရှိသော မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူ၏။

ရှေးက ဘုရင်မင်းမြတ်တို့သည် "လူတို့ကား ဓမ္မတရားနှင့် အညီ အဘယ်ကဲ့သို့ ကြီးပွားလာနိုင်ပါအံ့နည်း" ဟု လိုလား တောင့်တ တော်မူခဲ့ကြကုန်၏။ သို့သော် လူတို့မှာ ဓမ္မတရားနှင့်အညီ ထိုက်သင့် အောင် ကြီးပွားခြင်းမရှိကြချေ။ ဤအရေးနှင့်စပ်၍ မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူပြန်၏။

ငါသည် ဤသို့ အမှတ်ရလာတော်မူ၏။ ရှေးက ဘုရင်မင်း မြတ်တို့သည် လူတို့အား ဓမ္မတရားနှင့်အညီ ထိုက်သင့်အောင် ကြီးပွား ကြစေရန် လိုလားတော်မူခဲ့၏။ သို့သော် လူတို့ကား ဓမ္မတရားနှင့်အညီ ထိုက်သင့်အောင်ကြီးပွားခြင်းမရှိခဲ့ကြကုန်။

သို့ကြောင့် လူတို့အား ဓမ္မတရားတော်ကို လိုက်နာ ကျင့်သုံးလာစေကြရန် အဘယ်ကဲ့သို့ ပြုရပေမည်နည်း။ လူတို့သည် ဓမ္မတရားနှင့် အညီ ထိုက်သင့်အောင် အဘယ်ကဲ့သို့ ကြီးပွားလာ ကြပေမည်နည်း။ ငါသည် လူတို့အား ဓမ္မတရားနှင့်အညီ ကြီးပွားလာ အောင် အဘယ်ကဲ့သို့ မြှင့်တင်တော်မူရပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ဤအရေးနှင့်စပ်၍ မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူပြန်၏။ ငါသည် ဤသို့ အမှတ်ရလာတော်မူ၏။ ဓမ္မတရားတော်ဩဝါဒတို့ကို ငါထုတ်ပြန်တော်မူပေအံ့။ ဓမ္မတရားတော် အဆုံးအမတို့ကို ငါပေးတော်မူပေအံ့။ လူတို့သည် ကြားနာကြသည်ရှိသော် လိုက်နာကျင့်ဆောင်လာကြပေလတ့်။ ထိုအခါ ဓမ္မတရားနှင့်အညီ ကြီးပွားလာကြပေလတ့်။

သို့ကြောင့် ငါသည် ဓမ္မတရားတော် ဩဝါဒတို့ကို ထုတ်ပြန်တော် မူလေပြီ။ ဓမ္မတရားတော် အဆုံးအမတို့ကို ပေးတော်မူလေပြီ။

ငါ၏ "ပုရိသ" ခေါ် အရာရှိတို့အား လူပေါင်းများစွာတို့ကို အုပ်ချုပ်ရန် လွှဲအပ်ခန့်ထားတော်မူလေပြီး ထိုအရာရှိတို့သည် ဓမ္မတရားတော်ကို ဟောပြော၍ ပြန့်ပွားခြင်း ဖြစ်စေလတ့်။ "ရာဇုက" ခေါ် အရာရှိတို့ကိုလည်း သိန်းပေါင်းများစွာသော လူတို့အား အုပ်ချုပ်ရန် လွှဲအပ်ခန့်ထားတော်မူလေပြီ။ ထိုအရာရှိတို့ကိုလည်း လူတို့အား ဓမ္မတရားတော်ကို ဟောပြောကြစေရန် ဆင့်ဆိုတော်မူထားလေပြီ။

မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူပြန်၏။

ငါသည် ဤသို့ စဉ်းစားဆင်ခြင်မိသည့်အတိုင်း ဓမ္မတရားတော် ကျောက်တိုင်တို့ကို စိုက်ထူစေတော်မူ၏။ တရားကြီးကြပ်ရေးအမတ်တို့ကို ခန့်ထားတော်မူ၏။ လူတို့အား ဓမ္မတရားဟောပြောခြင်းတို့ကို ကြားနာစေတော်မူ၏။

မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူပြန်၏။



ငါသည် လမ်းကြီးလမ်းငယ်အသွယ်သွယ်တို့တွင် ပညောင်ပင်တို့ကို စိုက်ပျိုးစေတော်မူလေပြီ။ ထိုပညောင်ပင်တို့ကား လူနှင့် တိရစ္ဆာန်တို့အား အရိပ်ဆာယာကို ပေးဆောင်ပေအံ့၊ ငါသည် သရက်ခြံတို့ကို စိုက်ပျိုးလုပ်ကိုင်စေတော်မူလေပြီ။ ငါသည် လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့တွင် ရှစ်ကောသ ရှစ်ကောသအကွာ၌ ရေတွင်းရေကန်တို့ကို တူးဖော်လုပ်ကိုင်စေတော်မူလေပြီ။ လူတို့ အပန်းဖြေနားနေရန် ဇရပ် တန်ဆောင်းတို့ကိုလည်း ဆောက်လုပ်ထားစေတော်မူလေပြီ။ လူနှင့် တိရစ္ဆာန်တို့၏ အကျိုးငှာ များစွာသော ရေချိုးရန် တဲမဏ္ဍပ်တို့ကိုလည်း အမျိုးမျိုးနေရာဌာနတို့၌ ဆောက်လုပ် ထားစေတော်မူလေပြီ။ ဤအရာတို့သည်ကား ရှေးတ ရာဇဝင်မင်းမြတ်တို့လည်း လုပ်ဆောင်ခဲ့သဖြင့် လူတို့မှာ အကျိုးခံစားရခြင်းဖြစ်သည့်အတိုင်း ငါယခုလုပ်ဆောင်တော်မူခြင်းမှာ အရေးမပါလှသည့်ကိစ္စသာလျှင်ဖြစ်ပေသည်။ သို့သော် ငါသည်ကား လူတို့အား ဓမ္မတရားတော်ကို လိုက်နာကျင့်ဆောင်ကြစေရန် ကြီးရွယ်ချက်ဖြင့် လုပ်ဆောင် တော်မူခြင်းပင်ဖြစ်၏။

မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူပြန်၏။

ငါ၏ တရားကြီးကြပ်ရေးအမတ်တို့သည် ရဟန်းတို့နှင့် အိမ်ရာထောင်သူလူတို့အား အကျိုးပြုစေမည့် အလုပ်တို့နှင့် ကို ဆောင်ရွက်ကြလေပြီ။ အမျိုးမျိုးသော အယူဝါဒရှိသူတို့အတွက်လည်း ဆောင်ရွက်ကြလေပြီ။ ထိုတရားကြီးကြပ်ရေးအမတ်တို့သည် သံဃာတော်တို့၏ ကိစ္စအတွက်လည်း ဆောင်ရွက်ကြရန် စီမံထား

www.burmeseclassic.com

www.burmeseclassic.com



ငါသည် လမ်းကြီးလမ်းငယ်အသွယ်သွယ်တို့တွင် ပညောင် ပင်တို့ကို စိုက်ပျိုးစေတော်မူလေပြီ။ ထိုပညောင်ပင်တို့ကား လူနှင့် တိရစ္ဆာန်တို့အား အရိပ်ဆာယာကို ပေးဆောင်ပေအံ့၊ ငါသည် သရက်ခြံတို့ကို စိုက်ပျိုးလုပ်ကိုင်စေတော်မူလေပြီ။ ငါသည် လမ်းကြီး လမ်းငယ် အသွယ်သွယ်တို့တွင် ရှစ်ကောသ ရှစ်ကောသအကွာ၌ ရေတွင်းရေကန်တို့ကို တူးဖော်လုပ်ကိုင်စေတော်မူလေပြီ။ လူတို့ အပန်းဖြေနားနေရန် ဇရပ် တန်ဆောင်းတို့ကိုလည်း ဆောက်လုပ် ထားစေတော်မူလေပြီ။ လူနှင့် တိရစ္ဆာန်တို့၏ အကျိုးငှာ များစွာသော သောက်ရန် တဲမဏ္ဍပ်တို့ကိုလည်း အမျိုးမျိုးနေရာဌာနတို့၌ ဆောက် လုပ် ထားစေတော်မူလေပြီ။ ဤအရာတို့သည်ကား ရှေးက ဘုရင်မင်းမြတ်တို့လည်း လုပ်ဆောင်ခဲ့သဖြင့် လူတို့မှာ အကျိုးခံစား ရပြီးဖြစ်သည့်အတိုင်း ငါယခုလုပ်ဆောင်တော်မူခြင်းမှာ အရေးမပါ အရာမထားလောက်ဖြစ်ပေသည်။ သို့သော် ငါသည်ကား လူတို့အား ဓမ္မတရားတော်ကို လိုက်နာကျင့်ဆောင်ကြစေရန် ကြံရွယ်ချက်ဖြင့် လုပ်ဆောင် တော်မူခြင်းပင်ဖြစ်၏။

နတ်တို့၏ချစ်ခင်အပ်သော ပိယဒဿီ မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူပြန်၏။

ငါ၏ တရားကြီးကြပ်ရေးအမတ်တို့သည် ရဟန်းတို့နှင့် အိမ် ရာထောင်သူလူတို့အား အကျိုးစီးပွားဖြစ်ထွန်းစေမည့် အလုပ်တို့တွင်တို့ ကို ဆောင်ရွက်ကြလေပြီး အမျိုးမျိုးသော အယူဝါဒရှိသူတို့အတွက် လည်း ဆောင်ရွက်ကြလေပြီ။ ထိုတရားကြီးကြပ်ရေးအမတ်တို့သည် သံဃာတော်တို့၏ ကိစ္စအတွက်လည်း ဆောင်ရွက်ကြရန် စီမံထား

www.burmeseclassic.com



တော်မူလေပြီ။ ထိုနည်းအတူ အာဇီဝကဂိုဏ်းသားတို့၏ ကိစ္စအတွက်လည်းကောင်း၊ နိဂဏ္ဌဂိုဏ်းသားတို့၏ ကိစ္စအတွက်လည်းကောင်း၊ အခြား များစွာသော ဂိုဏ်းသားတို့၏ ကိစ္စအတွက်လည်းကောင်း၊ ဆောင်ရွက် ကြစေရန် စီမံထားတော်မူလေပြီ။ ထိုနည်းအတူ အာဇီဝကဂိုဏ်းသား တို့၏ ကိစ္စအတွက်လည်းကောင်း၊ နိဂဏ္ဌဂိုဏ်းသားတို့၏ ကိစ္စအတွက် လည်းကောင်း ဆောင်ရွက်ကြစေရန် စီမံထားတော်မူလေပြီ။ အမျိုးမျိုးသော အမတ်တို့အား အထူးထူးသောကိစ္စနှင့် အထွေထွေသော လူတို့အတွက် ဆောင်ရွက်ကြစေရန် စီမံထားတော်မူလေပြီ။ သို့သော် ငါ၏ တရားကြီးကြပ်ရေးအမတ် တို့ကား ဆိုခဲ့သော ဂိုဏ်းဂဏနှင့် အခြားအား လုံးကုန်သော အယူဝါဒ ရှိသူတို့အတွက် ဆောင်ရွက်ကြရန်ဖြစ်လေသည်။

မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူပြန်၏။

ဆိုခဲ့သော အမတ်တို့နှင့် အခြားများစွာသော အထက်တန်းအရာရှိတို့သည် ငါမင်းတရားကြီးနှင့် မိဖုရားကြီးတို့၏ အလှူဒါနကိုလည်းကောင်း၊ ငါ၏ မိန်းမဆောင်တို့မှ အလှူဒါနကိုလည်းကောင်း ပေးကမ်းလှူဒါန်းခြင်းပြုရန် ထမ်းရွက်နေကြလေပြီ။ ဤပါဋလိပုတ်နေပြည်တော်နှင့်တကွ နိုင်ငံတော်အတွင်း ပြည်နယ်အရပ်ရပ်၌လည်း ထိုနည်းအတူ အမျိုးမျိုးသော ချမ်းသာရေးအတွက် စီမံချက်တို့ကို လုပ်ကိုင်ဆောင်ရွက်နေကြလေပြီ။ ထို့မှတစ်ပါး ငါ၏ ဝီနိုရား သားတော် တို့နှင့်တကွ အခြားသော မင်းမိဖုရား သားတော်တို့၏

www.burmeseclassic.com



အလျှုဒါနကိုလည်း ပေးကမ်းလှူဒါန်းရေးအတွက် ဆောင်ရွက်ကြစေရန် စီမံထားတော်မူလေပြီ။

မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူပြန်၏။

ငါသည် ဓမ္မတရားတော်ကို တိုးတက်ပွားများစေခြင်းငှာလည်းကောင်း၊ ဓမ္မတရားတော်ကို လိုက်နာကျင့်ဆောင်ကြစေခြင်းငှာလည်းကောင်း၊ ဓမ္မတရားတော်ကို ဟောပြောစေခြင်း၊ ကြားနာစေခြင်း ပြုတော်မူလေပြီ။ ဤသို့ ဓမ္မတရားတော် တိုးတက်ပွားများခြင်း၊ ဓမ္မတရားတော်ကို လိုက်နာကျင့်ဆောင်ခြင်းသည် ဤလောကဌ် တိုးတက် ကြီးပွားလာပေလတ္တံ့။

မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူပြန်၏။

ငါပြုတော်မူသော ကောင်းမှုကုသိုလ်ဟူသမျှတို့ကို ဤကမ္ဘာလောကတွင် လူတို့သည် တုယူလိုက်နာဆောင်ရွက်ကြလေပြီ။ နောင်ကို လည်း လိုက်နာဆောင်ရွက်ကြပေလတ္တံ့။ ဤသို့ လိုက်နာဆောင်ရွက် ခြင်းဖြင့်လည်း မိဘတို့၏ စကားကို နားထောင်ခြင်း၊ ဆရာသမားတို့၏ ဆိုဆုံးမကိုနာယူခြင်း၊ လူကြီးသူမတို့၏ ခြေရာကို လိုက်ခြင်း၊ ရဟန်း ပုဏ္ဏားတို့နှင့်တကွ ဆင်းရဲ နွမ်းပါးသူ ကျေးကျွန်အစေခံတို့အား ကောင်းစွာပြုမူခြင်း စသည်တို့သည် တိုးတက်ပွားများခဲ့လေပြီ။ နောင်ကိုလည်း တိုးတက်ပွားများပေလတ္တံ့။

မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူပြန်၏။

လူတို့သည် ဓမ္မတရားတော်နှင့်အညီ နှစ်ခြိုက်နှစ်လိုအား

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဤသို့ ကြီးပွားလာကြကုန်၏။ ထိုနည်းလမ်းတို့ကား ဓမ္မတရားတော်ကို ကာကွယ်ခြင်းလည်းကောင်း၊ ဓမ္မတရားတော်ကို တိုက်တွန်းနှိုးဆော်ခြင်း လည်းကောင်း၊ ဖြစ်ပေသည်။ ဓမ္မတရားတော်ကို ကာကွယ်ခြင်းအားဖြင့် နည်းပါးသော အကျိုးသာရှိ၍ ကြီးစွာသော အကျိုးမှာကား တိုက်တွန်းနှိုးဆော်ခြင်းအားဖြင့် ဖြစ်စေနိုင်လေသည်။ ဓမ္မတရားတော် ကာကွယ် ချက်တို့ကား ပြုလုပ်ထားသည်မှာ မည်သည် မည်သို့သော သတ္တဝါတို့အား မသတ်ဖြတ်ရ။ ကင်းလွတ်ချမ်းသာစေရမည်ဆိုခဲ့သော ကာကွယ် ချက်နှင့်တကွ အခြားများစွာသော ကာကွယ်ချက်တို့ ဖြစ်ကုန်၏။ သို့သော် ဓမ္မတရားတော်ကို တိုက်တွန်းနှိုးဆော်ခြင်းတည်း ဟူသော ခပ်သိမ်းသော သတ္တဝါတို့အား ထိခိုက်နာကျင်ခြင်း မရှိစေရန်လည်းကောင်း၊ ခပ်သိမ်းသော သက်ရှိသတ္တဝါတို့၏ အသက်ကို သတ်ဖြတ်ခြင်းမရှိစေရန်လည်းကောင်း၊ တိုက်တွန်းနှိုးဆော်ခြင်းဖြင့် ဓမ္မတရားတော် ကို လူတို့အထဲ၌ တိုးတက်ကြီးပွားခြင်းဖြစ်စေလေပြီ။

သို့ကြောင့် ဤဓမ္မတရားတော်ကို ဤကမ္ဘာလောက၌ [illegible] တည်ရှိသရွေ့ ကာလပတ်လုံး ငါ၏ သားတော်အစဉ် [illegible]တော် အဆက်၊ မြစ်တော်အညွန့်တို့သည် အဆက်ဆက် [illegible]စေခြင်း ငှာလည်းကောင်း ဤသို့ တည်ရှိကြပြီးသော ငါ၏ [illegible]အတိုင်းလိုက် နာကြစေခြင်းငှာလည်းကောင်း၊ [illegible]ရေးသိုးတော်မူ၏။ ဆိုခဲ့သည့်အတိုင်း လိုက်နာခြင်းဖြင့်လည်း [illegible]ပစ္စုပ္ပန်ဘဝနှင့် နောင်တမလွန်ဘဝပါ ကောင်းကျိုးချမ်းသာကို

www.burmeseclassic.com

www.burmeseclassic.com



ရှိကြပေလိမ့်သတည်း။ ဤဓမ္မတရားတော် ကျောက်စာတို အဘိသိက်ခံ၍ ၂၇ နှစ်မြောက်သောအခါ ရေးထိုးစေတော်မူလေ သည်။

ဤအရေးနှင့်စပ်၍ မင်းတရားကြီးသည် ဤဓမ္မတရားတော် ကျောက်စာတို့ကို ကျောက်တိုင် ကျောက်တုံးတွေ့ရှိသမျှတို့တွင် အဓွန့် ရှည်ကြာ မြဲမြံတည်ရှိစေခြင်းငှာ ရေးထိုးစေဟု အမိန့်တော်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကျောက်တိုင်အငယ်လေးလုံး
## သာရနာထကျောက်တိုင်ငယ်
## အမှတ် (၁)

ဒေဝါနံပိယမည်သော မင်းတရားကြီးသည် ဤသို့ အမိန့်တော်ရှိ၏။

ပါဋလိပုတ်နေပြည်တော်ရှိ ရဟန်းသံဃာတော်တို့အား မည်သူမျှ သင်းခွဲခြင်းမပြုစေရ၊ အကယ်၍ သင်းခွဲခဲ့လျှင် ရဟန်းဖြစ်စေ၊ ဘိက္ခုနီမဖြစ်စေ၊ အဝတ်ဖြူလဲစေပြီးသော် ရဟန်းတို့နေရာ မဟုတ်သော နေရာတွင်နေထိုင်စေရမည်။

ဤအမိန့်တော်ကို ရဟန်းတော်တို့နှင့် ဘိက္ခုနီမတို့ ကြားသိအောင် ပြန်ကြားကြစေ။

မင်းတရားကြီးသည် ဤသို့မိန့်ဆိုတော်မူပြန်၏။

ဤအမိန့်တော် မိတ္တူ ကျောက်စာတစ်ခုကို ကျောင်းသင်ခန်း၌ ထား၍ အခြားမိတ္တူကျောက်စာတစ်ခုကို ဥပါသကာတို့မြင်သာသည့် နေရာတွင်ထားစေ။

ဥပါသကာတို့သည် ဤအမိန့်တော်ကျောက်စာကို ကြားသိခြင်းငှာ ဥပုသ်သီတင်းနေ့တိုင်း လာရောက်ကြစေ၊ အမတ်တို့လည်း ဥပုသ်သီတင်းနေ့တိုင်း အလှည့်ကျလာရောက်ကြစေ။

ထိုမှတစ်ပါး အမတ်တို့သည် မိမိတို့ နယ်အတွင်း ဤအမိန့်တော်ကို ဆောင်ယူ၍ နယ်လှည့်ထွက်ကြစေ။

ထို့အတူ မြို့ရွာနယ်ပယ်တို့ရှိ လက်အောက်အရာရှိတို့အား

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရာဆိုင်ရာနယ်အတွင်း ဤအမိန့်တော်ကို ဆောင်ယူ၍ နယ်လှည့်ထွက်ကြစေကုန်။

## ကောသမ္ဗီကျောက်တိုင်ငယ်

## အမှတ် (၂)

ဒေဝါနံပိယမည်သော မင်းတရားကြီးသည် ဤသို့အမိန့်တော်ရှိ၏။

ကောသမ္ဗီမြို့ရှိ အမတ်တို့သည် ............................................ ............................ တစ်ဖွဲ့တစ်စည်းတည်းဖြစ်စေလေပြီ။ ............................................................ သံဃာတော်အဖွဲ့တွင် လက်ခံခြင်းမရှိစေရ။

သံဃာတော်တို့အား သင်းခွဲသူ မည်သူမဆို ရဟန်းဖြစ်စေ၊ ဘိက္ခုနီမဖြစ်စေ၊ အဝတ်ဖြူလဲစေ၍ ရဟန်းတို့နေရာမဟုတ်သော နေရာတွင် နေထိုင်စေရမည်။

(ဤကျောက်စာမှာ အချို့သောနေရာတို့၌ ပျက်နေသည်)

## သာဉ္စီကျောက်တိုင်ငယ်

## အမှတ် (၃)

............................ ............................

............................ ............................သင်းခွဲခြင်းမပြုစေရ။

www.burmeseclassic.com

www.burmeseclassic.com



ရေးသူ- ဒေါက်တာဂျိန်းမက္ကဖီး M.A,M.D
လန်ဒန်မြို့ အော့စဖို့ယူနီဗာစီတီစာပုံနှိပ်တိုက်မှ .........
နှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။
အဖိုးငွေ - တစ်ကျပ်ရှစ်ပဲ

၄။ အသောက
The Carmichael Lectures, 1923
ရေးသူ- ပရော်ဖက်ဆာဘန်ဒါကား M.A.Ph.D
ကာလကတ္တားမြို့ တက္ကသိုလ် ကျောင်းကြီး၏ ရှေးဟောင်း
အိန္ဒိယရာဇဝင်ဆိုင်ရာ ပါမောက္ခဆရာကြီး ကာလကတ္တားမြို့
တက္ကသိုလ် ကျောင်းကြီးမှ ၁၉၃၂ခုနှစ်တွင်
ပုံနှိပ်ထုတ်ဝေသည်။

၅။ အသောက
Gaekwed Lectures.
ရေးသူ- ပရော်ဖက်ဆာမူကာဂျီ M.A.Ph.D
သက္ကနောင်မြို့ တက္ကသိုလ်ကျောင်းကြီး၏ အိန္ဒိယနိုင်ငံ
ရာဇဝင်ဆိုင်ရာ ပါမောက္ခဆရာကြီး လန်ဒန်မြို့
မက္ကမီလင် ကုမ္ပဏီမှ ၁၉၂၈ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။
အဖိုးငွေ ၂၁ သျှီလိန်

၆။ ရှေးဟောင်းအိန္ဒိယရာဇဝင်
A Peep into the Early History of India
ရေးသူ- ဆာအာဂျီဘန်ဒါကား M.A.Ph.D. K.C.I.E

www.burmeseclassic.com

www.burmeseclassic.com



ဘုံဘိုင်မြို့ တာရာပိုဗာလာကုမ္ပဏီမှ ၁၉၂၀ပြည့်နှစ်တွင်
ပုံနှိပ်ထုတ်ဝေသည်။
အဖိုးငွေ ၂ ကျပ်

အဆိုပါ စာအုပ်များမှာ ဥရောပ ပညာရှိတို့နှင့် အိန္ဒိယပညာရှိတို့က အသောကကျောက်စာကို နှစ်ပေါင်းများစွာ လေ့လာဆည်းပူးပြီးသည့်နောက်မှ ရေးသားကြသော စာအုပ်များဖြစ်၏။ ပရော်ဖက်ဆာဘန်အတားမှာ နှစ်ပေါင်း ၂၅နှစ်ကျော်တိုင်တိုင် လေ့လာဆည်းပူးခဲ့ကြောင်းနှင့် ဖော်ပြပါရှိလေသည်။

ပြီး

www.burmeseclassic.com

www.burmeseclassic.com



ရဟန်း၊ ဘိက္ခုနီမတို့ ပါဝင်ကြကုန်သော သံဃာအဖွဲ့သည် တစ်ဖွဲ့တည်း၊ တစ်စည်းတည်း ဖြစ်စေလေပြီ။ ငါ၏ သားတော်အစဉ် မြေးတော်အဆက်၊ မြစ်တော်အညွန့်တို့သည် ဂနန္တလ တည်ရှိသရွေ့ ကာလပတ်လုံး အဆက်ဆက်တည်ရှိကြဖြီးသော် ထိုသံဃာတော်အဖွဲ့ကို တစ်ဖွဲ့တည်း၊ တစ်စည်းတည်းဖြစ်အောင် စောင့်ရှောက်ကြစေကုန်။

သံဃာတော်တို့အား သင်းခွဲသူ မည်သူမဆို ရဟန်းဖြစ်စေ၊ ဘိက္ခုနီဖြစ်စေ၊ အဝတ်ဖြူလဲစေ၍ ရဟန်းတို့ နေရာမဟုတ်သော နေရာတွင် နေပိုင်စေရမည်။

ငါ၏အလိုဆန္ဒသည်ကား သံဃာတော်အဖွဲ့သည် တစ်ဖွဲ့တည်း တစ်စည်းတည်းဖြင့် အခွန်ရှည်ကြာ မြဲမြဲစွာ တည်ရှိစေရန် ဖြစ်ပေသတည်း။

(ကျောက်စာမှာ အချို့သောနေရာတို့၌ ပျက်နေသည်)

## မိဖုရားကြီးကျောက်တိုင်

## အမှတ် (၄)

ဒေဝါနံပိယမည်သော မင်းတရားကြီး၏ အမိန့်တော်မြတ် အတိုင်း အရပ်ဒေသရှိရှိသမျှ အမတ်တို့အား ကြားသိစေအပ်ပေသည်။

ငါ၏ ဒုတိယမြောက် မိဖုရားကြီး ပြုတော်မူသမျှ အလှူဒါနတို့သည် သရက်ခြံဖြစ်စေ၊ သရက်ဥယျာဉ်ဖြစ်စေ၊ သို့မဟုတ် အလှူတင်းကုပ်ဖြစ်စေ သို့မဟုတ် အခြားမည်သည့်အလှူဒါနမဆို ထိုမိဖုရားကြီး၏ အမည်တော်ဖြင့် စာရင်းသွင်း၍ ရေးတင်မှတ်သားခြင်းပြုကြစေ၊

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကား တိဝံရမင်းသားဖြစ် မလ်တော် တာရုပ္ပတီချုပ်သော ငါ၏ ဒုတိယမြောက်မိဖုရားကြီး၏ အလိုတော်ပေသည်။

## အထိမ်းအမှတ်ကျောက်တိုင်ငါးလုံး
## ရုမ်မိန္ဒေဝီကျောက်တိုင်
## အမှတ် (၁)

ဒေဝါနံပိယမည်သော မင်းတရားကြီးသည် အဘိသိက်ခံ၍ အနှစ် ၂၀မြောက်သောအခါ ဗုဒ္ဓသကျမုနိဖွားတော်မူသော ဤနေရာသို့ ကိုယ်တိုင်ကြွရောက်ပူဇော်တော်မူလေသည်။

ဤနေရာတွင် ဘုရားရှင်ကို ဖွားမြင်တော်မူသည်ဟု ပြသရန် အလို့ငှာလည်း သိန္ဓောမြင်းရုပ်ထုလုပ်၍ ကျောက်တိုင်စိုက်ထူစေတော်မူ၏။

လုမ္ဗိနီဟုခေါ်တွင်သော ဤကျေးရွာကိုလည်း ဘုရားရှင် ဖွားမြင်တော်မူရာဖြစ်သောကြောင့် ဘာသာရေးဆိုင်ရာ ခိုင်ကြေးတို့မှ လွတ်ကင်းစေ၍ ရှစ်ပုံတပုံသော မြေခွန်ကိုသာလျှင် ထမ်းဆောင်စေလေသည်။

## နိဂလိဝကျောက်တိုင်၏
## အမှတ် (၂)

ဒေဝါနံပိယမည်သော မင်းတရားကြီးသည် အဘိသိက်ခံ၍ ၁၄နှစ်မြောက်သောအခါ ကောဏာဂုံဘုရားရှင်၏ စေတီတော်ကို မူလ

www.burmeseclassic.com



ရှိရင်း ပမာဏထက် နှစ်ဆတိုးချဲ၍ ထပ်တည်တော်မူလေသည်။

အဘိသိက်ခံ၍ အနှစ် ၂၀ မြောက်သောအခါ ဤနေရာသို့ ကိုယ်တိုင်ကြွရောက်ဖူးမြော်လျက် ကမ္ပည်းကျောက်တိုင်ကို စိုက်ထူစေတော်မူ၏။

ဇရာဗာရတောင် လိုဏ်ဂူကျောက်စာ

နိဂြောဓလိုဏ်ဂူ

အမှတ် (၃)

ဒေဝါနံပိယမည်သော မင်းတရားကြီးသည် အဘိသိက်ခံ၍ ၁၂နှစ်မြောက်သောအခါ ဤနိဂြောဓလိုဏ်ဂူကို အာဇီဝက ရဟန်းတို့အား လှူဒါန်းတော်မူလေသည်။

ခလတိကတောင်လိုဏ်ဂူ

အမှတ် (၄)

ဒေဝါနံပိယမည်သော မင်းတရားကြီးသည် အဘိသိက်ခံ၍ ၁၂နှစ်မြောက်သောအခါ ဤခလတိကတောင်ရှိ လိုဏ်ဂူကို အာဇီဝက ရဟန်းတို့အား လှူဒါန်းတော်မူလေသည်။

ခလတိကတောင်လိုဏ်ဂူ

အမှတ် (၅)

ဒေဝါနံပိယမည်သော မင်းတရားကြီးသည် အဘိသိက်ခံ၍ ၁၉နှစ်မြောက်သောအခါ နှလုံးမွေ့လျော်ဖွယ်ကောင်းသော

www.burmeseclassic.com

www.burmeseclassic.com



ဤခလတိက တောင်ရှိ လိုဏ်ဂူကို အာဇီဝက ရဟန်းတို့အား မိုးဥတုအခါ ခိုလှုံရန် အလို့ငှာ လှူဒါန်းတော်မူလေသည်။

## အကိုးအကားစာအုပ်များ
## BIBLIOGRAPHY


၁။ အသောကကျောက်စာ
Inscriptions of Asoka
ရေးသူ- ဒေါက်တာ တားဇက် Ph.D
အိန္ဒိယနိုင်ငံအစိုးရတို့အတွက် အောက်စဖို့မြို့
ကလာရင်ဒန်စာပုံနှိပ်တိုက်မှ ၁၉၂၅ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။
အဖိုးငွေ - ၈၀ ကျပ်

၂။ အသောက
Asoka, The Buddhist Emperor of India.
(The Rulers of India Series)
ရေးသူ- ဒေါက်တာဗင်ဆင့်စမစ် M.A.D.Litt.
အောက်စဖို့မြို့ ကလာရင်ဒန်စာပုံနှိပ်တိုက်မှ ၁၉၀၉ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။
အဖိုးငွေ ၄ သျှီလင်

၃။ အသောက
(The Heritage of India Series)


www.burmeseclassic.com